# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၈၄)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်၊ တနင်္လာနေ့။


**ဒို့တာဝန်အရေး (၃) ပါး**

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်ပါသည်။

ယခုအားကစားပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင် မြန်မာအားကစားမောင်မယ်များသည် လေ့ခွက်ချည်းကျန် အလံမလှဲသောစိတ်ဓာတ်ကို ရင်ဝယ်ပိုက်လျက် ကြိုးစားယှဉ်ပြိုင်ခဲ့သည့်အတွက် ရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၆၂ ခု၊ ကြေးတံဆိပ် ၈၅ ခု စုစုပေါင်း ဆုတံဆိပ် ၂၃၃ ခု ရရှိပြီး နိုင်ငံအလိုက် ဒုတိယအဆင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။

ထို့အတူ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကာလအတွင်းတွင် မြန်မာတိုင်းရင်းသားများ၏ ယဉ်ကျေးသိမ်မွေ့မှု၊ ဖော်ရွေမှု၊ ကူညီစောင့်ရှောက်မှု၊ ကိုယ်ကျင့်တရားမြင့်မားမှုများကို လည်းကောင်း၊ မြန်မာအားကစားသမားများ၏ စိတ်ဓာတ်၊ စွမ်းရည်၊ သန့်ရှင်းစွာယှဉ်ပြိုင်မှု၊ ရဲစွမ်းသတ္တိရှိမှုတို့ကိုလည်းကောင်း ပြသနိုင်ခဲ့ပါသည်။ ထိုကဲ့သို့ စွမ်းဆောင်နိုင်မှုအားလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပုံရိပ်ကို ကမ္ဘာ့အလယ်တွင် မြှင့်တင်နိုင်ခဲ့ခြင်းလည်းဖြစ်ပါသည်။

ယခုကဲ့သို့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းသည် မြန်မာတိုင်းရင်းသားအားလုံး၏အောင်ပွဲဖြစ်ပြီး ထိုအောင်ပွဲကို ပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်များနှင့် ရယူပေးခဲ့ခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ အမျိုးသားရေးတာဝန်တစ်ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းအတွက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယကနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ ဆပ်ကော်မတီများ၊ မြန်မာ့ဂုဏ်ဆောင်အားကစားမောင်မယ်များ၊ အားကစားအဖွဲ့ချုပ်များ၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများတွင် ပါဝင်ဖျော်ဖြေခဲ့ကြသော မောင်မယ်များ၊ ဆက်သွယ်ဆက်ဆံရေးအရာရှိများ၊ စေတနာ့ဝန်ထမ်းများ၊ လုပ်အားပေးလူငယ်များ၊ အထောက်အကူပြုအဖွဲ့များ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိစစ်သည်များ၊ ဂီတအနုပညာရှင်များအားလည်းကောင်း၊ ယဉ်ကျေးတက်ကြွမှုတစ္စာ အားပေးခဲ့ကြသော ပြည်သူများအားလည်းကောင်း၊ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အရှေ့တောင်အာရှနိုင်ငံများမှ အားကစားအဖွဲ့ဝင်များအားလည်းကောင်း လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုအပ်ပါသည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဆီးဂိမ်းအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား တက်ရောက်အားပေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ယနေ့သည် မြန်မာနိုင်ငံက (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောနေ့တစ်နေ့ဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံအလိုက် နိုင်ငံ့ဂုဏ်ဆောင်ဆုများ ရယူနိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဖွယ်ကောင်းသည့် နေ့တစ်နေ့လည်းဖြစ်သည်။



ယခု ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၃၃ နည်း ထည့်သွင်းကျင်းပခဲ့ပြီး ထိုင်းနိုင်ငံက ရွှေတံဆိပ် ၁၀၇ ခု၊ ငွေတံဆိပ် ၉၄ ခုနှင့် ကြေးတံဆိပ် ၈၁ ခု ရရှိကာ ပထမရရှိခဲ့သည်။

အလားတူ မြန်မာနိုင်ငံက ရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၆၂ ခုနှင့် ကြေးတံဆိပ် ၈၅ ခုရရှိကာ ဒုတိယရရှိခဲ့ပြီး ဗီယက်နမ်နိုင်ငံက ရွှေတံဆိပ် ၇၃ ခု၊ ငွေတံဆိပ် ၈၆ ခုနှင့် ကြေးတံဆိပ် ၈၆ ခုရရှိကာ တတိယရရှိခဲ့သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲပိတ်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ ယနေ့ညနေပိုင်းက အစီအစဉ် ၁၉ ခုဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

*ကျော်ဖုန်းသို့*



**တက်ရောက်အားပေးချီးမြှင့်**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးတို့ ဆီးဂိမ်းအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား တက်ရောက်အားပေးချီးမြှင့်စဉ်။

(သတင်းစဉ်)

ဆီးဂိမ်းမှတ်တမ်းပုံများနှင့်ကြော်ငြာ



# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ တက်ရောက်အားပေးကြသည့် ပရိသတ်ပြည်သူများကို တွေ့ရစဉ်။

ဓာတ်ပုံ
ကျော်သူဝင်း(မြန်မာ့အလင်း)

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား ကျင်းပရာ မီးရှူးမီးပန်းများအလှ ပစ်ဖောက်မှုကို တွေ့ရစဉ်။

ဓာတ်ပုံ- သတင်းစဉ်





(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတွင် တိုင်းရင်းသားစည်းလုံးချစ်ကြည်မှုကို ဖော်ပြသည့်ပြကွက်ဖြင့် တေးသံရှင်များက ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။

ဓာတ်ပုံ- ကျော်သူဝင်း(မြန်မာ့အလင်း)

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့် နိုင်ငံတော်အစိုးရအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ် ခမ်းနားထည်ဝါ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့် မြန်မာအားကစားအသင်းများ၏ နိုင်ငံ့ဂုဏ်ဆောင် အောင်မြင်မှုများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

နိုင်ငံတကာသတင်း

# ဂျပန်နှင့်ပြင်သစ် ၂+၂ ဇန်နဝါရီလတွင် တွေ့ဆုံမည်

**တိုကျို ဒီဇင်ဘာ ၂၂**

ဂျပန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့ရှိ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးများသည် သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းနှင့် ကာကွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုတွင် ပူးပေါင်းရေး လာမည့် ဇန်နဝါရီလထဲတွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ၂ +၂ တွေ့ဆုံပွဲသည် နှစ်နိုင်ငံအကြား ယင်းကဲ့သို့ ၂+၂ တွေ့ဆုံမှု၏ ပထမဆုံးအကြိမ်ဖြစ်ပြီး ဇန်နဝါရီ ၉ ရက်တွင် တွေ့ဆုံကြမည်ဖြစ်သည်။

စစ်တပ်များအတွက် အသုံးပြုနိုင်သော ပစ္စည်းများအား ပြင်သစ်က ပြည်ပတင်ပို့ပါက ယင်းသတင်းအချက်အလက်အကြောင်း အသိပေးရေး ပြင်သစ်နှင့် ဆွေးနွေးရန် ဂျပန်နိုင်ငံအနေဖြင့် မျှော်လင့်ထားသည်။

ပြီးခဲ့သည့်နှစ်က ပြင်သစ်ကုမ္ပဏီတစ်ခုက သင်္ဘောများပေါ် ရဟတ်ယာဉ်များ ဆင်းသက်ရာတွင် အထောက်အကူပြုသည့် ပစ္စည်းကို တရုတ်နိုင်ငံသို့ ရောင်းချခဲ့သည်။ ထိုအခါ ဂျပန်နိုင်ငံက ပြင်သစ်၏ ပြည်ပပို့အချို့ ပစ္စည်းများသည် လုံခြုံရေးခြိမ်းခြောက်မှု ရှိနိုင်ကြောင်း စိုးရိမ်ပူပန်ခဲ့ရသည်။ ထို့ကြောင့် ဂျပန်နိုင်ငံတာဝန်ရှိသူများက ပြင်သစ်နိုင်ငံနှင့် ကာကွယ်ရေးဆိုင်ရာ ဖွံ့ဖြိုးမှု ပူးပေါင်းရေး မြှင့်တင်ရန် သဘောတူညီမှုရရေး မျှော်လင့်ထားကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)



ယခင်နှစ် ဖွန်လက ပထမဆုံးပြုလုပ်ခဲ့သော အိန္ဒိယ-ဂျပန် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို တွေ့ရစဉ်။

# အိန္ဒိယသမုဒ္ဒရာ၌ ဂျပန်နှင့်အိန္ဒိယ ပထမအကြိမ် စစ်ရေးလေ့ကျင့်

**နယူးဒေလီ ဒီဇင်ဘာ ၂၂**

ဂျပန်ပင်လယ် ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့နှင့် အိန္ဒိယရေတပ်တို့သည် အိန္ဒိယနိုင်ငံတောင်ပိုင်း ချင်းနိုင်းကမ်းလွန် အိန္ဒိယသမုဒ္ဒရာတွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ခုကို ဒီဇင်ဘာ ၂၂ ရက်တွင် ပြုလုပ်ခဲ့ကြသည်။

ယခုစစ်ရေး လေ့ကျင့်မှုသည် ယခင်နှစ်ဖွန်လကတည်းက ပြုလုပ်ခဲ့သော စစ်ရေးလေ့ကျင့်မှု၏ ဒုတိယအကြိမ်လေ့ကျင့်မှုဖြစ်ပြီး အိန္ဒိယတွင်လေ့ကျင့်မှုမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

စစ်ရေးလေ့ကျင့်မှုသည်ပင်လယ်ရေကြောင်းလမ်းများ လုံခြုံရေးနှင့် ပင်လယ်ဓားပြ စစ်ဆင်ရေး စွမ်းရည်တိုးမြင့်လာစေရေးအတွက် အဓိကထားလုပ်ဆောင်ခြင်း ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဇန်နဝါရီလကုန်ပိုင်းတွင် အိန္ဒိယသို့တရားဝင်ခရီး သွားရောက်ရန်ရှိစဉ်အတွင်း စစ်ရေးလေ့ကျင့်မှု၏ ရည်ရွယ်ချက်တစ်ခုအဖြစ် ဒေသတွင်းရေပိုင်နက်များတွင် တရုတ်နိုင်ငံ၏ကြီးထွားလာသော အင်အားကိုစောင့်ကြည့်ခြင်းလည်း ဖြစ်သည်။

လေ့ကျင့်မှုတွင် ဂျပန်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့မှ ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘောနှစ်စင်း၊ အိန္ဒိယရေတပ်မှ ထောက်လှမ်းရေး ဖရီးဂိတ်တစ်စင်း၊ ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘောတစ်စင်းနှင့် ဒုံးကျည်တပ်အမြန်ယာဉ်တစ်စင်းတို့ ပါဝင်ခဲ့ကြသည်။ ဂျပန်တပ်မတော်၏ ယခင်နှစ်စစ်ရေးလေ့ကျင့်မှုနှင့် နှိုင်းယှဉ်ပါက ယခုလေ့ကျင့်မှုသည် ရေငုပ်သင်္ဘောတိုက်ခိုက်ရေးနှင့် ရင်ဆိုင်တိုက်ခိုက်ရေးများတွင် ပိုမိုပူးပေါင်းဆောင်ရွက်မှု ရရှိခဲ့သည်။

အာဘေးသည် လာမည့်ချစ်ကြည်ရေးခရီးစဉ်တွင် နှစ်နိုင်ငံချစ်ကြည်ရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေးကဏ္ဍတွင် ပိုမိုရင်းနှီးမှုရရှိစေရန် မျှော်လင့်ထားသည်။

(ကျိုဒို)

# တောင်ဆူဒန်နိုင်ငံအရေး နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာရန် ဘန်ကီမွန်းတိုက်တွန်း

**ဝါရှင်တန် ဒီဇင်ဘာ ၂၂**

တောင်ဆူဒန်နိုင်ငံ၏ ဒုတိယသမ္မတဟောင်း ရီးယက်မက်ချာက သူပုန်များကို ဖမ်းဆီးနိုင်ခဲ့ပြီး ရေနံအဓိက ထုတ်လုပ်ရာနေရာ ယူနတီပြည်နယ်နှင့် နေရာတော်တော်များများကို ထိန်းချုပ်နိုင်ခဲ့ပြီဟု ပြောကြားကြောင်း ဘီဘီစီသတင်းတွင် ဒီဇင်ဘာ ၂၂ ရက်က ဖော်ပြထားသည်။

အစိုးရအား တိုက်ခိုက်လျက်ရှိသော လက်နက်ကိုင်တပ်ဖွဲ့များသည် ၎င်း၏ ကွပ်ကဲမှုအောက်တွင် ရှိနေပြီဖြစ်ကြောင်း မစ္စတာ မက်ချာက ဘီဘီစီသို့ အတည်ပြုပြောကြားခဲ့သည်။

တောင်ဆူဒန်နိုင်ငံသည် လွန်ခဲ့သော သီတင်းပတ်က သမ္မတ ဆာဗီကီယာက မစ္စတာ မက်ချာအား အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည်ဟု စွပ်စွဲပြီးကတည်းကပင် ကသောင်းကနင်းဖြစ်နေခဲ့ခြင်းဖြစ်သည်။ ယင်းသည် ပြည်တွင်း စစ်ပွဲဖြစ်ပွားနေခြင်းနှင့် များစွာဆင်တူလျက်ရှိသည်။

မကြာသေးမီက အစိုးရအား ဆန့်ကျင်တိုက်ခိုက်မှုများဖြစ်ပေါ်ပြီး ပြန်လည်ချေမှုန်းရာမှ မြို့တော်ဂျူဘာ၌ အနည်းဆုံး လူ ၅၀၀ ခန့်သေဆုံးခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အဆိုပါ ပဋိပက္ခကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာကြရန် တိုက်တွန်းပြောကြားလိုက်သည်။

နိုင်ငံရေး၊ တပ်မတော်နှင့် အမြဲတမ်းမဟုတ်သော ယာယီခေါင်းဆောင်များအား ရန်လိုမှုများနှင့် အရပ်သားများအပေါ် ထိခိုက်စေမည့် အကြမ်းဖက်မှုများအား အဆုံးသတ်ကြရန် တောင်းဆိုလိုက်သည်။

(ဘီဘီစီ)

# ထိုင်းအိမ်စောင့်အစိုးရ ဝန်ကြီးချုပ်က ရွေးကောက်ပွဲအပြီး ပြုပြင်ပြောင်းလဲရေး ကောင်စီဖွဲ့ရန်ကမ်းလှမ်း

**ဗန်ကောက် ဒီဇင်ဘာ ၂၂**

ထိုင်းအိမ်စောင့်အစိုးရ ဝန်ကြီးချုပ် ရင်လပ်ရှင်နာဝပ်က ဖေဖော်ဝါရီ ၂ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲပြီးနောက် အမျိုးသားပြုပြင်ပြောင်းလဲရေးကောင်စီကို ချက်ချင်းဖွဲ့စည်းရန် ဒီဇင်ဘာ ၂၂ ရက်က ကမ်းလှမ်းလိုက်သည်။

ပါလီမန်အတွက် ရွေးကောက်ပွဲကျင်းပပြီးနောက် အဆိုပါပြုပြင်ပြောင်းလဲရေးကောင်စီကို ချက်ချင်းဖွဲ့စည်းရန်အတွက် ရွေးကောက်ပွဲဝင်ပါတီအားလုံးက ပူးတွဲကြေညာချက်ထုတ်ပြန်ကြရန် ၎င်းက အကြံပြုလိုက်သည်။

ကောင်စီတွင် ပါတီကိုယ်စားလှယ်များ၊ ပါမောက္ခချုပ်များ၊ သင်ကြားရေးဆိုင်ရာ ပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အစိုးရအရာရှိများ ပါဝင်သင့်ပြီး ပြုပြင်ပြောင်းလဲရေးကို နှစ်နှစ်တာ ပြုလုပ်သင့်ကြောင်းနှင့် အမျိုးသားရေးအစီအစဉ်တစ်ခုအဖြစ် ရှုမြင်သင့်ကြောင်း ရင်လပ်က ကြေညာခဲ့သည်။

ပါလီမန်ပြန်ခေါ်ပြီး အစိုးရအဖွဲ့ဖွဲ့စည်းပြီးနောက် အဆိုပါကောင်စီကို ဖွဲ့စည်းရန်အတွက် ပူးတွဲကြေညာချက်ကို ရွေးကောက်ပွဲတွင် ပါဝင်ခဲ့သော ပါတီများနှင့် အခြားကဏ္ဍများမှ အဖွဲ့များက ကြေညာခဲ့ကြောင်းနှင့် ကောင်စီသည် နိုင်ငံရေးကဏ္ဍကို အာရုံစိုက်ပြီး ပြုပြင်ပြောင်းလဲရေးကို ရေရှည်လုပ်သင့်ကြောင်း ၎င်းက ပြောကြားသည်။

(ဆင်ဟွာ)

# အိန္ဒိယပတ်ဝန်းကျင်ရေးရာဝန်ကြီး ရာထူးမှ နုတ်ထွက်



အိန္ဒိယပတ်ဝန်းကျင်ရေးရာ ဝန်ကြီး ဂျာယန်သီနာတာရာဂျန်း

**နယူးဒေလီ ဒီဇင်ဘာ ၂၂**

ခြောက်လတာမျှသာ လိုတော့သည့် အထွေထွေရွေးကောက်ပွဲတွင် အာဏာရကွန်ဂရက်ပါတီအတွက် လုပ်ငန်းများ ဆောင်ရွက်လိုသောကြောင့် အိန္ဒိယပတ်ဝန်းကျင်ရေးရာ ဝန်ကြီး ဂျာယန်သီနာတာရာဂျန်းက ဒီဇင်ဘာ ၂၂ ရက်တွင် ရာထူးမှနုတ်ထွက်လိုက်သည်။မိမိအနေဖြင့် ရာထူးမှနုတ်ထွက်ပြီး ပါတီအတွက် တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်နှင့် သစ်တောရေးရာ ဝန်ကြီးက မီဒီယာများကို ပြောပြခဲ့သည်။

ရက်ရှ်ထရာ ပါတီဘာမန်၏ ကြေညာချက်အရ သမ္မတပရာနက်မူကာဂျီးသည် ဝန်ကြီးချုပ်၏ အကြံပြုချက်နှင့်အညီ ဂျာယန်သီနာတာရာဂျန်း၏ ပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာန နိုင်ငံတော်ဝန်ကြီးအဖြစ်မှ နုတ်ထွက်စာကို လက်ခံခဲ့သည်။ အိန္ဒိယရေနံဝန်ကြီး အမ်ဗီးယားရပ်ပါ မိုင်လီသည် ပတ်ဝန်းကျင်ဝန်ကြီးဌာနတွင် ပူးတွဲတာဝန်ယူမည်ဖြစ်သည်။

(ဆင်ဟွာ)

ထီးဆိုင်ခရီးသွား Travels & Tours Co.,Ltd
01-503925 | 01-527539 | 09-5058894 | Hot Line - 09 421027657

စာအုပ်စာပေ
လူ့မိတ်ဆွေ

GOLDEN STAR
Ph:209200,430480,544383

RUBY
519100
09-51-77212, 535100

ဒေါ်စုစုလင်း (Silver Medalist)
B.A (Eng-UFL), DA, CAT, ACCA (Affiliate)
LCCI, FIA, ACCA & Dip IFR စာရင်းကိုင်သင်တန်းများ
Special
January
09-73059082 | 0950 39256, 0950 91636

INTERNET Journal
တနင်္လာနေ့တိုင်း ထွက်ရှိပါပြီ
3D Colour Printer များနှင့် 3D Colour Scanner များ

ပြည်တွင်းသတင်း

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ



**ရန်ကုန် ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ House of Representative ဥက္ကဋ္ဌ H.E. Mr.Marzuki Alie နှင့်ကမ္ဘောဒီးယားနိုင်ငံ National Assembly ဥက္ကဋ္ဌ H.E.Mr.Samdech Akka Moha Ponhea Chakrei HENG SAMRIN တို့၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။ ပြည်ထောင်စုလွှတ်တော် နာယကနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ သူရဦးအေးမြင့်၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးငွေးမြင့်၊ ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ဦး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းသန်းနှင့်လွှတ်တော်ရုံးမှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီနှင့် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာတို့ ပူးတွဲကြီးမှူး၍ 'ခရစ်တော်မွေးနေ့တော်' အကြိုဆုတောင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

**မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီနှင့် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာတို့ ပူးတွဲကြီးမှူး၍ "ခရစ်တော်မွေးနေ့တော်"အကြို ဆုတောင်းပွဲအခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် စိန့်မေရီကာသီဒြယ်ကျောင်းတော်ကြီး၌ ကျင်းပသည်။**



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်ဦးဆန်းဆင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန် ကက်သလစ်ဂိုဏ်းချုပ် သာသနာ ဂိုဏ်းချုပ်ဆရာတော် ချားလ်(စ်)ဘို၊ မြန်မာနိုင်ငံခရစ်ယာန် အသင်းတော်များကောင်စီ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မော်၊ ပြည်သူ့ဆက်ဆံရေးကော်မတီ သဘာပတိဘုန်းတော်ကြီး ဒေါက်တာပါဆန်း၊ ပြည်သူ့ဆက်ဆံရေးကော်မတီ အကြံပေးပုဂ္ဂိုလ် သိက္ခာတော်ရ ဒေါက်တာဦးသာဒင်နှင့်မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီမှ တာဝန်ရှိသူများ၊ ခရစ်ယာန်ဘာသာဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန် ကက်သလစ်ဂိုဏ်းချုပ် ဆရာတော် ချားလ်(စ်)ဘိုက ကြိုဆိုစကားပြောကြား၍ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌဒေါ်ယဉ်ယဉ်မော်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း**(အောက်ဝဲပုံ)**က နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် ယခုလို ဆုံတွေ့ရသည့်အတွက် ဝမ်းသာပါကြောင်း၊ ဒီမိုကရေစီ အောင်မြင်ရန် ပူးပေါင်းပါဝင်မှု အင်အားတွေလိုအပ်ကြောင်း၊ သံသယများ၊ မယုံကြည်မှုများသည် မလိုလားအပ်သော ကိစ္စများဖြစ်ကြောင်း၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုကို ဖော်ဆောင်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကြားတွင် ဘာသာရေးကို လက်နက်တစ်ခုသဖွယ် အသုံးချမခံရန်လိုကြောင်း၊ မြန်မာနိုင်ငံတွင် ဘာသာပေါင်းစုံသည် နှစ်ပေါင်းများစွာ အတူတကွ ယှဉ်တွဲနေထိုင်ခဲ့ကြကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အပြန်အလှန်နားလည်မှုများရရှိ၍ ခေါင်းဆောင်အသီးသီးတို့သည် ခရစ္စမတ်နေ့တွင် အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်သူ့ဆက်ဆံရေးကော်မတီ သဘာပတိဘုန်းတော်ကြီး ဒေါက်တာပါဆန်းက အထူးဆုတောင်းခြင်း၊ ပြည်သူ့ဆက်ဆံရေးကော်မတီ အကြံပေးပုဂ္ဂိုလ် သိက္ခာတော်ရ ဒေါက်တာဦးသာဒင်က ခရစ္စမတ်ဒေသနာတော်ဟောကြားခြင်း၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရ ဆရာတော်စောရွှေလင်းက ကျေးဇူးတင်စကားပြောကြားခြင်း၊ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် ခရစ်ယာန်ဘာသာဝင်အားလုံး စုပေါင်း၍ ဓမ္မသီချင်းသီဆိုကာ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ ဒုတိယဥက္ကဋ္ဌ ဂိုဏ်းချုပ်ဆရာတော်ကြီး ဒေါက်တာ ဦးဇော်ဝင်းအောင်က ကောင်းချီးမင်္ဂလာပြုလျက် အပြန်အလှန် ခရစ္စမတ်လက်ဆောင်များပေးအပ်ပြီး မိတ်သဟာယ အတူတကွ ညစာသုံးဆောင်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# သံတွဲသီတဂူ မေတ္တာစက္ခုဒါနဆေးရုံ ဖွင့်လှစ်

**သံတွဲ ဒီဇင်ဘာ ၂၂**

သီတဂူဆရာတော်ကြီး၏ မတည်ဦးဆောင်လမ်းညွှန်မှုဖြင့် ငွေကျပ်သိန်း ၈၀၀၀ ခန့် အကုန်အကျခံ တည်ဆောက်ခဲ့သော သံတွဲမြို့ သီတဂူ မေတ္တာစက္ခုဒါနဆေးရုံ ရေစက်ချမင်္ဂလာနှင့်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရခိုင်ပြည်နယ် သံတွဲမြို့ဘိုးဘွားရိပ်သာရှေ့ရှိ အဆိုပါဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ သီတဂူဆရာတော် ဒေါက်တာအရှင် ဉာဏိဿရနှင့် သံတွဲမြို့ပေါ်ရှိ သြဝါဒဆရာတော်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

**လျှောက်ထား**

အခမ်းအနားတွင် သီတဂူမေတ္တာစက္ခုဒါနဆေးရုံ ဖြစ်ပေါ်လာခြင်းနှင့် ပတ်သက်၍ ဆေးရုံဖြစ်မြောက်ရေး ဥက္ကဋ္ဌ ဦးတင်လေးက တင်ပြလျှောက်ထားကာ သံတွဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ အလှူရှင်များက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များက ဆေးရုံငွေပဒေသာပင်အတွက် အလှူငွေများ လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က လက်ခံကြသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးထံမှ ရေစက်ချအနုမောဒနာတရားနာကြားပြီး ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဆေးရုံသစ်ဖွင့်ပွဲကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ သီတဂူအတွင်းရေးမှူးချုပ် ဦးဟန်၊ ဆေးရုံဖြစ်မြောက်ရေး ဥက္ကဋ္ဌ ဦးတင်လေးနှင့် သံတွဲခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေတို့က ဆေးရုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** သီတဂူဆရာတော်ကြီးက ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။



ယနေ့ ဖွင့်လှစ်သော သံတွဲမြို့ သီတဂူမေတ္တာစက္ခုဒါန ဆေးရုံသစ်ကြီးသည် သီတဂူအဖွဲ့၏ ၂၁ ခုမြောက် ဖွင့်လှစ်သော စက္ခုဒါနဆေးရုံဖြစ်ကာ လူမျိုးဘာသာမခွဲခြားဘဲ မျက်စိဝေဒနာရှင်များအား သီတဂူအထူးကုဆရာဝန်ကြီးများအဖွဲ့က အခမဲ့ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**




ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ကျွန်တော်နဲ့ ဈေးကွက်စီးပွားရေးစနစ်

**ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်**

မြန်မာနိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးအကောင်အထည် ဖော်လျက်ရှိတာကို လူတိုင်းသိကြပါတယ်။

စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်တဲ့နေရာမှာ ဈေးကွက် စီးပွားရေးစနစ် ရှင်သန်အောင်ဆောင်ရွက်ဖို့ လိုအပ်တာကို အသိအမှတ်ပြု ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ကို ပီပီပြင်ပြင်ဖြစ်နိုင်ဖို့ နိုင်ငံတော်သမ္မတ ကြီးကိုယ်တိုင် (Level playing field)ဖြစ်ဖို့ လိုအပ်တာကို လမ်းညွှန်ခဲ့ပါ တယ်။ မြေညီကွင်းလို့ ကျွန်တော်သဘောပေါက်မိပါတယ်။

စီးပွားရေးလုပ်တဲ့နေရာမှာ မျက်နှာလိုက်တာမရှိခြင်း၊ သူ့လူကိုယ့်လူ မခွဲခြားခြင်းဆိုတဲ့ အနှစ်သာရကို ရည်ညွှန်းခြင်းဖြစ်တယ်။ မြေညီကွင်းမ ဖြစ်ရင် ယှဉ်ပြိုင်မှုဟာ မမျှတတဲ့ယှဉ်ပြိုင်မှု၊ မတရားတဲ့ ယှဉ်ပြိုင်မှုဖြစ်နိုင် ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ရဲ့ အခြေခံတစ်ခုက(Competition)ယှဉ် ပြိုင်မှုပဲဖြစ်တယ်။ ယှဉ်ပြိုင်မှုကိုလက်ခံနိုင်မှ ဈေးကွက်ဟာ ပီပီပြင်ပြင် ဖြစ်မှာ။

ကျွန်တော်သတိထားမိတာတစ်ခုက အခုမြန်မာ့စီးပွားရေးလောကမှာ ယှဉ်ပြိုင်မှုကို ကြောက်ရွံ့နေကြတယ်။ ယှဉ်ပြိုင်ရင်ရှုံးမှာ ကြောက်ကြတာကို နားလည်သဘောပေါက်ပါတယ်။ ဥပမာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ မြန်မာ ပြည်ကိုလာရောက်ရင်းနှီးမြှုပ်နှံဖို့ စဉ်းစားတဲ့အခါ သူတို့ငွေချေးရင် ပေးရတဲ့ အတိုးနှုန်းက မြန်မာပြည်က အတိုးနှုန်းနဲ့ယှဉ်ရင် အတော်နည်းတယ်။ အတိုးနှုန်းကွာခြားနေတာမို့ ပြည်တွင်းလုပ်ငန်းရှင်တွေအတွက် တစ်ပန်းရှုံး နေတယ်။ အခုလိုအခြေအနေမျိုးမှာ အတိုးနှုန်းကိုပြင်တာမျိုးကိုချည်း မစဉ်းစားဘဲ နိုင်ငံခြားကုမ္ပဏီတွေကို ယှဉ်နိုင်မယ့်အတိုးနှုန်းကို ရယူဖို့ စီစဉ် စဉ်းစားရမှာဖြစ်တယ်။

ယှဉ်ပြိုင်မှုရဲ့ ဆန့်ကျင်ဘက်က လက်ဝါးကြီးအုပ်စနစ် (Monopoly) ဖြစ်တယ်။ ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လုပ်ငန်းတစ်ခုတည်းကသာ ရောင်းချခွင့်ရှိရင် သူကြိုက်တဲ့ဈေးနှုန်းသတ်မှတ်နိုင်တာမို့ စားသုံးသူနစ် နာမှာဖြစ်တယ်။ တစ်ဦးတစ်ယောက်တည်းက ဗိုလ်ကျတဲ့ အခြေအနေမဖြစ် အောင် ပြိုင်ဆိုင်မှုကို အားပေးရမယ်။ ဈေးကွက်ထဲမှာ ယှဉ်ပြိုင်မှုများ လေလေ၊ စီးပွားရေးအရ တိုးတက်မှုရှိလေလေဖြစ်တယ်။

ယှဉ်ပြိုင်မှုကို ရင်မဆိုင်နိုင်တဲ့ လုပ်ငန်းတွေဟာ ပိတ်ပြီးရပ်ဆိုင်းသွား မှာပဲ။ ဒီလိုမဖြစ်အောင် လုပ်ငန်းတွေက ကြိုးစားရမယ်။ အားထုတ်ရမှာ သာ ဖြစ်တယ်။

ယှဉ်ပြိုင်မှုကြောင့် ကုန်ပစ္စည်း၊ ဝန်ဆောင်မှု၊ အရည်အသွေးတွေဟာ ပိုပြီးကောင်းမွန်တိုးတက်လာမယ်။ သူများထက်သာအောင် အမြဲစဉ်းစား အားထုတ်နေရတာမို့ အရည်အချင်းတွေ တက်လာမှာဖြစ်တယ်။

ကျွန်တော်တို့နိုင်ငံဟာ မကြာမီကာလအတွင်း ASEAN စီးပွားရေး အသိုက်အမြုံအဖွဲ့ဝင်နိုင်ငံဖြစ်လာတော့မယ်။ AEC 2015 ကြောင့် ကျန်တဲ့ ကိုးနိုင်ငံက စီးပွားရေးလုပ်ငန်းတွေ မြန်မာပြည်တွင်းကို ဝင်လာကြတော့ မှာ သေချာတယ်။ ဒီလိုအခြေအနေမျိုးမှာ သူတို့နဲ့ယှဉ်ပြိုင်နိုင်ဖို့ ပြင်ဆင် ထားဖို့ အထူးလိုအပ်တယ်။

သူတို့နဲ့ပြိုင်တဲ့အခါ ကိုယ်ကအသာစီးရအောင် အားထုတ်ရမယ်။ သူတို့ ဝင်လာရင် မယှဉ်ပြိုင်နိုင်တာတို့၊ အကာအကွယ်ပေးပါဆိုတာမျိုးကို မစဉ်း စားသင့်ဘူး။ Protectionism ဆိုတဲ့ အကာအကွယ်ပေးတဲ့ အမူအကျင့်ဟာ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို အနှောင့်အယှက်ဖြစ်စေတာကို သဘောပေါက် ရမယ်။

ကျွန်တော်တစ်ခုမှတ်မိသေးတယ်။ ၁၉၉၅ အမေရိကန်နိုင်ငံမှာ တာဝန် ယူတဲ့အချိန်။ သမ္မတ Bill Clinton လက်ထက်။ အမေရိကန်နိုင်ငံ၊ ကနေဒါ နိုင်ငံနဲ့ မက္ကဆီကိုနိုင်ငံ နိုင်ငံသုံးနိုင်ငံပေါင်းပြီး North American Free Trade Aera (NAFTA) ကို အကောင်အထည်ဖော်တဲ့အခါ အမေရိကန် ပြည်ထောင်စုမှာ အကြီးအကျယ် ဆန္ဒထုတ်ဖော်ပွဲတွေဖြစ်ခဲ့တယ်။ လုပ်ငန်း ရှင်တွေက မကျေနပ်သလို အလုပ်သမားတွေကလည်း ကန့်ကွက်ကြတယ်။ NAFTA ကြောင့် လစာနည်းတဲ့ မက္ကဆီကိုက လုပ်သားအများကြီး အမေရိ ကန်နိုင်ငံထဲ ဝင်လာမှာကို စိုးရိမ်ခဲ့ကြတယ်။ နိုင်ငံရေးအရ အခက်အခဲမျိုး စုံနဲ့ ရင်ဆိုင်ခဲ့ကြရတယ်။ အခုတော့ NAFTA နဲ့ပတ်သက်ပြီး ပြောသံ ဆိုသံတွေ မကြားရတော့ဘူး။ ကျွန်တော့်ဆီမှာလည်း AEC 2015 နဲ့အတူ NAFTA ဆိုတာမျိုးကိုလည်း ရင်ဆိုင်ရမှာဖြစ်ပါတယ်။

ဈေးကွက်စီးပွားရေးစနစ်ရဲ့ အခြေခံကဈေးကွက်ဖြစ်တယ်။ ဈေးကွက်ရဲ့ အဓိကဆောင်ရွက်မှုက ဈေးနှုန်းကိုသတ်မှတ်ပေးခြင်းဖြစ်တယ်။ အခုလို သတ်မှတ်တဲ့နေရာမှာလည်း ဘယ်သူ ဘယ်ဝါက ဝင်ရောက်စွက်ဖက်တာမျိုး မဟုတ်ဘဲ စီးပွားရေးပညာရှင်ကြီး Adam Smith ပြောသလို မမြင်ရတဲ့ လက်များ (Invisible hand )က သတ်မှတ်တာပဲဖြစ်တယ်။ မမြင်ရတဲ့ လက်များလို့ပြောတဲ့နေရာမှာ တကယ်တော့ ဝယ်လိုအား(demand)နဲ့ ရောင်းလို အား (Supply)တို့နှစ်ခု လွန်ဆွဲမှုရဲ့ရလဒ်ပဲ ဖြစ်ပါတယ်။ ဒီအခြေအနေ သဘောကို ပထမနှစ်စီးပွားရေးပညာသင်ကြားတဲ့ ကျောင်းသား ကျောင်းသူတိုင်း နားလည်ကြတယ်။

ဝယ်ချင်တဲ့သူတွေကများပြီး ရောင်းတဲ့သူတွေကနည်းရင် ဈေးတက်မှာပဲ။ ဒီလိုပဲ ရောင်းသူတွေများပြီး ဝယ်သူတွေနည်းပြန်ရင်လည်း ဈေးကျမှာပဲ။ ဒါကြောင့် မကြာခဏ ကျွန်တော့်ကို စာနယ်ဇင်းက သတင်းထောက်တွေက ဆရာကြီး ဘာကြောင့် ရန်ကုန်မြို့က မြေဈေး၊ အိမ်ဈေးတွေ တက်နေရတာလဲ။ ဘာကြောင့် ဟိုတယ်အခန်းခတွေ များနေရတာလဲ။ ဒီကိစ္စက ဘာမှခက်ခဲတဲ့ အရာမှ မဟုတ်တာ။ အခြေခံဈေးကွက် နိယာမသဘောသာဖြစ်တယ်။ မြေဈေး၊ ခြံဈေးအဆမတန်ကြီးနေတာက ဝယ်ချင်သူတွေများပြီး ရောင်းဖို့မြေတွေ၊ ခြံတွေ နည်းနေလို့ဖြစ်ပါတယ်။

ဒီမြေဈေး၊ ခြံဈေးတွေကျစေချင်ရင် ရောင်းမယ့်ပမာဏကို တိုးချဲ့ဖို့သာ ဖြစ်တယ်။ မြေတွေ၊ ခြံတွေမရှိလို့မဟုတ်ဘဲ ဒီမြေတွေ၊ ခြံတွေကိုပိုင်တဲ့ နာမည် ပေါက်နေတဲ့သူတွေက ဈေးကြီးတာကိုစောင့်ပြီး လက်ထဲမှာ ထိန်းထားလို့ဖြစ် တယ်။ စက်ရုံဇုန်တွေ မြေကြီးတွေကို ရတဲ့နည်းနဲ့ယူထားပြီး စက်ရုံ၊ အလုပ်ရုံ တွေ မတည်ထောင်၊ လုပ်ငန်းမလုပ်တဲ့မြေကြီးတွေ အများကြီးရှိနေပါတယ်။ ဒီမြေတွေကိုသတ်မှတ်ချိန်တစ်ခုပေးပြီး စက်ရုံ၊ အလုပ်ရုံမလုပ်ရင် ပြန်လည် သိမ်းပိုက်ပြီး အမှန်တကယ်လုပ်မယ့်သူတွေကို လုပ်ခွင့်ပြုရင် မြေဈေး၊ ခြံဈေးတွေ က ကျလာမှာ အမှန်တကယ်ဖြစ်ပါတယ်။ ဟိုတယ်အခန်းခတွေ ကျစေချင်ရင် ဟိုတယ်တွေများများ တည်ဆောက်ဖွင့်လှစ်ခွင့်ပြုရမယ်။ ဟိုတယ်တွေများ လာတာနဲ့အမျှ အခန်းခတွေ ကျလာမှာသာဖြစ်တယ်။

**ဝယ်ချင်တဲ့သူတွေကများပြီး ရောင်းတဲ့သူတွေကနည်းရင် ဈေးတက်မှာပဲ။ ဒီလိုပဲ ရောင်းသူတွေများပြီး ဝယ်သူတွေနည်းပြန်ရင်လည်း ဈေးကျမှာပဲ။ ဒါကြောင့် မကြာခဏ ကျွန်တော့်ကိုစာနယ်ဇင်းက သတင်းထောက်တွေက ဆရာကြီးဘာကြောင့် ရန်ကုန်မြို့က မြေဈေး၊ အိမ်ဈေးတွေတက်နေရတာလဲ။ ဘာကြောင့် ဟိုတယ်အခန်းခတွေ များနေရတာလဲ။ ဒီကိစ္စက ဘာမှခက်ခဲတဲ့အရာမှမဟုတ်တာ။ အခြေခံဈေးကွက်နိယာမသဘောသာဖြစ်တယ်။ မြေဈေး၊ ခြံဈေးအဆမတန်ကြီးနေတာက ဝယ်ချင်သူတွေများပြီးရောင်းဖို့ မြေတွေ၊ ခြံတွေနည်းနေလို့ဖြစ်ပါတယ်။**

ဈေးနှုန်းဟာ ရောင်းလိုအားနဲ့ ဝယ်လိုအားတို့ရဲ့ လွန်ဆွဲမှုသဘောကို လက်မခံရင် လိုအပ်တဲ့အဖြေကို ရနိုင်မှာမဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ ဈေးနှုန်းကို လွှမ်းမိုးလိုတဲ့အတွက် ဈေးကွက်ကို ကိုင်တွယ်ခြယ်လှယ်ချင်တဲ့ စိတ်က စွဲနေတယ်။ အခုလိုဝင်စွက်တဲ့ အလေ့အကျင့်ကို သတိထားပြီး ရှောင်ဖို့ လိုပါတယ်။ တစ်ချိန်တုန်းက ဓာတ်ဆီဈေးတွေကို သတ်မှတ်ခဲ့တာမို့ မှောင်ခို ဈေးကွက်တွေ ပေါ်လာခဲ့တယ်။ ဓာတ်ဆီဈေးကို ဈေးကွက်အရ သတ်မှတ်ခွင့်ပြု လိုက်တဲ့နောက်ပိုင်း မှောင်ခိုဈေးကွက်ဟာ အလိုလိုလျော့သွားတာ လူတိုင်း အသိပဲ ဖြစ်ပါတယ်။

ဈေးကွက်စီးပွားရေးစနစ်ကို အပြည့်အဝ အသုံးချတဲ့နိုင်ငံတွေမှာ မှောင် ခိုဆိုတာ မရှိပါဘူး။ မှောင်ခိုဖြစ်ရတဲ့အကြောင်းက ရှင်းပါတယ်။ တာဝန်ရှိသူ တွေက ဈေးကွက်ကိုမယုံကြည်ဘဲ ဝင်ပြီးစွက်ဖက်ခဲ့ရင် အလိုလိုပေါ်လာမှာ သာဖြစ်တယ်။ ဈေးနှုန်းအတက်အကျကို လွှမ်းမိုးချုပ်ကိုင်လိုက်ရင် တိုက်ရိုက် ဈေးနှုန်းသတ်မှတ်မှု(Price Control)မလုပ်ဘဲ ဈေးကွက်ယန္တရားကို အသုံးပြုပြီး ဝယ်လိုအားနဲ့ရောင်းလိုအားတို့ကို လွှမ်းမိုးနိုင်ဖို့ ကြိုးစားရမှာသာဖြစ်တယ်။ တစ်နည်းပြောရရင် ပိုပြီးရောင်းချင်အောင်၊ ပိုပြီးပေးချင်အောင် မက်လုံးတွေ ပေးရမှာဖြစ်တယ်။ အစိုးရဟာမက်လုံးတွေဖန်တီးပေးနိုင်တဲ့အဖွဲ့အစည်းဖြစ်ရ မယ်။ မက်လုံးတွေနဲ့လူတွေကို ဈေးကွက်ကတစ်ဆင့် ဆွဲဆောင်ရမှာသာ ဖြစ် ပါတယ်။

ဈေးကွက်စီးပွားရေးစနစ်လို့ပြောတဲ့နေရာမှာ အမှန်တော့ နိုင်ငံရေး ဘောဂဗေဒရှုထောင့်ကကြည့်ရင် အရင်းရှင်စနစ်သာဖြစ်ပါတယ်။ ကျွန်တော် သတိပြုမိတဲ့အချက်တစ်ခုက အရင်းရှင်စီးပွားရေးစနစ် (Capitalism) ဆို တဲ့ အသုံးအနှုန်းကို မသုံးကြတာတွေ့ရတယ်။ အရင်းရှင်စနစ်လို့ ပြောရမှာ စိုးရွံ့နေတဲ့သဘောဆောင်နေတယ်။ ဒီလိုဖြစ်ခဲ့တာလည်း အတိတ်ကအရိပ် ကြောင့်ဖြစ်တာ တွေ့ရတယ်။

ကျွန်တော်တို့နိုင်ငံမှာ တစ်ချိန်ကဆိုရှယ်လစ်စီးပွားရေးနစ်ကို ကျင့်သုံး ခဲ့တယ်။ နှစ်ပေါင်း ၂၆ နှစ်ကျော် ဆိုရှယ်လစ်စီးပွားရေးစနစ်အောက်မှာ အရင်းရှင်စနစ်ကို ဆန့်ကျင်တွန်းလှန်လိုတဲ့စိတ် ပြင်းထန်ခဲ့တယ်။ အမှန် တော့ လွတ်လပ်ရေးရချိန်ကစပြီး ကျွန်တော်တို့နိုင်ငံမှာ Mixed economy အရောစီးပွားရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ နိုင်ငံတော်က စီးပွားရေး ဝင်လုပ်သလို တစ်ဖက်ကလည်း အရင်းရှင်တွေကို ခွင့်ပြုထားတယ်။ ကိုလိုနီ နိုင်ငံဖြစ်ခဲ့တဲ့ နိုင်ငံတိုင်းလိုလို လွတ်လပ်ရေးရပြီးချိန်မှာ ဆိုရှယ်လစ်စနစ် ဘက်ကို ဦးတည်ခဲ့တယ်။

ဒီလိုဖြစ်တာကိုလည်း နားလည်ရမယ်။ ကိုလိုနီစနစ်ကို ရုန်းကန်တော် လှန်တဲ့ နိုင်ငံတွေဟာ ကိုလိုနီဖြစ်တဲ့အချိန်မှာ အရင်းရှင်စနစ်ရဲ့ ဆိုးမွေ တွေကို အထူးတလည်ခံစားခဲ့ကြရတာမို့ လွတ်လပ်ရေးရပြီးချိန်မှာ ဆန့်ကျင် ဘက်စနစ်ကို သဘောကျကြတာ သဘာဝကျပါတယ်။ အမှန်တော့ စီးပွား ရေးကို တိုးတက်ဖွံ့ဖြိုးဖို့ အခြေခံတစ်ခုကတော့ အရင်းရှိတဲ့သူတွေ များများ ရှိဖို့အရေးကြီးလှပါတယ်။ အရင်းရှိတဲ့သူတွေဟာ စီးပွားရေးအခွင့်အလမ်း တွေကို ရှာဖွေပြီး အလုပ်အကိုင်အခွင့်အရေးတွေ ဖန်တီးကြမှာသာ ဖြစ်တယ်။ တစ်ချိန်ကတော့ အရင်းရှိတဲ့သူတွေကို ရန်သူလိုသဘောထားပြီး နှိပ်ကွပ် ခဲ့တယ်။ ဒီကိစ္စကို ပြန်ပြီးသတိမူရမယ့် အရင်းရှင်စီးပွားရေးစနစ်ကို ရှင်သန် အောင်လုပ်နိုင်ဖို့ ပုဂ္ဂလိကကဏ္ဍကို တိုးတက်ဖွံ့ဖြိုးအောင်လုပ်ရမယ်။ ဒါ ကြောင့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ ပုဂ္ဂလိကကဏ္ဍတိုးတက်ဖွံ့ဖြိုးမှုကို ဦးစားပေး ဆောင်ရွက်လျက်ရှိတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။

ဒီနေရာမှာ နိုင်ငံတော်ရဲ့အခန်းကဏ္ဍနဲ့ ပုဂ္ဂလိကအခန်းကဏ္ဍကို သပ်သပ်ရပ်ရပ်ခွဲခြားရမယ်။ နိုင်ငံတော်အနေနဲ့ ကိုယ်တိုင်ကိုယ်ကျ စီးပွား ရေးဝင်လုပ်တာမျိုးမဟုတ်ဘဲ စီးပွားရေးလုပ်ကိုင်နိုင်အောင် ဖန်တီးပေးရမယ်။ အားပေးရမယ်။ အားပေးတယ်ဆိုတဲ့နေရာမှာလည်း တိုက်ရိုက်သော်လည်း ကောင်း၊ သွယ်ဝိုက်တဲ့နည်းနဲ့သော်လည်းကောင်း ဆောင်ရွက်ရမှာဖြစ်တယ်။ တချို့နိုင်ငံတွေမှာ တိုက်ရိုက်နည်းနဲ့ နိုင်ငံတော်က ဦးစီးဦးဆောင်မှုပြုတဲ့ အရင်းရှင်စနစ် (State Capitalism)ကို ကျင့်သုံးနေတာတွေ့ရပါတယ်။ အခေါ်အဝေါ်က အရေးမကြီးပါဘူး။ နိုင်ငံတော်အပိုင်းနဲ့ ပုဂ္ဂလိကအပိုင်းက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ဖို့သာ အရေးကြီးတာပါ။

ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေတဲ့ ကျွန်တော်တို့နိုင်ငံမှာ သတိ ပြုရမယ့်အချက်တစ်ခုက Market Failure လို့ခေါ်တဲ့ ဈေးကွက်ယိုယွင်းမှုပဲ ဖြစ်တယ်။ စောစောကပြောခဲ့သလို ဝယ်လိုအားနဲ့ ရောင်းလိုအားတို့ကို လွတ်လွတ်လပ်လပ်လုပ်စေတဲ့အခါ တစ်ခါတစ်ရံမှာ နစ်နာမှုတွေရှိနိုင်တယ်။ ယှဉ်ပြိုင်မှုတွေ အားပေးတဲ့စနစ်မှာ နိုင်သူ၊ ရှုံးသူ တွေရှိစမြဲမို့ ရှုံးသူတွေရဲ့ အကျိုးကို နိုင်ငံကဝင်ပြီး တာဝန်ယူပေးရမှာ ဖြစ်တယ်။ ဥပမာ ယှဉ်ပြိုင်မှု ကြောင့် အလုပ်လက်မဲ့တွေများလာရင် ဒီအလုပ်လက်မဲ့တွေအတွက် နိုင်ငံတော်က တာဝန်ယူပေးရမှာဖြစ်တယ်။ ဒီအခန်းကဏ္ဍကို နိုင်ငံတော်က Social Safety Net လို့ခေါ်တဲ့ လူမှုရေးစောင့်ရှောက်မှုတွေပေးဖို့ လိုအပ်မှာ သာဖြစ်တယ်။

ဈေးကွက်စီးပွားရေးစနစ်ရဲ့ ဆန့်ကျင်ဘက်က အမိန့်ပေးတဲ့ စီးပွားရေး စနစ် (Command Economy)ဖြစ်တယ်။ နိုင်ငံတော်အစိုးရက အမိန့်အာဏာ ကိုကျင့်သုံးပြီး စီးပွားရေးစနစ်ကို ချုပ်ကိုင်ခြင်းဖြစ်တယ်။ ဒီလိုစနစ်မျိုးကို တစ်ချိန်က တရုတ်နိုင်ငံ၊ ဆိုဗီယက်(ရုရှား)နိုင်ငံတွေမှာ ကျင့်သုံးခဲ့တယ်။ ဈေးကွက်ကြီးတစ်ခုလုံးကို နိုင်ငံတော်အမိန့်နဲ့ စီမံဆောင်ရွက်ခဲ့တယ်။ မအောင်မြင်ခဲ့ပါဘူး။ ဈေးကွက်စီးပွားရေးစနစ်အောင်မြင်ဖို့အရေးကြီးဆုံးက စွန့်ထွင်ဦးစီးမှုပဲ ဖြစ်တယ်။ အင်္ဂလိပ်စကားနဲ့ပြောရရင် Entrepreneurship ပဲဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ စွန့်ထွင်ဦးစီးသူများများ မွေးထုတ် ရမယ်။ စီးပွားရေးလုပ်ချင်တဲ့သူတွေ၊ စွန့်စားချင်တဲ့သူတွေ၊ တီထွင်ချင်တဲ့သူ တွေ များများပေါ်ပေါက်လာအောင်လုပ်ရမယ်။ ဒီစွန့်ဦးတီထွင်တဲ့သူတွေ ကို နိုင်ငံတော်က အားပေးရမယ်။ မက်လုံးတွေပေးရမယ်။ မွေးထုတ် ရမယ်။

ကျွန်တော်က စွန့်ထွင်ဦးစီးမှုဘာသာရပ်ကို ဘွဲ့လွန်ပါရဂူဘွဲ့အတွက် အထူးပြုလေ့လာခဲ့ရတယ်။ လေ့လာမှုမှာ အရေးကြီးတွေ့ရှိချက်က လူတစ် ဦးတစ်ယောက်ရဲ့ လုပ်ချင်ကိုင်ချင်စိတ်ကို အားပေးအားမြှောက်ပြုတဲ့ကိစ္စ ဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ စွန့်ထွင်ဦးစီးတဲ့သူတွေများများ မွေးထုတ် နိုင်ပါစေလို့ ဆန္ဒပြုမိပါတယ်။

## စံပြရင်သွေးအိမ် မူကြိုကာယစွမ်းရည်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ စံပြရင်သွေးအိမ် မူလတန်းကြိုကျောင်း၌ ဒီဇင်ဘာ အားကစားလ ကျောင်းတွင်းကာယ စွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ ရက်က ကျောင်းရှေ့မြေကွက်လပ်၌ ကျင်းပ သည်။ ရင်သွေးငယ် ၉၀ တို့ကို အငယ်တန်း၊ အကြီးတန်း နှစ်ဆင့်ခွဲ၍ ကလေးငယ်များ ကိုယ်ကာယကြံ့ခိုင် စေရေးနှင့် ဉာဏ်စွမ်းရည်ထက်မြက် စေမည့် အားကစားနည်းပြိုင်ပွဲ ၂၀ တို့ကို ယှဉ်ပြိုင်ကြသည်။ ဆုရရှိသူ ရင်သွေးငယ်များကို မူလတန်းကြို ကျောင်း နာယကကြီး ဒေါ်ခင်အေး၊ လူမှုဝန်ထမ်းဦးစီးအရာရှိများ၊ ကျောင်း အုပ်ဆရာမကြီး ဒေါ်ခိုင်သွယ်ဦးနှင့် ကျောင်းအကျိုးတော်ဆောင်များက ဆုများပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**



## ဒီဇင်ဘာလူထုအားကစားလ တတိယအပတ် စုပေါင်းလမ်းလျှောက်

**ဘားအံ ဒီဇင်ဘာ ၂၂**

ကရင်ပြည်နယ် ဒီဇင်ဘာလူထုအားကစားလ တတိယအပတ်အဖြစ် စုပေါင်း လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက ဘားအံပြည်နယ်အစိုးရအဖွဲ့ ရုံးရှေ့စုရပ်မှ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများသည် ဘားအံမြို့ရှိ ဒေသခံပြည်သူများ၊ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ ဘားအံပညာရေးကောလိပ်၊ သူနာပြုကျောင်းများမှ သင်တန်းသူများ၊ ဆရာ ဆရာမများနှင့်အတူ အောင်သံလွင်အားကစားကွင်းသို့ စုပေါင်းလမ်းလျှောက် ကြပြီး ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ကြသည်။

ထို့နောက် ပြည်နယ်old star ဘောလုံးအသင်းနှင့် ဘားအံတက္ကသိုလ် ဘောလုံး အသင်းတို့ ချစ်ကြည်ရေးယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

# ပိုက်ကျော်ခြင်းအမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် အောင်ပွဲရ အိမ်ရှင်မြန်မာအားကစားသမားများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများမှ ပိုက်ကျော်ခြင်း အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲတို့ကို ယနေ့ မွန်းတည့် ၁၂ နာရီက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အားကစားဝါသနာရှင်ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပိုက်ကျော်ခြင်းအမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲကို အိမ်ရှင်မြန်မာနိုင်ငံ အမျိုးသမီးအသင်းနှင့် ဗီယက်နမ်နိုင်ငံအမျိုးသမီးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ အိမ်ရှင်မြန်မာနိုင်ငံအမျိုးသမီးအသင်းက ဗီယက်နမ်နိုင်ငံအမျိုးသမီးအသင်းကို ၂၁-၁၉၊ ၂၂-၂၀ အမှတ်တို့ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိပြီး ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့သည်။ ဆက်လက်ပြီး ပိုက်ကျော်ခြင်းအမျိုးသားနှစ်ယောက်ပြိုင်ပွဲ ဗိုလ်လုပွဲကို အိမ်ရှင်မြန်မာနိုင်ငံအမျိုးသားအသင်းနှင့် လာအိုနိုင်ငံအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အိမ်ရှင်မြန်မာနိုင်ငံ အမျိုးသားအသင်းက လာအိုနိုင်ငံ အမျိုးသားအသင်းကို ၂၁-၁၆၊ ၂၁-၁၅ အမှတ်တို့ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိပြီး ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့သည်။

အိမ်ရှင်မြန်မာနိုင်ငံ အနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ပွဲဦးထွက်အားကစားပွဲစဉ်ဖြစ်သည့် ခြင်းလုံးအားကစားပြိုင်ပွဲဖြင့် ပထမဦးဆုံးရွှေတံဆိပ်ဆုကို စတင်ဆွတ်ခူးခဲ့ပြီး ယနေ့ပိတ်ပွဲနေ့၏ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပိုက်ကျော်ခြင်းအမျိုးသား/အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲများတွင်လည်း ခြင်းလုံးအားကစားပြိုင်ပွဲဖြင့် ရွှေတံဆိပ်ဆုကို ထိုက်တန်စွာဆွတ်ခူးရရှိခဲ့သည်။ ထို့ကြောင့် အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် စုစုပေါင်း ရွှေတံဆိပ် ၈၆ ဆုရရှိကာ နိုင်ငံအလိုက်အဆင့်တွင် ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့ပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့မှုသမိုင်းတွင် ယခုအကြိမ်၌ ရွှေတံဆိပ်အများဆုံး ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ပိုက်ကျော်ခြင်းအမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင် တတိယဆုရရှိသော အင်ဒိုနီးရှားနိုင်ငံအသင်းမှ အားကစားသမားများ၊ ပူးတွဲတတိယဆုရရှိသော လာအိုနိုင်ငံအသင်းမှ အားကစားသမားများ၊ ဒုတိယဆုရရှိသော ဗီယက်နမ်နိုင်ငံအသင်းမှ အားကစားသမားများနှင့် ပထမဆုရရှိသော အိမ်ရှင်မြန်မာနိုင်ငံအသင်းမှ မဖြူဖြူစန်း၊ မကြူကြူသင်းနှင့်မခင်နှင်းဝေတို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဆုတံဆိပ်များကို လည်းကောင်း၊ အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.Dato' Abdul Halin Bin Kader က အမှတ်တရအရုပ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။



တပ်မတော်ကာ ကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူး ကြီးမင်းအောင်လှိုင် (၂၇) ကြိမ်မြောက် အရှေ့တောင် အာရှ အား ကစား ပြိုင်ပွဲပိုက်ကျော်ခြင်း အမျိုးသား နှစ်ယောက် တွဲ ပြိုင်ပွဲတွင် ရွှေတံဆိပ်ရ မြန်မာ အား က စား သမားများအား ဆုချီး မြှင့် ပြီး ဂုဏ်ပြု နှုတ်ဆက်စဉ်။ (မြဝတီ)

ဆက်လက်၍ ပိုက်ကျော်ခြင်းအမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသော ဖိလစ်ပိုင်နိုင်ငံအသင်းမှ အားကစားသမားများ၊ ပူးတွဲတတိယဆုရရှိသော အင်ဒိုနီးရှားနိုင်ငံအသင်းမှ အားကစားသမားများ၊ ဒုတိယဆုရရှိသော လာအိုနိုင်ငံအသင်းမှ အားကစားသမား၊ ပထမဆုရရှိသော အိမ်ရှင်မြန်မာနိုင်ငံအသင်းမှ မောင်ဇော်ဇော်အောင်၊ မောင်စည်သူလင်းနှင့် မောင်ဇော်လတ်တို့အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆုတံဆိပ်များကို လည်းကောင်း၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်က အမှတ်တရအရုပ်များကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်သည်။

အဆိုပါအောင်ပွဲရ အားကစားသမားများက အထူးတန်းပွဲကြည့်စင်သို့လာရောက်၍ တက်ရောက်အားပေးသော ဧည့်ပရိသတ်များအား ဂါရဝပြုနှုတ်ဆက်ခဲ့ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# တက္ကသိုလ်အဆောင်များထားရှိခြင်းနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အဆောင်များထားရှိခြင်းနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

သတင်းစာ ရှင်းလင်းပွဲတွင် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာဇော်မြင့်က "တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အဆောင်ထားရှိရန် နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ သို့ဖြစ်၍တက္ကသိုလ်၊ ဒီဂရီကောလိပ်များ အနီးတစ်ဝိုက်တွင် လုပ်ငန်းရှင်များအား BOT စနစ်ဖြင့် ကျောင်းဆောင်ဆောက်လုပ်ပြီး စားသောက်ရေးကိစ္စများပါစီမံဆောင်ရွက်စေကာ စည်းကမ်းထိန်းသိမ်းရေးအတွက် တက္ကသိုလ်မှ တာဝန်ယူမည်ဖြစ်ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ စတင်ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ အဆောင်များတွင် စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပနေ ပထမနှစ် ကျောင်းသားသစ်များကို လက်ခံထားရှိနေပြီဖြစ်ပါကြောင်း" ဖြင့် ပြောကြားသည်။

ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်တို့တွင် ပထမနှစ်မှ နောက်ဆုံးနှစ်အထိ အဆောင်စီစဉ်ပေးသွားမည်ဖြစ်ပြီး အခြားတက္ကသိုလ်၊ ကောလိပ်များတွင်လည်း ပထမနှစ်အပြင် အခြားအတန်းများကိုပါ အဆောင်ပေးနိုင်ရေးအတွက် စီစစ်လျက်ရှိကြောင်း၊ စစ်တွေတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် စစ်ကိုင်းတက္ကသိုလ်တို့တွင်မူ အဆောင်ပေးနိုင်ခြင်းမရှိသေးဘဲ လာမည့်စာသင်နှစ်ဝက်တွင် အဆောင်ပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။



နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ မြန်မာနိုင်ငံ ရှိ တက္ကသိုလ်၊ဒီဂရီ ကောလိပ် များ တွင် အဆောင် များ ထားရှိခြင်း နှင့် စပ်လျဉ်း၍ သတင်းစာ ရှင်း လင်း ပွဲကျင်းပစဉ်။ (သတင်းစဉ်)

ဒေါက်တာဇော်မြင့်က ဆက်လက်ပြောကြားရာတွင် "အဆောင်လခအနေဖြင့် တစ်လလျှင်ကျပ်ငါးထောင်သာကောက်ခံပြီး စားသောက်ရေးအဆင်ပြေ ချောမွေ့စေရေးအတွက်လည်း ညှိနှိုင်းစီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ အဆောင်များ လုံခြုံရေး၊ သန့်ရှင်းရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သောပြင်ဆင်မှုများ စီမံထားရှိပြီးဖြစ်ပါကြောင်း၊ အဆောင်နေကျောင်းသားကျောင်းသူများအတွက် ကြိုဆိုနှုတ်ဆက်ပွဲများ၊ ညစာစားပွဲများ၊ ဟောပြောပွဲများ၊ စကားရည်လုပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပွဲများ ကျင်းပပေးရန်လည်း စီစဉ်ထားပါကြောင်း၊ အဓိကမှာ တက္ကသိုလ်အဆောင်နေ ကျောင်းသားကျောင်းသူများ University Life, University Atmosphere ကို ပျော်ပျော်ရွှင်ရွှင်စည်းကမ်းရှိရှိ ပျော်မွေ့နိုင်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း"ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက ၂၀၁၃-၂၀၁၄ ပညာသင်နှစ်ရဲ့ ပထမပညာသင်နှစ်ဝက်မှာ တက္ကသိုလ်၊ ဒီဂရီကောလိပ် (၂၅) ခု အနက် ရတနာပုံတက္ကသိုလ်နဲ့စစ်ကိုင်းတက္ကသိုလ်တို့မပါ ကျန် ၂၃ ကျောင်းမှာ အဆောင်ထားရှိနိုင်မှာ ဖြစ်ပါတယ်။ မြစ်ကြီးနားတက္ကသိုလ်အနေနဲ့ ပြည်နယ်အစိုးရရဲ့ ကူညီပံ့ပိုးမှုနဲ့ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်က စတင်ပြီး အဆောင်ထားရှိပါတယ်။ အတန်းအားလုံးထားရှိနိုင်တဲ့ တက္ကသိုလ်တွေကတော့ စစ်ကိုင်းပညာရေးတက္ကသိုလ်နဲ့ မြစ်ကြီးနားတက္ကသိုလ်တို့ ဖြစ်ပါတယ်။

"အခုဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်အစိုးရ ဘဏ္ဍာငွေခွင့်ပြုတဲ့အတွက် ဒုတိယပညာသင်နှစ်ဝက်မှာ တက္ကသိုလ်နှစ်ခုနဲ့ ဒီဂရီကောလိပ်တစ်ခုတို့မှာ ၁၆၀ ဆံ့ ကျောင်းဆောင်လေးဆောင်ပြီးစီးမှာဖြစ်လို့ ထပ်မံတိုးချဲ့ထားရှိနိုင်မှာ ဖြစ်ပါတယ်။ အရင်အဆောင်ရှိတဲ့ တက္ကသိုလ်တွေအနေနဲ့ လက်ရှိဘဏ္ဍာနှစ်အတွင်း ဝန်ထမ်းအိမ်ရာအသစ်တွေ ဆောက်လုပ်နေတဲ့အတွက် ပြီးစီးရင် ဝန်ထမ်းတွေကို ရွှေ့ပြောင်းပြီး လစ်လပ်လာမယ့် အဆောင်တွေမှာ ဒုတိယစာသင်နှစ်ဝက်မှာ ကျောင်းသား ကျောင်းသူတွေကိုလက်ရှိထက် ပိုမိုအဆောင်ထားရှိနိုင်မှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

"၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ အဆောင်လုံးဝမရှိသေးတဲ့ တက္ကသိုလ်သုံးခုအတွက် ၁၆၀ ဆံ့ ကျောင်းဆောင်သုံးဆောင်ကို ထည့်သွင်းလျာထားပါတယ်။ ကျောင်းဆောင်တွေကို ပြန်လည်ပြင်ဆင်ခြင်း၊ ကျောင်းဆောင်တွေမှာ ယာယီနေရာချထားတဲ့ ဆရာဆရာမနဲ့ ဝန်ထမ်းတွေကို ဆောက်လုပ်ပြီးစီးမယ့်အိမ်ရာတွေမှာ ပြန်လည်နေရာချထားပြီး ထွက်ပေါ်လာမယ့် အဆောင်တွေမှာ ထားရှိခြင်း၊ ကျောင်းဆောင်မရှိတဲ့ တက္ကသိုလ်တွေမှာ လစ်လပ်တဲ့ ဆရာ ဆရာမအဆောင်တွေနဲ့ ဝန်ထမ်းအိမ်ရာတွေမှာ ထားရှိခြင်း၊ ကျောင်းဆောင်မရှိတဲ့ ကျောင်းတွေမှာ နီးစပ်ရာတက္ကသိုလ်တွေရဲ့ လစ်လပ်တဲ့ ကျောင်းဆောင်တွေမှာ ထားရှိခြင်းတို့ကိုဆောင်ရွက်သွားမှာဖြစ်ပါတယ်။"

"၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပထမနှစ်ကျောင်းသား ကျောင်းသူတွေအနက် စည်ပင်သာယာနယ်နိမိတ်ပြင်ပနေသူတွေကို ဦးစားပေးရွေးချယ်ပြီး အဆောင်မဆံ့ရင်၊ မလုံလောက်ရင် တက္ကသိုလ်ဝင်တန်းအောင် စုစုပေါင်းရမှတ် အများ၊ အနည်းအလိုက် ရွေးချယ်မှာဖြစ်ပါတယ်။ ပြီးတော့မှ စည်ပင်သာယာနယ်နိမိတ်အတွင်းမှာရှိတဲ့ သွားလာရေးခက်ခဲတဲ့မြို့နယ်တွေက ဆက်လက်ရွေးချယ်မှာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေ ငွေကြေးသက်သာပြီး ကောင်းမွန်သန့်ရှင်းစွာ စားသောက်နိုင်ဖို့အတွက် ပါမောက္ခချုပ်တွေ၊ ကျောင်းအုပ်ကြီးတွေက စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ဒေါက်တာသိန်းဝင်းက ဆက်လက်ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသည့် မီဒီယာများက မေးမြန်းသည်များကို ပြန်လည်ဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

# ဂုဏ်ပြုမှတ်တမ်းတင်လွှာ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံတော်ကိုယ်စားပြု မြန်မာ့လက်ရွေးစင် အားကစားမောင်မယ်များအနေဖြင့် အားကစားပြိုင်ပွဲအသီးသီးတွင် ရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၆၂ ခု၊ ကြေးတံဆိပ် ၈၅ ခုဖြင့် ဆုတံဆိပ်စုစုပေါင်း ၂၃၃ ခုရရှိပြီး နိုင်ငံအလိုက် ဒုတိယအဆင့်ကို ထိုက်ထိုက်တန်တန်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြပါသည်။ မြန်မာ့လက်ရွေးစင် အားကစား မောင်မယ်များသည် နိုင်ငံတော်ကို ချစ်မြတ်နိုးမှု၊ သန့်ရှင်းမျှတသည့် အားကစားစိတ်ဓာတ်နှင့် ဖွဲ့သတ္တိပြည့်ဝမှု၊ စည်းလုံးညီညွတ်စွာ ကြိုးစားအားထုတ်မှုတို့ဖြင့် ပြည်သူတို့၏ မျှော်လင့်ချက်များကို စွမ်းစွမ်းတမံ ဖြည့်ဆည်း၍ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဖော်ဆောင်ပေးနိုင်သည်ကို တွေ့ရှိရပါသည်။

၂။ တစ်နိုင်ငံလုံးရှိ ပြည်သူတို့၏ မျှော်လင့်ချက်များအပေါ် ဖွဲ့၊ စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် တာဝန်ကျေပွန်စွာ စွမ်းဆောင်ဖြည့်ဆည်းပေးခဲ့ကြသည့် နိုင်ငံတော်ကိုယ်စားပြု မြန်မာ့လက်ရွေးစင် အားကစားမောင်မယ်များ၊ အားကစားအဖွဲ့ချုပ်များနှင့် SEA Games ပြိုင်ပွဲကြီးကို အဆင့်မီခမ်းနားစွာဖြင့် အောင်မြင်အောင် ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြသည့် အားကစားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ တက်တက်ကြွကြွအားပေးခဲ့ကြသော ပြည်သူများအားလုံးကို ပြည်သူများနှင့်အတူ ဝမ်းမြောက်လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုအပ်ပါသည်။

**ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ**

✷ *ကျောဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ဘရူနိုင်းနိုင်ငံ အိမ်ရှေ့မင်းသား၊ စင်ကာပူနိုင်ငံ အားကစားဝန်ကြီးနှင့် မလေးရှားနိုင်ငံ အားကစား ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ တပ်မတော် အရာရှိကြီးများနှင့် မိသားစုဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြိုင်ပွဲဝင်နိုင်ငံအသီးသီးမှ အမျိုးသား အိုလံပစ်ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ဧည့်ပရိသတ်များ၊ အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ အနက်ရောင်ဝတ်စုံပြည့်ဝတ်ဆင်ထားသော ကျောင်းသား ၁၅၀၀ တို့က ဓာတ်မီးများအသုံးပြု၍ ကွင်းအတွင်း We Can Do စာတန်း နှင့် 27th SEA Games စာလုံးဖော်ပြသကာ ပိတ်ပွဲအခမ်းအနားကို စတင်သည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ရာ အားမာန်ဝင့်ချီရှေ့သို့ဆီ၊ တို့မြန်မာ့ခြင်းလုံး၊ ဆင်ရတနာအက၊ ရောင်စုံပန်းများ၏မြစ်ကြေးမုံနှင့် ထာဝရမြန်မာအစီအစဉ်များကို တင်ဆက်ကြသည်။

အားမာန်ဝင့်ချီရှေ့သို့ဆီ အစီအစဉ်တွင် တင်ဆက်သူဦးရေ ၃၈၀ ပါဝင်ပြီး ပန်းပွားအကဖြင့် ဖျော်ဖြေကာ 28th SEA Games စာလုံးဖော်ပြသကြသည်။

တို့မြန်မာ့ခြင်းလုံးအစီအစဉ်တွင် တင်ဆက်သူ ၂၂၂ ဦးတို့က အစွမ်းပြခတ်ကစားပြကြသည်။

ဆင်ရတနာအကအစီအစဉ်တွင် တင်ဆက်သူဦးရေ ၁၂၀၊ ဆင်ဖြူတော် ၁၀ စီးနှင့် ဆင်မည်း ၃၀ ပါဝင်ပြီး စစ်ချီထွက်ပုံ၊ စီးချင်းထိုးပုံတို့ကို သရုပ်ဖော်ပြသကာ ဆင်များကလည်း ကပြဖျော်ဖြေကြသည်။

ရောင်စုံပန်းများ၏ မြစ်ကြေးမုံအစီအစဉ်တွင် တင်ဆက်သူ ၄၇၉ ဦးနှင့် ထာဝရမြန်မာအစီအစဉ်တွင် တင်ဆက်သူ ၁၅၄၂ ဦးတို့ ပါဝင်ကြသည်။

ထို့နောက် နိုင်ငံတော်ဘင်ခရာတပ်ဖွဲ့နှင့် အလံကိုင်တပ်ဖွဲ့တို့ ဦးဆောင်၍ အားကစားနည်းအင်္ဂလိပ်အက္ခရာအစဉ်အတိုင်း အားကစားသမားများက ကွင်းအတွင်းသို့ ချီတက်နေရာယူကြသည်။

ထိုအချိန်တွင် အစီအစဉ်တင်ဆက်သူမောင်မယ်တို့က ပါဝင်ယှဉ်ပြိုင်သည့် အားကစားသမားအရေအတွက်၊ ချီးမြှင့်သည့်ရွှေ၊ ငွေ၊ ကြေးတံဆိပ်အရေအတွက် များကို အားကစားနည်း ၃၃ မျိုးအတွက် ကြေညာပေးသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီဝင် Mr.Ng Ser Miang က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းထံ အောင်မြင်မှု အထိမ်းအမှတ် လက်ဆောင်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပိတ်ပွဲအခမ်းအနားဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စု ဝန်ကြီးက ပြောကြားရာတွင် ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အဖွဲ့ဝင်နိုင်ငံများသည် ချစ်ခင်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်စွာ ဆင်နွှဲခဲ့ကြသည်ကို ကြည့်ခြင်းအားဖြင့် အာဆီယံနိုင်ငံများအကြား တည်ရှိသည့် သွေးစည်းခိုင်မာမှုနှင့် ချစ်ခင်မှုစိတ်ဓာတ်ကို အထင်အရှားတွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ အနာဂတ်တွင်လည်း အဖွဲ့ဝင်နိုင်ငံများအကြား အားကစားကဏ္ဍများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်းအားကစားကဏ္ဍနှင့် အဆင့်အတန်းကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာစေပြီး ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုများကိုပါ ဖွံ့ဖြိုးတိုးတက်လာနိုင်စေလိမ့်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း။

အားကစား ပြိုင်ပွဲများတွင် ပါဝင်ခဲ့ကြသော ဒိုင်များ၊ ဂျူရီများ၊ နည်းပြများ၊ အားကစားသမားများ၊ အဘက်ဘက်က ကူညီပေးခဲ့သော မိတ်ဆွေနိုင်ငံများ၊ ကဏ္ဍအသီးသီးတွင် ပါဝင်ကူညီခဲ့ကြသူများ၊ အထူးသဖြင့် လုပ်အားပေး လူငယ်မောင်မယ်များ၊ တစ်ခဲနက် အားပေးခဲ့ကြသည့် သန်း ၆၀ ကျော်သော အားကစားဝါသနာရှင်မြန်မာပြည်သူ၊ ပြည်သားအားလုံးနှင့် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြပေးကြသည့် မီဒီယာများကို ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်းဖြင့် ထည့်သွင်းတင်ပြခဲ့သည်။

ယခုကဲ့သို့ ဆီးဂိမ်းပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက် မြန်မာ့သမိုင်းတွင်မှတ်တိုင်တစ်ခုအဖြစ် ကျန်ရစ်ခဲ့မည်ဖြစ်ပြီး မြန်မာပြည်သူ၊ ပြည်သား အားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်စေသည်။ မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များ ဆွတ်ခူးပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုလည်း ဝမ်းမြောက်ဝမ်းသာစွာ ဂုဏ်ပြုထိုက်သည်။ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို ကမ္ဘာ့အလယ်တွင် မြှင့်တင်ပေးရာရောက်သည့်အတွက် ဆုတံဆိပ်များ ဆွတ်ခူးခဲ့ကြသည့် အားကစားသမား မောင်မယ်များ၏ စွမ်းဆောင်ချက်များသည့် မြန်မာ့အားကစားသမိုင်းတွင် ကမ္ပည်းတင်ကျန်ရစ်မည်သာဖြစ်သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညဏ်ထွန်းက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ကြွရောက်ချီးမြှင့်ကြသည့် လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း၊ ဂုဏ်သရေရှိ ဧည့်သည်တော်ကြီးများ၊ ပြိုင်ပွဲဝင်နိုင်ငံအသီးသီးမှ အမျိုးသား အိုလံပစ် ကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ၊ အားကစားကိုချစ်မြတ်နိုးကြသော အားကစားဝါသနာရှင်များ၊ ပိတ်ပွဲအခမ်းအနားကြီးကို အားပေးကြည့်ရှုနေကြသည့် နိုင်ငံတစ်ဝန်းမှ မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေဟု ဆုမွန်



(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ ကျင်းပစဉ်။

# သရက် – မင်းလှုလမ်းပိုင်းရှိ ဂျုံးဂျုံးကျတံတား ၇၅ ရာခိုင်နှုန်းပြီးစီး

**မင်းလှ ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး သရက်-မင်းလှလမ်းပိုင်းရှိ တံတားအမှတ် (၁/၅၅)ဂျုံးဂျုံးကျတံတား တည်ဆောက်ခြင်းလုပ်ငန်း ၇၅ ရာခိုင်နှုန်း အောင်မြင်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

တံတားကြီးကို တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)ပခုက္ကူမြို့ ပြည်သူ့ဆောက်လုပ်ရေးဌာနမှ ၂၀၁၃ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် စတင် အကောင်အထည်ဖော်ခဲ့ပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကြောင်း သိရသည်။ တံတားအရှည် ပေ ၆၀ ဖြစ်ပြီး ကားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၂ ပေ ၆ လက်မနှင့် မော်တော်ယာဉ်တစ်စီးချင်း ဝန်အလေးချိန် တန် ၆၀ ဖြစ်သောကြောင့် ယာဉ်အမျိုးမျိုး ဖြတ်သန်းသွားလာရာတွင် အဆင်ပြေချောမွေ့တော့မည်ဖြစ်သည်။

ယခင်က ဂျုံးဂျုံးကျတံတားသည် မိုးတွင်းကာလများ၌ တောင်ကျချောင်းရေစီးကြမ်းလှသောကြောင့် ဖြတ်သန်းသွားလာသောယာဉ်များ မကြာခဏ ယာဉ်အန္တရာယ်များနှင့် ကြုံတွေ့ရပြီး တံတားခံနိုင်ရည်ဝန်နည်းပြီး ယာဉ်သွားလမ်းကျဉ်းသောကြောင့် တစ်စီးနှင့်တစ်စီး တိမ်းရှောင်မောင်းနှင်ရာတွင် များစွာအခက်အခဲဖြစ်ကြရသည်။

ဂျုံးဂျုံးကျတံတား တည်ဆောက်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းအဖွဲ့(၄)မှ ဆောက်လုပ်ရေးတာဝန်ခံ ဒေါ်ကြည်ကြည်သန်း (အထက်တန်းအင်ဂျင်နီယာ-၂)က "ဒီတံတားကြီးကို ဆောက်လုပ်ရာမှာ ပခုက္ကူမြို့နယ်က ကျွမ်းကျင်လုပ်သားများကို ခေါ်ယူပြီးတော့ နေ့ရောညပါ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အရင်တံတားဟောင်းက တဖြည်းဖြည်း ပျက်စီးယိုယွင်းစပြု၍ မိုးတွင်းကာလရေစီးကြမ်းတဲ့အခါ တံတားပေါ် ထိအောင်ရောက်တယ်။ ယခု တည်ဆောက်နေတဲ့ ဂျုံးဂျုံးကျတံတားကြီးက အရင်တံတားထက် ရှစ်ပေခွဲမြင့်ပါတယ်။ ယာဉ်သွားလမ်းလည်း ကျယ်တော့ ကားတစ်စီးနဲ့တစ်စီး အရင်လိုစောင့်ဆိုင်းဖို့မလိုဘဲ အလွယ်တကူ ဖြတ်သန်းသွားလာနိုင်ပြီ။ ဒေသခံပြည်သူများလည်း စိတ်အနှောင့်အယှက်ကင်းစွာ သွားလာနိုင်တော့မှာပါ။ အမြန်ဆုံးပြီးစီးနိုင်ရန် ဆောင်ရွက်ခဲ့သောကြောင့် အခုဆို ၇၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် မတ်လထဲမှာ အပြီးသတ်ဆောင်ရွက်မှာပါ" ဟု ပြောပြခဲ့သည်။

**ပိုင်ဇေ(မကွေး)**






# နေပြည်တော် မြို့မဈေး ပရဟိတဉယျာဉ် လူမှုအကျိုးဆောင် လူငယ်များအဖွဲ့ ဩဝါဒခံယူပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

နိုင်ငံတော်၏ အုပ်ချုပ်ရေးမြို့တော် ရုံးဌာနများ ဆိုက်ရောက်ရာ နေပြည်တော်၏ အဓိကအထင်ကရ ဈေးကြီးဖြစ်သည့် နေပြည်တော် မြို့မဈေးတွင် ဈေးမိ ဈေးဖများဦးစီး၍ ဈေးလူငယ်များ ပါဝင်ဖွဲ့စည်းထားသည့် ပရဟိတဉယျာဉ် လူမှုအကျိုးဆောင် လူငယ်များအသင်း ဖွဲ့စည်းခြင်း အထိမ်းအမှတ်နှင့် ဩဝါဒခံယူပွဲကို ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီက မြို့မဈေးယာဉ်ပြင် အလုပ်ရုံတန်းရှိ Master Group အလုပ်ရုံ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ဖွင့်လှစ်ကာ အရှင်သုမနသာရလင်္ကာရ ဂန္ဓာရုံဘုံကျော်တောရ (ဆတ်သွား) ဆရာတော်ထံမှ ငါးပါးသီလခံယူတော်မူပြီး ပရဟိတဉယျာဉ် လူမှုအကျိုးဆောင်လူငယ်များအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်ကျော်က အသင်းဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။ ထို့နောက် အရှင်သုမနသာရလင်္ကာရ ဂန္ဓာရုံဘုံကျော်တောရ (ဆတ်သွား) ဆရာတော်ထံမှ ဩဝါဒခံယူတော်မူကြသည်။

ပရဟိတဉယျာဉ် လူမှုအကျိုးတော်ဆောင်လူငယ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ ပရဟိတဉယျာဉ် လူမှုအကျိုးတော်ဆောင်အဖွဲ့အနေနဲ့ ယခုပထမဆုံး အဆင့်အနေနဲ့ ပထမတစ်လကိုတော့ မြို့မဈေးပေါ်ရှိ ဈေးသားများ၏ ကျန်းမာရေးကို အဓိကထားပြီး ကျန်ရှိတဲ့ လိုအပ်ချက်တွေကိုလည်း အတတ်နိုင်ဆုံး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လုပ်ဆောင်ချက် တစ်လပြည့်၍ ရန်ပုံငွေပေါ်မူတည်ပြီး မြို့မဈေးနှင့် အခြားပြင်ပပုဂ္ဂိုလ်တွေရဲ့ အခက်အခဲ လိုအပ်ချက်တွေကို ကူညီပေးသွားမှာဖြစ်ပါတယ်" ဟု ရှင်းပြသည်။

ပရဟိတဉယျာဉ် လူမှုအကျိုးဆောင်အဖွဲ့သို့ ဆက်သွယ်အကူအညီတောင်းခံလိုပါက ဦးစိုးညွန့် နာယက ဖုန်း ၀၉-၄၉၂၆၂၇၈၄၊ ဦးရန်နိုင်လင်း ဖုန်း ၀၉-၄၉၂၃၇၄၄၇၊ ဦးသိန်းအောင်ကျော် ဥက္ကဋ္ဌ ဖုန်း-၀၉-၄၃၀၁၆၃၄၄ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကြယ်လိပ်များ သဘာဝအတိုင်းလွှတ်၍ မွေးမြူ

**နွားထိုးကြီး ဒီဇင်ဘာ ၂၂**

နွားထိုးကြီးမြို့နယ်တွင် နိုင်ငံခြားရောင်းတန်းဝင် ကြယ်လိပ်များကို သဘာဝအတိုင်း လေ့ကျင့်မွေးမြူရန် တစ်ခြံလျှင် ကောင်ရေ ၅၀ နှုန်းနှင့် မွေးမြူရေးခြံသုံးခြံတွင် ကြယ်လိပ် အကောင်ရေ ၁၅၀ ကို ဒုတိယအကြိမ်မြောက် မင်းစုံတောင်ဘေးမဲ့တောအတွင်း လွှတ်ထားကြောင်း မင်းစုံတောင် ကြယ်လိပ်ခြံအုပ်ချုပ်ရေးမှူးက ပြောပြသည်။

နွားထိုးကြီး မင်းစုံတောင် ကြယ်လိပ်ခြံတွင် ကြယ်လိပ် ၁၀၀၀ ကျော် မွေးမြူထားပြီး စက်တင်ဘာလမှ မတ်လအထိ လိပ်ဥများဥကြပြီး မေလနှင့် ဇွန်လ တွင် အကောင်ပေါက်ကြသည်။ ဥနှုန်းမှာ လေးကောင်မှ ၁၄ ကောင်အထိ ပေါက်သည်။

သဘာဝအတိုင်း မွေးမြူနည်းစနစ်စမ်းသပ်မှုဖြင့် ပထမအကြိမ် လိပ်အကောင်ရေ ၅၀၊ ဒုတိယအကြိမ် ၁၅၀ စုစုပေါင်း ၂၀၀ လွှတ်ထားပြီး ထရန်စမစ်တာတပ်လွှတ်ခြင်း၊ လိုဂိုတံဆိပ်ရိုက်ခြင်း၊ နံပါတ်တပ်လွှတ်ခြင်းများဖြင့် တစ်လတစ်ကြိမ် စစ်ဆေးသုတေသနပြုလုပ်ထားကြောင်း သိရသည်။

ကြယ်လိပ်သည် မြန်မာတစ်ပြည်လုံးတွင် နွားထိုးကြီး မင်းစုံတောင်နှင့် မင်းဘူး ရွှေစက်တော် နှစ်နေရာသာ သဘာဝအတိုင်းတွေ့ရှိပြီး ဂျပန်တွင် အိမ်မွေးတိရစ္ဆာန်အဖြစ် ရောင်းတန်းဝင်ပြီး ကမ္ဘာ့ရှားပါးတိရစ္ဆာန်မျိုး ဖြစ်ကြောင်းသိရသည်။

**ဋ္ဌေးမြင့်**

# မောင်တို့ပန်းကမ္ဘာမြေမှ ပန်းပွဲတော်

မြန်မာလူမျိုးများသာမက ကမ္ဘာလှည့်ခရီးသွားပင် စိတ်ဝင်စားသော ပြင်ဦးလွင်မြို့ ပန်းပွဲတော်ကို ဒီဇင်ဘာ ၂၀ ရက်တွင် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း၌ အဌမအကြိမ်မြောက် ဖွင့်လှစ်ပြသနိုင်ခဲ့ပြီဖြစ်ပေသည်။ ယခုနှစ်တွင် ယခင်နှစ်များနှင့် ပုံစံမတူသော ဟင်္သာရုပ်၊ လင်းပိုင်ရုပ်၊ စလင်ဒါပုံ၊ အသည်းပုံ၊ ခရစ္စမတ်သစ်ပင်ပုံ၊ လူရုပ်ပုံများ၊ ပန်းအိုး ပန်းပွင့်ပုံစံ စသည်ဖြင့် လှပဆန်းကြယ်သည့် စိတ်ကူးများဖြင့် ပုံစံ(၁၁)ခုကို ပုံဖော်ပြသထားသည်။

ပန်ပွဲတော်အတွင်း ပန်းအစို၊ ပန်းအခြောက်(ပန်းတု) နှစ်မျိုးတို့ ပေါင်းစပ်၍ လှလှပပဝေဝေဆာဆာ ခင်းကျင်းပြသထားရာ သဘာဝအလှနှင့် ဖန်တီးပြုပြင်မှုအလှတို့ကို တစ်နေရာတည်းတွင် တစ်ဝကြီး ခံစားကြည့်ရှုနိုင်ပြီဖြစ်သည်။ ပန်းခြောက်များဖြင့် ပုံစံအမျိုးမျိုးကို လက်ရာမြောက်စွာပုံဖော်ထားရှိပြီး သဘာဝပန်းများကြားတွင် မျက်စိပသာဒကျအောင် စီစဉ်ထားရှိထားသည်မှာ စိတ်ဝင်စားစရာ ကောင်းလှသည်။

ပုံစံအမျိုးမျိုးသော သရုပ်ဖော်ပုံတို့ကို ပန်းပွင့်ပေါင်း ခြောက်သောင်းခြောက်ထောင်ကျော်ဖြင့် အရောင်အသွေးစုံလင်စွာ ဖန်တီးပြထားသည်။ ယခုအချိန်အခါသည် ပြင်ဦးလွင်မြို့၌ ရာသီဥတု ကြည်လင်သာယာကောင်းမွန်လျက်ရှိရာ ပန်းပွဲတော်ကို အချိန်ကာလ တစ်လဝန်းကျင် ခင်းကျင်းပြသထားမည်ဟု သိရသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ပတ်ဝန်းကျင်နေရာအစုံတို့တွင် ကြီးမားကျယ်ပြန့်သော ရောင်စုံပန်းခင်းများကိုလည်း လေ့လာကြည့်ရှုနိုင်သည်ဖြစ်ရာ ယခုပြုလုပ်ပြသထားသော ပန်းပွဲတော် ပန်းအလှတို့ကိုလည်း ထူးခြားဆန်းပြားစွာ ကြည့်ရှုရဦးမည် ဖြစ်ပေသည်။

ထို့ကြောင့် တစ်နှစ်တွင် တစ်ကြိမ်သာ ခင်းကျင်းပြသသော ပြင်ဦးလွင်ပန်းပွဲတော် (ပန်းပြပွဲ)သို့ ပန်းအလှအပကိုခံစားရင်း ဗဟုသုတအဖြစ် လေ့လာနိုင်ရန် အလည်တစ်ခေါက် အရောက်လှမ်းသင့်ပါကြောင်း။

**သက်နိုင်(ပြင်ဦးလွင်)**



# ကြိုတင်ပြင်ဆင်နိုင်ရန်အသိပေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်၍ ကြိုတင်ပြင်ဆင်နိုင်ရန် အသိပေးထားသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁ | နေပြည်တော် | လယ်ဝေး |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | မှော်ဘီ၊ ဒလ |
| ၃ | မန္တလေးတိုင်းဒေသကြီး | မိုးကုတ် |
| ၄ | ရှမ်းပြည်နယ် | ညောင်ရွှေ၊ တန့်ယန်း၊ မိုင်းပျင်း၊ တာလေ |
| ၅ | ကချင်ပြည်နယ် | တနိုင်း၊ မိုးကောင်း |
| ၆ | ကရင်ပြည်နယ် | ဖာပွန် |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး | ချောင်းဦး၊ မြောင် |
| ၈ | တနင်္သာရီတိုင်းဒေသကြီး | တနင်္သာရီ |
| ၉ | ပဲခူးတိုင်းဒေသကြီး | ပေါင်းတည် |
| ၁၀ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း၊ နတ်မောက်၊ ဆိပ်ဖြူ ပွင့်ဖြူ အောင်လံ |
| ၁၁ | မွန်ပြည်နယ် | မုဒုံ |
| ၁၂ | ရခိုင်ပြည်နယ် | ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ အမ်း |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး | လပွတ္တာ၊ ဓနုဖြူ ဖျာပုံ၊ အင်္ဂပူ |

**(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး



# ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ(တတိယပတ်) ရန်ကုန်တွင်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ(တတိယပတ်)လှုပ်ရှားမှုကို ယနေ့နံနက် ၅ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ကွင်း (အထူးတန်းဝင်ပေါက်ရှေ့)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ပြည်သူများသည် နံနက် ၅ နာရီခွဲတွင် အောင်ဆန်းအားကစားကွင်းအထူးတန်းဝင်ပေါက်ရှေ့မှ ဦးထောင်ဘိုအဝိုင်း၊ ထို့မှ ကန်တော်ကြီးပတ်လမ်းအတိုင်း လျှောက်၍ အထက်ပန်းဆိုးတန်းလမ်းအတိုင်း အောင်ဆန်းအားကစားကွင်း အရှေ့ဘက် ဝင်ပေါက်မှ ဝင်ကာ အားကစားကွင်းအတွင်း၌ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအတွဲ အမှတ်(၁/၂) လေ့ကျင့်ခန်းများ စုပေါင်းလှုပ်ရှားကြသည်။

အဆိုပါ ၂၀၁၃ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ(တတိယပတ်)တွင် အားကစားနှင့်ကာယပညာသိပ္ပံမှ ကျောင်းသား ကျောင်းသူများ၊ သဃ်န်းကျွန်း၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ တာမွေ၊ ရန်ကင်း၊ သာကေတ၊ အလုံ၊ ဗဟန်း၊ လှိုင်၊ မရမ်းကုန်း၊ စမ်းချောင်း၊ ကမာရွတ်၊ လသာ၊ ကျောက်တံတား၊ ဒဂုံ၊ ဒေါပုံ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်မြို့နယ်များမှ ဒေသခံပြည်သူများ ၃၅၀၀၀ ကျော် ပါဝင်ဆင်နွှဲကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ပဲခူး၌ ဖွင့်လှစ်

**ပဲခူး ဒီဇင်ဘာ ၂၂**

ပဲခူးမြို့ ဟံသာဝတီရပ်ကွက် မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၂၁ ရက် နံနက် ၈ နာရီက ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့က ကြီးမှူးကျင်းပသည့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို အစီအစဉ် သုံးခုဖြင့် ဖွင့်လှစ်ခဲ့ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့နာယက ဒေါ်မြင့်မြင့်စိုးနှင့် နာယက ဒေါ်တင့်မော်၊ ဥက္ကဋ္ဌ ဒေါ်မေသူ၊ ဓမ္မဗျူဟာသာသန မာမကအဖွဲ့မှ မဟာသဒ္ဓမ္မဇောတိကတံဆိပ်ရ ဆရာမကြီး ဒေါ်ခင်လှတင်နှင့် အဖွဲ့မှ သင်တန်းသားများဖြစ်သော တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပညာရေးဌာနမှ ဆရာ ဆရာမများနှင့် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်မိသားစုများ စုစုပေါင်း ၆၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ဒေါ်မေသူက အမှာစကားပြောကြားခဲ့သည်။



အဆိုပါ ယဉ်ကျေးမှုသင်တန်းကို နှစ်ရက်ကြာဖွင့်လှစ်မည်ဖြစ်ရာ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့မှ ဆရာမကြီး ဒေါ်ခင်လှတင် ဦးစီး၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုများအကြောင်းကို သင်တန်းပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သန့်စင်**

# စာပေဟောပြောပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပ

**ပုသိမ် ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ပုသိမ်မြို့နယ် စာရေးဆရာအသင်းက ကျင်းပသော တတိယအကြိမ်မြောက် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၉ ရက် ည ၇ နာရီက ပုသိမ်မြို့တော်ခန်းမ၌ ကျင်းပရာ စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ)၊ စာရေးဆရာမ သန်းမြင့်အောင်၊ စာရေးဆရာမ စန်းစန်းနွဲ့(သာယာဝတီ)တို့က သုတ၊ ရသစာပေများ ဟောပြောကြသည်။ အဆိုပါ အခမ်းအနားကျင်းပရာ မြို့တော်ခန်းမမြက်ခင်းပြင်၌ ရန်ကုန်မြို့မှ ရောက်ရှိလာကြသော စာအုပ်တိုက်များက သုတ၊ ရသစာပေများ၊ အတ္ထုပ္ပတ္တိများ၊ နိုင်ငံရေး၊ ဘာသာရေး ကျမ်းကြီးကျမ်းငယ်စုံလင်စွာဖြင့် စာအုပ်ဈေးရောင်းပွဲတော် ကျင်းပသကဲ့သို့ ဆရာကျော်နန္ဒ၊ ဆရာရဲနိုင်ဝင်းတို့ ဦးစီးတည်ထောင်သော ပညာဒါနအခမဲ့ကျောင်း ပညာပါရမီအကျိုးဆောင်ပညာရေးအဖွဲ့ကလည်း မြန်မာမုန့်မျိုးစုံ ဈေးရောင်းပွဲတော်တွင် မြန်မာလက်ဖက်ရည်ကြမ်းဝိုင်းများဖြင့် စာပေဟောပြောပွဲလာသူများကို ကြိုက်သလောက်စား၊ ကြိုက်သလောက်လှူ ပညာရေး ရန်ပုံငွေဈေးပွဲတော်ကို ကျင်းပခဲ့သည်။

**ပုသိမ်-လှကြည်**

# အလွန်လှပသည့် ရေတံခွန်ကြီး မကြာမီရေခန်းခြောက်ကာ ပျောက်ကွက်သွားနိုင်

**ဘူးသီးတောင် ဒီဇင်ဘာ ၂၂**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ သဘာဝအလျောက်ရှိနေသည့် စိုင်းဒင်ရေတံခွန်မှ ကျောက်များကို အလွန်အကျွံ ထုတ်ယူလာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်လာခဲ့ပြီဖြစ်၍ သဘာဝ ကျောက်စိုင်ကျောက်သားကြီးများ ကင်းမဲ့လာနေသည်။ ကျောက်တုံးကြီးများ ကင်းမဲ့လာသော်လည်း ထိန်းသိမ်းမည့်သူ မရှိသောကြောင့် စီးပွားရေးသမားများမှာ ရေတံခွန်ရှိ ကျောက်ကြောကြီးများကို ထွင်းဖောက်ခဲ့ထုတ်ကာဆက်လက် ကျောက်ထုတ်လုပ်နေသည်ကို တွေ့နေရသည်။

ထိုသို့ သဘာဝ ရေတံခွန်ရှိ ကျောက်များကို အကုန်အစင် ထုခွဲနေကြ၍ ရေတံခွန်၏ အလှတရားများမှာ ပျက်စီးလာလျက်ရှိနေသည်။

**ပါဝင်**

အဆိုပါ ရေတံခွန်သည် အဆင့်ခုနစ်ဆင့်ရှိပြီး မြန်မာနိုင်ငံရှိ ရေတံခွန်များထဲတွင် အကြီးဆုံးနှင့်အလှဆုံးထဲတွင်ပါဝင်သည်။ စိုင်းဒင်တောင်တန်းကြီးတွင်လည်း သစ်အလွန်အကျွံထုတ်လုပ်မှုကြောင့် တောင်ကတုံးအဖြစ်သာ ရှိနေသည်။ ယခင်က အဆိုပါ ရေတံခွန်ရှိ တောင်တန်းကြီးများမှာ ဝါး၊ သစ်နှင့် ကြိမ်များ အလွန်ပေါများစွာ ထွက်ရှိခဲ့သည်။ ယခုအခါ အထိန်းအကွပ်မရှိ ဆက်လက်ဖြုန်းတီးမှုများ ရှိနေသည်။

**ဖြစ်လာနိုင်**

ယခုအတိုင်း ဆက်လက်ပျက်စီးနေပါက အလွန်လှပသော ရေတံခွန်ကြီးသည် များမကြာမီ ရေခန်းခြောက်ကာ ပျောက်ကွယ်သွားနိုင်သည်အထိ ဖြစ်လာနိုင်ကြောင်း သိရသည်။

**စောသီရိ(ဘူးသီးတောင်)**





ပြည်တွင်းသတင်း

# ရွှေဝယ်ယူစုဆောင်းလိုသူများအတွက် အကောင်းဆုံးအချိန်

တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-မြင့်အောင်(စက်မှုဆေးဝါး)



ယနေ့ဖြစ်ပေါ်နေသော ရန်ကုန်မြို့၏ ရွှေသတင်းကိုသိလို၍ ပန်းဘဲတန်းမြို့နယ်ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးခန်းရှိရာသို့ ရောက်ခဲ့သည်။ ရုံးခန်းအတွင်း၌ အသင်းဝင်ရွှေရောင်းသူ ဝယ်သူတို့ဖြင့် စည်ကားလျက်ရှိနေသည်။

ယခုအချိန်သည် ရွှေဝယ်ယူစုဆောင်းလိုသူများအတွက် အကောင်းဆုံးသောအချိန်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်တစ်ဦးဖြစ်သူ ဦးအေးချို က ဆိုခဲ့သည်။

"မြန်မာ့ရွှေဈေးက ငါးနှစ်တာကာလအတွင်းမှာ စံချိန်တင်လောက်အောင် ကျဆင်းနေပါတယ်။ အကြမ်းအားဖြင့် ၂၀၁၁ ခုနှစ်က အခေါက်ရွှေတစ်ကျပ်သားကို ငွေကျပ် ၇၇၀၀၀၀ ကျော်၊ ၂၀၁၂ ခုနှစ်မှာ ငွေကျပ် ၇၀၀၀၀၀ ကျော်ရှိနေပြီး ၂၀၁၃ ခုနှစ် ရွှေဈေးက ငွေကျပ် ၆၅၀၀၀၀ ရာခိုင်နှုန်းဝန်းကျင်မှာ လည်နေတဲ့အတွက် အမြင့်ဆုံးတက်ခဲ့ရင် အခေါက်ရွှေတစ်ကျပ်သားကို ငွေကျပ် ၁၄၀၀၀၀ ကျော်ကျော်ကို ပြုတ်ကျသွားခဲ့ပါတယ်။"

ထိုင်း-ရွှေအသင်း အတွင်းရေးမှူး ဝင်းမြင့်က ဒီဇင်ဘာ ၂၀ ရက် မြန်မာ့ရွှေဈေးက အခေါက်ရွှေတစ်ကျပ်သားကို ငွေကျပ် ၆၄၄၅၀၀ ရှိနေပြီး ကမ္ဘာ့ရွှေဈေးက တစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၁၉၃ ရှိနေပါတယ်။ ၂၀၀၈ ခုနှစ် နောက်ပိုင်းမှာ စံချိန်တင်လောက်အောင် ကျဆင်းလာပါတယ်" ဟု ဆိုခဲ့သည်။

တစ်ပတ်အတွင်း ရွှေဈေးနှုန်း အခြေအနေကို ပြန်လည်လေ့လာကြည့်ရာ နိုင်ငံတကာဈေးကွက်နှင့် ပြည်တွင်းဈေးနှုန်း ကွာဟမှုကြောင့်လည်းကောင်း၊ ပြည်ပမှ ပြည်တွင်းသို့ ရွှေများ အထိုက်အလျောက်ဝင်နေခြင်းကြောင့်လည်းကောင်း တစ်ပတ်အတွင်း၌ ငွေကျပ် ၁၀၀၀၀ မျှ ကျဆင်းလာခြင်းဖြစ်ကြောင်း တွေ့ရသည်။

အတွင်းရေးမှူးက "တကယ်တော့ ရွှေဈေးက ဘာကြောင့်ဒီလောက်ကျဆင်းရသလဲဆိုရင် အမေရိကန်နိုင်ငံရဲ့ ဘတ်ဂျက်အသုံးစရိတ်များ လျှော့ချလိုက်တဲ့အတွက်လည်း ဖြစ်ပါတယ်"ဟုသုံးသပ်ပြောကြားခဲ့သည်။

## ငွေချည်(၆) ချည် မျှင်ရှည်ဝါ တောင်သူပညာပေးကွင်းသရုပ်ပြ

**စလင်း ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ငွေချည်(၆) ချည်မျှင်ရှည်ဝါ တောင်သူပညာပေးကွင်းသရုပ်ပြပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက အင်ကြင်းပင်လှအုပ်စု ကွင်းအမှတ်(၅၄၇)၊ ဦးပိုင်အမှတ်(၂၉/၃၀)ရှိ တောင်သူဦးလှခိုင်၏ ဝါစံပြကွက်၌ ကျင်းပရာ ရှေးဦးစွာ စလင်းမြို့နယ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆွေးနွေးမှာကြားပြီး ၎င်းနောက် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းညွန့်မောင်က ငွေချည်(၆) ချည်မျှင်ရှည်ဝါ တစ်ဧကအထွက်နှုန်းတိုးရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ ရှင်းလင်းဟောပြောလက်တွေ့ပြသသည်။

**တက်ရောက်**

အခမ်းအနားသို့ စလင်းမြို့နယ် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုအဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအထောက်အကူပြုအဖွဲ့များနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၁၂-၂၀၁၃

**ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

| | | |
|---|---|---|
| ရန်ကုန်ရွှေဈေး | တစ်ကျပ်သား | ၆၄၆၀၀၀-၆၀၈၅၀၀ |
| မန္တလေးရွှေဈေး | တစ်ကျပ်သား | ၆၄၆၅၀၀-၆၀၈၃၀၀ |

**(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)**

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး** (ပြင်ပငွေလဲပေါက်ဈေး)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၅-၉၈၅ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၃၃၅-၁၃၆၃ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၅-၇၈၉ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀.၂-၃၀.၅ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၅-၁၆.၂ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၇-၁၆၃ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၂၇၉-၂၉၇ | ကျပ် |

**စက်သုံးဆီဈေးနှုန်းများ** (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၁၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၄၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၉၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၆၀ ကျပ် |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း** (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၃၇၀၀-၄၂၀၀ | ကျပ် |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၅၀၀ | ကျပ် |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၅၀၀၀-၆၅၀၀ | ကျပ် |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၀၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၈၀၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၃၂၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၄၅၀၀-၁၀၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၈၀၀၀ | ကျပ် |
| ၁၀။ အမဲ | တစ်ပိဿာ | ၄၀၀၀-၈၀၀၀ | ကျပ် |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ | ကျပ် |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စေ့ငုတင်ပြသည်။**

## ထိုင်းနိုင်ငံသားများ ခြုံစောင်နှင့် အနွေးထည်များလာရောက်လှူဒါန်း

**တာချီလိတ် ဒီဇင်ဘာ ၂၂**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ရွှေတောင်တန်း (ပရဟိတ) ဘုန်းတော်ကြီးကျောင်းရှိ မိဘမဲ့ကလေး ကျောင်းသား ကျောင်းသူ ၁၇၀ အတွက် ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်က ခြုံစောင်၊ အနွေးထည်နှင့် အသုံးအဆောင်ပစ္စည်း၊ ထိုင်းနိုင်ငံသုံး ဘတ်ငွေတစ်သိန်းခန့် တန်ဖိုးရှိပစ္စည်းများကို ထိုင်းနိုင်ငံသားများက လာရောက်လှူဒါန်းသည်။

အဆိုပါ ပစ္စည်းများကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံသား ဆစ်လူမျိုး(ပန်ချာပီ) ကုသိုလ်ပြုအဖွဲ့ ကိုယ်စား ထိုင်းနိုင်ငံ ချင်းရိုင်မြို့နေ နိုင်းဘန်ကျစ်ကျာဝါလာနှင့် မယ်ဆိုင်မြို့လက်ထောက်မြို့ပိုင် နိုင်းဆူရချက်တို့ပါ ထိုင်းနိုင်ငံသားခြောက်ဦးတို့သည် မော်တော်ယာဉ်ဖြင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ ထိုင်း-မြန်မာအမှတ်(၁) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် တာချီလိတ်မြို့သို့ ရောက်ရှိလာပြီး တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ကျေးရွာအုပ်စု ဟွေရဲကျေးရွာရှိ ရွှေတောင်တန်း(ပရဟိတ)ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိခဲ့ပြီး ၎င်းတို့သည် ရွှေတောင်တန်း(ပရဟိတ) ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင် ဆရာတော် ဦးခေမာဝနှင့် တွေ့ဆုံကာ လှူဖွယ်ပစ္စည်းများကို လှူဒါန်းရာ ကျောင်းထိုင်ဆရာတော်က လှူဒါန်းမှုကို ရေစက်သွန်းချအမျှပေးဝေခဲ့ပြီး ဆုတောင်းမေတ္တာ ပို့သပေးခဲ့သည်။ အဆိုပါအဖွဲ့သည်အမှတ်(၁)ချစ်ကြည်ရေးတံတားမှ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

---

**ဦးခင်မောင်ဇော်(NYHE-၁၄၆၂၇၅)နှင့် အများသိစေရန်ကြေညာချက်**

ဒေါ်နန်းလောဝ်ပြိုင်း ၁၂/မဂဒ(နိုင်)၀၇၁၆၀၆၊ တိုက်အမှတ်၂၄၊ အခန်း ၂၁၊ ဦးဝိစာရအိမ်ရာ၊ ဦးဝိစာရရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးခင်မောင်ဇော်နှင့် ဒေါ်နန်းလောဝ်ပြိုင်းတို့သည် ၁၇-၁၁-၉၃ ရက်မှစ၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ရာ၌ ယနေ့တိုင် တရားဝင်ကွာရှင်းပြတ်စဲမှုမရှိခဲ့သည့်အပြင် ဒေါ်နန်းလောဝ်ပြိုင်းသည် ဦးခင်မောင်ဇော်နှင့် ပေါင်းသင်းနေထိုင်ခဲ့သော အထက်ဖော်ပြပါလိပ်စာ၌ နေထိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) (စဉ်-၆၇၀၂)**
**အမှတ် ၅၆၁၊ (M.A.C Tower)၊ အခန်း ၃၀၂၊**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

---

**ဒေါ်နှင်းယုခိုင် ၉/ညဥန(နိုင်)၁၅၁၉၃၄၊ ဒေါ်မိုးမိုးဇင် ၉/ညဥန(နိုင်)၂၁၃၇၀၁ နှင့် အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်းမြို့သစ်(ခ)၊ (၃)လမ်း၊ အမှတ်(၆၃) နေ ဒေါ်သန်းသန်းနွယ် ၁၂/မရက(နိုင်)၀၉၉၃၃၂၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ဒေါ်နှင်းယုခိုင် ရွှေပေါက်ကံမြေကွက်အမှတ် ၁၀/၉၃နှင့် ဒေါ်မိုးမိုးဇင် ရွှေပေါက်ကံမြေကွက်အမှတ် ၁၀/၁၀၅တို့သည် ၁၅-၉-၂၀၁၃ရက်တွင် ၎င်းတို့အမည်ပေါက်ရရှိမည့် မြေကွက်ကို စာချုပ်စာတမ်းများနှင့် စာချုပ်မှတ်ပုံတင်ရုံးများတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းနွယ်အား အသိသက်သေများရှေ့မှောက်တွင် လက်ဗွေ၊ လက်မှတ်များရေးထိုး၍ ရောင်းချထားပြီးဖြစ်ပါသည်။ မြေကွက်၏ပါမစ်စာရွက်များထုတ်ယူပြီး ဝယ်ယူသူသို့ အပ်နှံပါမည်ဟုလည်း ဝန်ခံကတိပြုခဲ့ပါသည်။ ယခုအခါ မြေကွက်ပါမစ်များကို ဒေါ်နှင်းယုခိုင်နှင့် ဒေါ်မိုးမိုးဇင်တို့မှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းနွယ်အား မြေချပါမစ်ထုတ်ယူပြီး အပ်နှံခြင်းမရှိဘဲ တခြားတစ်ဦးသို့ ရောင်းချကြောင်း သိရပါသည်။ သို့ဖြစ်ပါ၍ ဒေါ်နှင်းယုခိုင်နှင့် ဒေါ်မိုးမိုးဇင်တို့၏ မြေကွက်နှစ်ကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းနွယ်မသိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်းမပြုလုပ်ပါရန်နှင့် ဒေါ်နှင်းယုခိုင်နှင့် ဒေါ်မိုးမိုးဇင်တို့၏ မြေချပါမစ်များကို ခုနစ်ရက်အတွင်း လာရောက်အပ်နှံခြင်းမရှိပါက တည်ဆဲတရားဥပဒေအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်နှင်းယုခိုင်၊ ဒေါ်မိုးမိုးဇင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နွယ်နီတင် တရားလွှတ်တော်ရှေ့နေ (စဉ်-၆၉၃၉)**
**အမှတ် (၄၉၃)၊ ပထမထပ်၊ အခန်း (၃)၊ နဂါးရုံဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်တရားရုံးအနီး၊**
**(၅)ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၉၈၇၉၅**

---

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

အမှတ် ၆၆၊ စက်သစ်ရပ်၊ မုဒုံမြို့တွင်နေထိုင်သော ဒေါ်စန်းစန်းအေး ၁၀/မဒန(နိုင်)၂၂၃၄၅၉ ၏သား မောင်ဥက္ကာမင်းသူ ၁၀/မဒန(နိုင်)၁၉၀၅၄၃ သည် မိဘစကားကို နားမထောင်ဘဲ အိမ်ပေါ်မှဆင်းသွားပါသောကြောင့် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ တာဝန်ယူမည်မဟုတ်တော့ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

---

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**
**အလုပ်ပိတ်ရက်ကြော်ငြာ**

ရန်ကုန်ဆိပ်ကမ်းရှိတံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၅ရက် (ခရစ္စမတ်နေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

---

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး (နေပြည်တော်)တွင်**
**အလုပ်လျှောက်ထားသူ M.A(Eng)ဘွဲ့ရများအတွက်**
**အလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများ**
**ကျင်းပမည့်ရက်ကြေညာခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး (နေပြည်တော်)တွင် M.A(Eng)ဘွဲ့ရ အလုပ်လျှောက်ထားလာသူများအားလုံးသည် အောက်ဖော်ပြပါစာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | ဖြေဆိုမည့်ဘာသာရပ် | နေ့ရက် | အချိန် | နေရာ |
|---|---|---|---|---|
| (က) | English | ၁၁-၁-၂၀၁၄ (စနေနေ့) | နံနက် ၉ နာရီ မှ မွန်းတည့် ၁၂ နာရီအထိ | အထက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန (မန္တလေးနည်းပညာတက္ကသိုလ်)၊ အောက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန (ရန်ကုန်နည်းပညာတက္ကသိုလ်) |
| (ခ) | | လူတွေ့စစ်ဆေးခြင်း | | ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခံရမည့်သူများစာရင်းအား သက်ဆိုင်ရာစာစစ်ဌာနများတွင် ထပ်မံကြေညာပါမည်။ |

၂။ ဖြေဆိုမည့်သူများသည် ၈-၁-၂၀၁၄ ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာစာစစ်ဌာနများသို့ သတင်းပို့ရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း-၀၂-၅၇၇၃၆၃နှင့် ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်း-၀၁-၅၂၂၆၆၁၊ ၀၆၇-၄၀၄၀၁၇ နှင့် ၀၆၇-၄၀၄၀၁၈ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

---

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မွန်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄)မှ တာဝန်ယူကြီးကြပ်လျက်ရှိသော (၂၀၁၃-၂၀၁၄) ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့်တည်ဆောက်မည့် မော်လမြိုင်၊ မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ပြုလုပ်ပြီးကျွန်းမှန်တံခါးများ | ၂၈၃၂ စ/ပေ |
| ၂။ | 4"×1$\frac{3}{4}$" Aluminium ဘောင်(Thailand) | ၇၀၀၀ ပေ |
| ၃။ | Lip Channel(125mm×50mm×20mm×3mm) | ၂၁၀၀၀ ပေ |
| ၄။ | 4 Angle Colour Roofing Sheet (0.42mm) | ၁၉၃၅၀ ပေ |
| ၅။ | Glass Block (7$\frac{1}{2}$"×7$\frac{1}{2}$") | ၃၉၃၀ လုံး |
| ၆။ | ပါကေး (9"×3"×1") | ၃၃၄၀၈ လုံး |
| ၇။ | ကြမ်းခင်းပစ္စည်းများ | |
| | - Homogenous Tile(12"×12")(F) | ၁၇၅၀၀ ချပ် |
| | - Wall Tile(12"×18")(F) | ၈၁၃၅ ချပ် |
| ၈။ | သံတိုင်ကီနှင့် သံရေစင်တည်ဆောက်ရန် ဆက်စပ်ပစ္စည်းများ(ဂါလန် ၆၀၀၀ ပေ ၄၀ အမြင့်) | ၁ စုံ |
| ၉။ | ရေသန့်ပစ္စည်းများ (Sanitary Appliances, Pipe, Pipe & Fitting များ) | |
| ၁၀။ | လျှပ်စစ်ပစ္စည်းများ (လျှပ်စစ်ဝိုင်ယာနှင့် Light Fitting များ) | |

၂။ တင်ဒါစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများအား ၂၃-၁၂-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၆-၁-၂၀၁၄ ရက် နံနက် ၈း၀၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၆-၁-၂၀၁၄ ရက် နံနက် ၁၀း၀၀ နာရီ
အင်ဂျင်နီယာမှူးကြီးရုံး၊
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်၊
မော်လမြိုင်မြို့။

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။
အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်၊မော်လမြိုင်မြို့။
(ဖုန်း-၀၅၇-၂၄၉၁၈)

**အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)**
**ဖုန်း-၀၁-၅၇၇၁၀၃၊ ၀၁-၅၆၂၁၉၇**

---

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ရောဝတီတိုင်းဒေသကြီးရှိ မြို့နယ်သမဝါယမလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာ၊ ဟင်္သာတ၊ ဇလွန်နှင့် ဓနုဖြူမြို့နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီအဖွဲ့ဝင် မြို့မိမြို့ဖများ၊ သမဝါယမ ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ အသင်းစုဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းသားများနှင့် တွေ့ဆုံပြီး သမဝါယမစနစ်သည် မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၁၀၀ ကျော်တိုင် အသင်း၏ လုပ်ငန်းစဉ်များဖြင့် ပြည်သူကို အမှန်တကယ် အကျိုးပြုလျက်ရှိကြောင်း၊ ယနေ့ အစိုးရသစ်လက်ထက်တွင် သမဝါယမဝန်ကြီးဌာနအနေဖြင့် ပြည်သူများလိုအပ်သော အရင်းအနှီး ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးခြင်း၊ အသုံးအဆောင်ပစ္စည်းများအား ဘဏ်များနှင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သမဝါယမ စီးပွားရေးလုပ်ငန်းများကို ဈေးကွက်၊ နည်းပညာကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သမဝါယမစနစ် အောင်မြင်လာသည်နှင့်အမျှ အသင်းသားများ၏ လူမှုစီးပွားဘဝ မြင့်မားလာရုံသာမက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ တွဲဖက်ဆောင်ရွက်လာနိုင်မည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၁၂ ဘီးကုန်တင်ယာဉ် မီးလောင်ကျွမ်း သီပေါမီးသတ်က သွားရောက်ငြိမ်းသတ်

**သီပေါ ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် မန္တလေး-လားရှိုး ပြည်ထောင်စု လမ်းမကြီး နောင်အန်ကျေးရွာအုပ်စု ခိုလုံကျေးရွာတွင် ဒီဇင်ဘာ ၂၀ ရက် နံနက် ၄ နာရီက မူဆယ်ဘက်မှ မန္တလေးသို့ ဝိုင်ယာကြိုးခွေနှင့် ဘုရားမီးသီး ကတ်စက္ကူသေတ္တာများ တင်ဆောင်လာသည့် ယာဉ်မောင်း ကိုမြဝင်း မောင်းနှင်လာသော ယာဉ်အမှတ် ၆ခ/. . . ၁၂ ဘီးကုန်တင်ယာဉ် မီးလောင်ကျွမ်းခဲ့သည်။

အခင်းဖြစ်ပွားရာသို့ သီပေါမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်း ဦးစီးသော သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ အချိန်နှင့်တစ်ပြေးညီ သွားရောက်ငြိမ်းသတ်နိုင်ခဲ့သဖြင့် နံနက် ၅ နာရီခန့်တွင် မီးငြိမ်းသွားပြီး ငွေကျပ် ၁၁၅ သိန်းကျော်ဖိုး ဆုံးရှုံးသွားကြောင်း သိရသည်။ **(အောက်ပုံ)**

**စိုင်း(သီပေါ)**



# ၂၀၁၃ ခုနှစ် ပညာတန်ဆောင် စာပေပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

၂၀၁၃ ခုနှစ် ပညာတန်ဆောင် စာပေပြိုင်ပွဲ၌ ဆုရသူများအား ဆုချီးမြှင့်ခြင်းနှင့် ၂၀၁၂ ခုနှစ် စာပေဗိမာန် စာမူဆုရရှိကြသော ပညာတန်ဆောင် ကလောင်ရှင်များအား ထပ်ဆင့်ဂုဏ်ပြုသည့်အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးက နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးက စာပေပြိုင်ပွဲနှင့် ပတ်သက်၍ အကဲဖြတ်သုံးသပ်ချက်များကို တင်ပြသည်။

ထို့နောက် ၂၀၁၃ ခုနှစ် ပညာတန်ဆောင်စာပေပြိုင်ပွဲ ခုနစ်မျိုးတွင် ဆုရရှိသူ ၂၈ ဦး၊ ၂၀၁၂ ခုနှစ် စာပေဗိမာန်စာမူဆုရရှိကြသော ပညာတန်ဆောင်ကလောင်ရှင် ခုနစ်ဦးနှင့် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုခံဆရာကြီး တစ်ဦးတို့ကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

အဆိုပါအခမ်းအနားသို့ ပညာရေးတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ် ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၊ ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပညာရေးစေတနာရှင်၊ အလှူရှင်တော်ဝင်မိသားစုဥက္ကဋ္ဌနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၁၃ ခုနှစ် ပညာတန်ဆောင် စာပေဝတ္ထုတိုပြိုင်ပွဲ၌ ရှမ်းပြည်နယ်မှ အထွေထွေလုပ်သားတစ်ဦးလည်း ဆုရရှိခဲ့သည်ဟု သိရသည်။ **(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာနမှ DVB T2 Set Top Box အခမဲ့တပ်ဆင်ပေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ အသိဉာဏ် ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ တိုင်းဒေသကြီး၊ ပြည်နယ်အနှံ့အပြား ဒေသမရွေး DVB T2 Set Top Box များ တပ်ဆင်ပေးလျက်ရှိသည်။

ထိုသို့ တပ်ဆင်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် တောင်ပေါ်အရှေ့ခြမ်း သစ်တွန်အုပ်စု ဖလောင်းကျေးရွာ သွေးသောက်စာကြည့်တိုက်သို့ ကွင်းဆင်း၍ DVB T2 Set Top Box အခမဲ့တပ်ဆင်ပေးရာ ဖလောင်းကျေးရွာမှ ဒေသခံများအနေဖြင့် နေပြည်တော်နှင့် အခြားဒေသများတွင် ကျင်းပလျက်ရှိသော အရှေ့တောင်အာရှအားကစားပွဲတော်ကို တိုက်ရိုက် Live ကြည့်ရှုခွင့်ရရှိကြသည်။

DVB T2 Set Top Box များ တပ်ဆင်ပေးမှုနှင့်ပတ်သက်၍ ဖလောင်းကျေးရွာမှ ဦးကျော်မြင့်က "ယခုလို ပြန်ကြားရေးဝန်ကြီးဌာနက Set Top Box များ အခမဲ့တပ်ဆင်ပေးတော့မှ မြန်မာ့ရုပ်မြင်သံကြားကို သေသေချာချာကြည့်ရှုရ၍ အားကစားနှင့် ဗဟုသုတဆိုင်ရာ လိုင်းပေါင်းစုံအပြင် ဆီးဂိမ်းအားကစားပွဲတွေကိုပါ တိုက်ရိုက်ကြည့်ရှုခွင့်ရလို့ ရွာသူရွာသားတွေအားလုံးက ပြန်ကြားရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်အပိုင်းက ဒီလိုဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ဆက်လက်ပြီး အမြို့မြို့အနယ်နယ်ရှိ ဆေးရုံ၊ ဆေးခန်း၊ စာသင်ခန်းများ ဘိုးဘွားရိပ်သာနှင့် စာကြည့်တိုက်တို့ကိုလည်း Set Top Box များ အခမဲ့ဖြန့်ဝေမည်ဖြစ်ကြောင်း သိရသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**

## သတိပေးနှိုးဆော်ချက်

နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက် စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ် တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုး ခိုင်ခံ့စွာတပ်ဆင်ရန်နှင့် နှစ်ဦးထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**







## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့၊ အကွက် ၄၂၃၊ လန်ဒန်ဝင်းရပ်နေ ကျွန်တော် ကျွန်မတို့၏သား မောင်ဝင်းထွန်းဦး ၉/မနတ(နိုင်)၀၉၈၃၂၀ သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးမြင့်သူ-ဒေါ်ဝင်းရီ**



## ကံကောင်း

### အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊ VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊ သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။ (သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်

**ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉
၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈**





## လူပျောက်ကြော်ငြာ

ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူ (၁)ရပ်ကွက်၊ (၁)လမ်း၊ အမှတ် (၁/၅၀)နေ ဖော်ပြပါဓာတ်ပုံရှင် ဦးဝင်းနိုင်၏ဇနီး မနီနီမာ ၉/လဝန(နိုင်)၁၀၆၈၃၁ အသက်(၄၂)နှစ် (ဘ) ဦးအုန်းမောင်၏သမီးသည် ၆-၁၂-၂၀၁၃ရက်တွင် ပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် သတင်းပေးသူအား ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။ လက်ခံထားရှိသူအား တရားဥပဒေအရ အရေးယူမည်။

**ဦးဝင်းနိုင် ၉/ပမန(နိုင်)၁၇၀၁၇၅
ဖုန်း-၀၉-၄၉၂၁၁၈၇၈**


## သွေးသည်အသက်


# တော်ဝင်ကျောက်စိမ်းဟိုတယ်ဖွင့်လှစ်ခြင်းကျေးဇူးတင်လွှာ

နေပြည်တော် ဥတ္တရသီရိဟိုတယ်ဇုန်ရှိ ဆုထူးပန်ကုမ္ပဏီ၏ တော်ဝင်ကျောက်စိမ်းဟိုတယ်အား ၂၅-၁၁-၂၀၁၃ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပါသည်။ အချိန်တိုကာလအတွင်း အချိန်မီနှင့် အရည်အသွေးမီစွာ တည်ဆောက်ခဲ့ပြီး (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ ပြိုင်ပွဲဝင်နိုင်ငံအသီးသီးမှ အားကစားသမားများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ တည်းခိုနေထိုင်စားသောက်နိုင်သည်အထိ ပြည့်စုံခဲ့ပါသည်။ မိသားစုဝင်များပမာ နေ့ရောညပါ ပါဝင်တည်ဆောက်ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသော အောက်ပါကုမ္ပဏီနှင့် ပုဂ္ဂိုလ်များအား ဆုထူးပန်ကုမ္ပဏီ MDနှင့် တော်ဝင်ကျောက်စိမ်းဟိုတယ်မိသားစုများမှ အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

- ဦးခိုင်ဇော်မင်း နှင့် KZ ဆောက်လုပ်ရေးဝန်ထမ်းများ
- ဦးအောင်လွင်အောင်နှင့် KM Decoration ဝန်ထမ်းများ
- ဦးစိုးသန်းဦးနှင့် E-Tech; Electrical Engineering ဝန်ထမ်းများ
- ဦးစိုးနိုင်၊ ဒေါ်တင်တင်အေးနှင့် ရေသန့်လုပ်ငန်းဝန်ထမ်းများ
- ဦးထွန်းရှိန်နှင့် ရွှေကောင်းကင် Painting Group ဝန်ထမ်းများ
- ဦးဝင်းထက်နှင့် High Power Engineering Group ဝန်ထမ်းများ
- ဦးမြင့်လွင်-ဒေါ်ရီရီမော် တုဝတီမြင့်လွင်နှင့် ပြည့်စုံပရိဘောဂအဖွဲ့
- ဦးကျော်နနှင့် ဆောက်လုပ်ရေးဝန်ထမ်းများ
- ဦးဇေယျာအောင်၊ ဒေါ်တိုက်ဂါး နှင့် Kitchen Set တည်ဆောက်ရေးအဖွဲ့
- ဦးဉာဏ်လင်းနှင့် TM Engineering ကုမ္ပဏီလီမိတက်ဝန်ထမ်းများ
- ဦးစိန်တိုးနှင့်စတီးလုပ်ငန်း မိသားစု
- ONE M Myanmar Co., Ltd .(Mitsubishi Aircon:)
- Shutone ခန်းဆီးလိုက်ကာ

**တော်ဝင်ကျောက်စိမ်းဟိုတယ်မိသားစု၊ နေပြည်တော်**

နိုင်ငံတကာအားကစားသတင်း

# အာစင်ဝင်းဂါးနဲ့မော်ရင်ဟို ထိပ်တိုက်ဆုံပြီ

မိုးမြင့်လင်းလက်

ပရီမီယာလိဂ်ပွဲစဉ်(၁၇) လက်ကျန်ပွဲစဉ်အဖြစ် အသင်းကြီးနှစ်သင်းဖြစ်တဲ့ အာဆင်နယ်နဲ့ချယ်လ်ဆီးတို့ရဲ့ ပွဲစဉ်ကို ဒီဇင်ဘာ ၂၄ ရက်မှာ ကစားကြမှာဖြစ်ပါတယ်။ ပရီမီယာလိဂ် ထိပ်တန်းနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုဟာ အကြိတ်အနယ်ရှိပြီး ပွဲကောင်းအဖြစ် မြင်တွေ့ရမှာဖြစ်သလို အာဆင်နယ်ရဲ့စွမ်းဆောင်မှုဟာ တန်းစီဇယားထိပ်ဆုံးကို ပြန်လည်စိုးမိုးနိုင်မလားဆိုတာက စိတ်ဝင်စားစရာကောင်းနေပါတယ်။

အာဆင်နယ်ဟာ ဒီနှစ်ဘောလုံးရာသီမှာ ပုံမှန်ခြေစွမ်းရရှိနေပြီး ကစားအားလည်း ရှေ့၊ လယ်၊ နောက်မျှတနေပါတယ်။ အထူးသဖြင့် ကွင်းလယ်က တိုက်စစ်ကို ပံ့ပိုးပေးမှုအပိုင်းကောင်းမွန်နေပြီး အသင်းလိုက်ကစားအားလည်းကောင်းနေပါတယ်။ အာဆင်နယ် လူငယ်ကစားသမားတွေရဲ့ ဒီနှစ်စွမ်းဆောင်ရည်ဟာ နည်းပြအာစင်ဝင်းဂါးရဲ့ နည်းစနစ်အောက်မှာ ကောင်းမွန်တဲ့အနေအထားရောက်ရှိနေပါတယ်။

အာဆင်နယ်ရဲ့ နောက်ဆုံးကစားခဲ့တဲ့ကစားပွဲငါးပွဲရဲ့ ရလဒ်ကိုကြည့်ရင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ နှစ်ပွဲရှုံး ရလဒ်တွေရှိခဲ့ပါတယ်။ မန်စီးတီးကို ဂိုးပြတ်ရှုံးခဲ့တဲ့ ခြေစွမ်း၊ နာပိုလီကို နှစ်ဂိုးပြတ်ရှုံးခဲ့တဲ့ အခြေအနေမျိုးတွေကို နည်းပြအာစင်ဝင်းဂါး ပြန်လည်ပုံဖော်မှာတော့ မဟုတ်ပါဘူး၊ ဒီပွဲဟာ ဒီနှစ်ချန်ပီယံ ခြေစွမ်းရှိ မရှိကို စမ်းသပ်ခံရမယ့် ပွဲဖြစ်တာမို့ အာစင်ဝင်းဂါး သေသေချာချာပြင်ဆင် ကစားပါလိမ့်မယ်။

ချယ်လ်ဆီးတို့ကတော့ အမှတ်ကွာဟမှု ကျဉ်းမြောင်းအောင်ကြိုးစားနေတဲ့ အချိန်မှာ ဒီပွဲကို အခွင့်အရေးကောင်းတစ်ခုအဖြစ် အသုံးချဖို့အားထုတ်ပါလိမ့်မယ်။ နည်းပြမော်ရင်ဟိုဟာ အာစင်ဝင်းဂါးနဲ့ ပြိုင်ဘက်ဟောင်းတွေဖြစ်တာမို့ ဒီပွဲကို လျှော့တွက်ပြီး ပြင်ဆင်မှာမဟုတ်ပါဘူး၊ ခြေစွမ်းအတက်အကျရှိနေပြီး တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းသားကျနေတဲ့အနေအထားကို ပြင်ဆင်ထားမှ တော်ကာကျပါလိမ့်မယ်။

ဒီပွဲမှာ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုဟာ မှတ်တမ်းကောင်းရဖို့ ကြိုးစားမှာမို့ နှစ်သင်းစလုံးရဲ့ အင်အားချိန်ခွင်လျှာဟာ တည့်မတ်တဲ့အနေအထားလည်း ဖြစ်သွားနိုင်သလို အလေးသာမှုအပိုင်းကိုတော့ ချယ်လ်ဆီးကို သတ်မှတ်ရမှာဖြစ်ပါတယ်။ ။



## ဒေါ့မွန်ငါးပွဲမြောက် ရှုံးပွဲကြုံ

ဘွန်ဒက်စ်လီဂါပြိုင်ပွဲများကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဒေါ့မွန်က အိမ်ကွင်း၌ ဟာသာဘာလင်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သွားခဲ့သည်။ ဒေါ့မွန်က ဟာသာဘာလင်ကို ရှုံးနိမ့်မှုသည် ယခုနှစ်အတွင်း ငါးပွဲမြောက်ရှုံးနိမ့်မှုဖြစ်သည်။

ဖလားရရှိရန် မျှော်လင့်ထားသော ဒေါ့မွန်သည် ထိပ်ဆုံးမှ ဘိုင်ယန်မြူးနစ်နောက်သို့ ၁၂ မှတ်ခွာ၍ လိုက်နေရသဖြင့် ဖလားရရန်မျှော်လင့်ချက်မှာ ပို၍ ဝေးသွားပြီဖြစ်သည်။

ဟာသာဘာလင်သည် နံပါတ်၆ နေရာသို့ တက်လာသည်။ သို့သော် တတိယနေရာရှိ ဒေါ့မွန်နောက်မှ လေးမှတ်ကွာနေသည်။

## ကာဒစ်နည်းပြ နုတ်ထွက်ရန်ငြင်းဆို

ကာဒစ်နည်းပြ မာကီးမက်ကေးသည် လီဗာပူးနှင့်ပွဲမတိုင်မီ နည်းပြအဖြစ်မှ နုတ်ထွက်ရန် တောင်းဆိုမှုကို ငြင်းဆိုလိုက်သည်။ မက်ကေးသည် နုတ်ထွက်ခြင်း သို့မဟုတ် ဖြုတ်ပစ်ခြင်းကို ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း မလေးရှားနိုင်ငံသား ကာဒစ်အသင်းပိုင်ရှင် ဗင်ဆင့်တန်က ပြောသည်။ အသက် ၄၁ နှစ်ရှိ ကာဒစ်နည်းပြမက်ကေးက နုတ်ထွက်ရန်ဖိအားပေးမှုကို ငြင်းဆိုထားသည်။

ကောင်းမြတ်သူ-စုစည်းသည်

## ဥရောပပြည်တွင်းလိဂ်ပွဲစဉ်နှင့်ဂိုးရလဒ်များ သီဟ

| အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၁၇ | | ဒီဇင်ဘာ ၂၄ |
|---|---|---|
| အာဆင်နယ် | - ချယ်လ်ဆီး | နံနက် ၂:၃၀ |

**ဒီဇင်ဘာ ၂၁/၂၂ ဘောလုံးပွဲရလဒ်များ**

| | | |
|---|---|---|
| ဝါဒါဘရီမင် | ၁-၀ | လေဗာကူဆင် |
| ဖရိုင်းဘတ် | ၂-၁ | ဟန်နိုဗာ |
| ဟမ်းဘတ် | ၂-၃ | မိန့်ဇ် |
| ဒေါ့မွန် | ၁-၂ | ဟာသာဘာလင် |
| ဘရန်းရှ်ဗစ် | ၁-၀ | ဟော့ဖန်ဟိန်း |
| နူရင်ဘတ် | ၀-၀ | ရှော်လ်ကေး |
| လီဗော်နို | ၁-၂ | အူဒီးနိစ် |
| ကက်ဂလီယာယီ | ၁-၁ | နာပိုလီ |
| ဗီလာရီးရဲလ် | ၁-၂ | ဆီဗီလာ |
| ဘက်တစ် | ၀-၁ | အယ်လ်မာရီးယား |
| အက်သလက်တီကို | ၃-၂ | လီဗန်တေး |
| ဂရန်နာဒါ | ၁-၃ | ဆိုစီဒက် |
| စိန့်အက်တီယန် | ၂-၀ | နန့်တက်စ် |
| ဆိုးချော့စ် | ၂-၁ | ရန်းနက်စ် |
| တူးလော့စ် | ၀-၀ | ဂူအင်ဂမ့် |
| နိုက်စ် | ၃-၁ | အီဗီယန် |
| ဘက်စ်တီယာ | ၀-၀ | မောင့်ပယ်လီယာ |
| ရိမ်းစ် | ၄-၁ | အဂျာစီယို |
| ကျူပီအာ | ၀-၁ | လက်စတာ |
| ဒါဘီ | ၃-၁ | ဒွန်ကတ်စတာ |
| ရှက်ဖီးဝမ်းနက်စ်ဒေး | ၁-၂ | ဘုန်းမောက် |
| ဘရိုက်တန် | ၀-၀ | ဟက်ဒါဖီးလ် |
| အက်စ်ပန်ညို | ၄-၂ | ဗယ်လာဒိုလစ် |
| ဆောက်သမ်တန် | ၂-၃ | စပါး |
| ဂလက်ဘတ် | ၂-၂ | ဝုဖ်ဘတ် |
| မာဆေး | ၂-၂ | ဘော်ဒိုး |
| ဘိုလော့ဂ်နာ | ၁-၀ | ဂျီနိုအာ |
| အတ္တလန္တာ | ၁-၄ | ဂျူဗင်တပ်စ် |
| ဗီရိုနာ | ၄-၁ | လာဇီယို |
| ရိုးမား | ၄-၀ | ကာတာနီးယား |
| ဆမ်ဒိုးရီးယား | ၁-၁ | ပါးမား |
| ဆက်ဆူအိုလို | ၀-၁ | ဖီအိုရင်တီးနား |
| တိုရီနို | ၄-၁ | ချီယေဗို |

ကြော်ငြာ

# ချီးကျူးဂုဏ်ပြုလွှာ

(၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် ရွှေ(၈၆)၊ ငွေ(၆၂)၊ ကြေး(၈၅)၊ စုစုပေါင်း ဆုတံဆိပ် (၂၃၃)ခုဖြင့် နိုင်ငံအလိုက် ဒုတိယအဆင့်ကို ထိုက်ထိုက်တန်တန်ရရှိခဲ့သော မြန်မာအားကစားသမား မောင်မယ်များ၊ အားကစားဝန်ကြီးဌာနနှင့် အားကစားအဖွဲ့ချုပ်အသီးသီးမှ တာဝန်ရှိသူအားလုံးကို ပြည်သူများနှင့်အတူ လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုအပ်ပါကြောင်း။

သူရ ဦးအေးမြင့်
ဥက္ကဋ္ဌနှင့်ကော်မတီဝင်များ
အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ
ပြည်သူ့လွှတ်တော်




## ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

# ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

**ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

**၁။ ဖျာပုံမြို့နယ်တွင် ရေကြောင်းပို့ဆောင်ရေး သင်္ဘောလိုင်စင်ကို ပုသိမ်တွင်သွားရောက်ပေးဆောင်ရသည့်အခက်အခဲအား ဖြေရှင်းပေးရန်နှင့် (ရ·ည·န)ရုံးအား ဖျာပုံခရိုင်တွင် ဖွင့်လှစ်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** အဆိုပါ အခက်အခဲအား ဖြေရှင်းပေးရန် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဖျာပုံခရိုင်တွင် ရုံးခွဲဖွင့်လှစ်သွားရန် အစီအစဉ်ရှိပါကြောင်းနှင့် ဖွင့်လှစ်နိုင်ရန်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**၂။ ညောင်တုန်းမြို့ မြစ်ကမ်းသာ စုစုပေါင်းအရှည်ပေ ၆၀၂၀ ရှိပြီး အရှည်ပေ ၁၆၁၀ အား ရေဘေးကာကွယ်ရေး ကျောက်စီနံရံ ပြုလုပ်ဆောင်ရွက်ပြီး ဖြစ်ရာ ကျန်ရှိသော ပေ ၄၄၁၀ အား ကျောက်စီနံရံပြုလုပ်ပေးနိုင်ရန်ကိစ္စနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ်** ညောင်တုန်းမြို့ ရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၁၉၉၇-၁၉၉၈ မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ ရရှိသော ခွင့်ပြုရန်ပုံငွေပေါ် မူတည်၍ နှစ်စဉ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုနှစ် မြစ်ရေပြန်လည်ကျဆင်းချိန် ပွင့်လင်းရာသီတွင် ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်ရန်လိုအပ်ပါက ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**၃။ ခနော်ဖြူမြို့နယ် စံကင်း/ကျောက်တိုင်ကျေးရွာကမ်းပြိုမှုနှင့်ပတ်သက်၍ သောင်တူးပေးနိုင်ပါရန် မေးမြန်းချက်အပေါ် ခနော်ဖြူမြို့နယ် စံကင်း/ကျောက်တိုင်ကျေးရွာ ကမ်းပြိုမှုနှင့်ပတ်သက်၍** အသေးစိတ် တိုင်းတာပြီးဖြစ်ပါသည်။ ရရှိလာသော မြေပုံနှင့်အချက်အလက်ပေါ်မူတည်၍ ဆောင်ရွက်သင့်သည့် ကမ်းထိန်းလုပ်ငန်းစီမံချက်ကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၃-၂၀၁၄ ဖြည့်စွက်ရန်ပုံငွေ (R.E)တွင် ထည့်သွင်းတောင်းခံနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။ ခွင့်ပြုရန်ပုံငွေရရှိလာပါက လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

---

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

**၁။ တရုတ်နှင့် ထိုင်းနိုင်ငံနယ်စပ်များမှ တရားမဝင် တင်သွင်းလာသော မော်တော်ဆိုင်ကယ်များအား တရားဝင်လိုင်စင်ထုတ်ပေးနိုင်ပါရန်ကိစ္စနှင့် ပတ်သက်၍** ပြည်တွင်းသို့ အကြောင်းအမျိုးမျိုးကြောင့် တရားမဝင် ရောက်ရှိနေသော မော်တော်ဆိုင်ကယ်များအား နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ အကျိုးကိုရှေးရှု၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ ပြည်သူများ သတ်မှတ်စည်းကမ်း ဥပဒေဘောင်အတွင်းမှ မော်တော်ဆိုင်ကယ်များအား မောင်းနှင်အသုံးပြုနိုင်ရေး၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများရရှိရေးအတွက် သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်းအဖွဲ့ ဖွဲ့စည်း၍ သတ်မှတ်အခွန်အခတောင်းခံပြီး (One Stop Service) စီမံချက်ဖြင့် ၁၉၉၉ ခုနှစ်၊ ၂၀၀၄ ခုနှစ်၊ ၂၀၀၈ ခုနှစ်၊ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်များတွင် မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၁၂ ခုနှစ် ဇွန်လ ၅ ရက်နေ့မှ နိုဝင်ဘာလ ၄ ရက်နေ့အထိ မော်တော်ဆိုင်ကယ်အစီးရေ ၇၆၀၇၀ မှတ်ပုံတင်ပေးခဲ့ပါသည်။ ယခုအချိန်ကာလသည် နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ လိုလားချက်၊ လိုအပ်ချက်များအား အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနေသော ကာလဖြစ်၍ (One Stop Service) စီမံချက်ဖြင့် ထပ်မံ၍ မှတ်ပုံတင်ဆောင်ရွက်ခွင့်ပြုပါက တရားဝင်မှတ်ပုံတင် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ကုန်သွယ်ရေးဦးစီးဌာန၏ ခွင့်ပြုပါမစ်ဖြင့် နယ်စပ်ဝင်ပေါက်များမှ တင်သွင်းလာသော မော်တော်ဆိုင်ကယ်များကိုလည်း အကောက်ခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားများတင်ပြပါက တရားဝင်မှတ်ပုံတင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆက်လက်၍ အသိပေးတင်ပြလိုသည်မှာ ဌာနအနေဖြင့် ပြည်သူဗဟိုပြုစနစ်နှင့်အညီ ရုံးစိုက်ရာမြို့များသို့ ပြည်သူများလာရောက်လုပ်ငန်းဆောင်ရွက်ခြင်းအစား ပြည်သူများရှိရာ မြို့နယ်များအထိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ နယ်လှည့် မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်သည့်နည်းတူ မော်တော်ဆိုင်ကယ်စီးနင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိမောင်းနှင်နိုင်ရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းများဖွင့်လှစ်၍ ယာဉ်မောင်းလိုင်စင်များ စစ်ဆေးထုတ်လုပ်ပေးခြင်းများကို မြို့နယ်များအထိ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ယခုကဲ့သို့ တွေ့ဆုံပွဲအခမ်းအနားများသာမက အချိန်နှင့်တစ်ပြေးညီ ဌာနနှင့် ပတ်သက်၍ သိရှိမေးမြန်းလိုသည်များ၊ အကြံပြုလိုသည်များရှိပါက ရုံးအသီးသီးတွင် ပြည်သူ့ဆက်ဆံရေးဌာနစိတ်များ ဖွင့်လှစ်ထားပြီး အကြံပြုစာပုံးများ၊ မှတ်တမ်းများလည်း ထားရှိပါသည်။ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလိုပါကလည်း ခရိုင်ဦးစီးမှူး ဦးမြင့်ထွန်း ဖုန်း ၀၄၅-၃၀၃၃၄၊ ၀၉-၈၅၈၅၃၃၄၊ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းတင် ဖုန်း-၀၄၂-၂၅၃၅၄၊ ၀၉-၅၂၀၀၁၁၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

---

**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

**၁။ ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာတွင် စီဒီအမ်အေ ၈၀၀ တိုင်ရှိပြီး မီးရရှိမှုမရှိသဖြင့် ဆက်သွယ်မှုမကြာမဏ ပြတ်တောက်နေခြင်းအတွက် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန်နှင့် ဂျီအက်စ်အမ်စနစ်ပါရရှိရေး ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာတွင် CDMA-800 MHz MECTel စခန်းတစ်ခုရှိပါသည်။ လျှပ်စစ်မီးမရသဖြင့် အရန်ဓာတ်အားပေးစက်ဖြင့် မောင်းနှင်အသုံးပြုနေရပါသည်။ အဆိုပါ စခန်းအား ၂၄ နာရီ အသုံးပြုနိုင်ရေး သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၃ -၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း မအူပင်မြို့နယ် မဲဇလီကျေးရွာတွင် GSM စခန်းတစ်ခုတွင် တည်ဆောက်တပ်ဆင်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**၂။ မအူပင်မြို့နယ်တွင် မိုဘိုင်းဖုန်း Internet လိုင်းများကို 3G အဆင့် တိုးမြှင့်ပေးရန်ကိစ္စနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ်** ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် မိုဘိုင်းဖုန်း Internet လိုင်းများကို 3G အဆင့် တိုးမြှင့်ပေးရန်ကိစ္စနှင့် စပ်လျဉ်း၍ 3G UMTS မိုဘိုင်းဖုန်းများကို ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများတွင် အဆင့်လိုက် တိုးချဲ့တပ်ဆင်၍ ခွဲဝေချထားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**၃။ ပန်းတနော်မြို့နယ်တွင် CDMA တာဝါတိုင်တစ်တိုင်နှင့် GSM တာဝါတိုင်နှစ်တိုင်သာရှိပြီး တစ်မြို့နယ်လုံး CDMA/ GSMဖုန်းများအသုံးပြု၍ မရပါ။ သို့ဖြစ်ပါ၍ မြို့နယ်တွင်း ကျေးရွာအုပ်စု ၅၆ အုပ်စုအားလုံး ဆက်သွယ်အသုံးပြုနိုင်ရန်အတွက် CDMA/GSM တာဝါတိုင်များ ထပ်မံဆောင်ရွက်ပေးရန်ကိစ္စနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ်** ပန်းတနော်မြို့နယ်တွင် GSM စခန်းနှစ်ခုနှင့် CDMA-450 စခန်းတစ်ခု တပ်ဆင်ပြီးဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပန်းတနော်မြို့နယ် အင်းမတိုက်နယ် ကျေးရွာတွင် GSM စခန်းတစ်ခု တည်ဆောက်တပ်ဆင်ပေးသွားမည်ဖြစ်ပါသည်။ မြေနေရာရရှိရေး မြို့မိမြို့ဖများမှ ကူညီဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ ကျန်ကျေးရွာများအတွက်လည်း နောင်ဆောင်ရွက်မည့် စီမံကိန်းများတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ ဦးစားပေးအစီအစဉ်အရ အဆင့်လိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## အာဆီယံဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ စစ်တွေမြို့၌ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၂၂**

အာဆီယံညီလာခံတွင် မြန်မာနိုင်ငံအတွင်းရှိ အစိုးရအဖွဲ့အစည်းနှင့် လူမှုရေးအဖွဲ့အစည်းများမှ တက်ကြွစွာ ပါဝင်ဆွေးနွေးနိုင်ရေး အာဆီယံဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ် စစ်တွေမြို့ ၅၀၁ ကဖီး၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်သူများမှ တစ်ဦးချင်းမိတ်ဆက်ကြပြီးနောက် အာဆီယံဆိုင်ရာသိမှတ်ဖွယ်ရာများကို ဆွေးနွေးကြသည်။ ယင်းနောက် အာဆီယံအတွင်းရေးမှူးရုံးမှ အတွင်းရေးမှူး ဦးကျော်လင်းဦးက အာဆီယံသမိုင်းအကြောင်းနှင့် အာဆီယံအဖွဲ့ကြီးပေါ်ပေါက်လာပုံကို ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် တာဝန်ရှိသူများနှင့် ဆွေးနွေးပွဲတက်ရောက်သူများက အာဆီယံလူထုညီလာခံသမိုင်းကြောင်း၊ မြန်မာလူထုညီလာခံလုပ်ငန်းအဖွဲ့ပေါ်ပေါက်လာပုံ၊ ၂၀၁၄ အာဆီယံလူထုညီလာခံအတွက် ပြင်ဆင်မှုများကို ရှင်းလင်းဆွေးနွေးကြပြီး ညနေပိုင်းတွင်အုပ်စုလိုက်ဆွေးနွေးတင်ပြချက်များအပေါ် အနှစ်ချုပ်မှတ်တမ်းတင်ပြုစုပြီး အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားလိုက်သည်။ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၀ ရက်တွင် ပထမနေ့ ဆွေးနွေးချက်များကို အနှစ်ချုပ်ဆွေးနွေးခြင်း၊ အဖွဲ့ငယ်များ၏ ဆွေးနွေးချက်များကို ပြန်လည်တင်ပြခြင်း၊ လူထုအခြေပြုအဖွဲ့အစည်းများအလိုက် မိမိတို့လုပ်ဆောင်နေသည့် လုပ်ငန်းစဉ်အလိုက် အာဆီယံလူထုညီလာခံတွင် ဆွေးနွေးမည့်အကြောင်းအရာများကို အဖွဲ့ငယ်များဖြင့် ဆွေးနွေးခြင်းနှင့် အဖွဲ့ငယ်များမှ ဆွေးနွေးချက်များကို ပြန်လည်တင်ပြခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**



---


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့မှ လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) **ဘက်ထရီ (12.V, 120. AH)** ၂၀ လုံး
(ခ) **စက်ဆီ/ချောဆီ** ၄ မျိုး
(ဂ) **မော်တော်ယာဉ်အလုပ်ရုံ လုပ်ငန်းသုံးပစ္စည်း** ၁၀ မျိုး

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၇-၁-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီ

၃။ တင်ဒါပုံစံများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် သတင်းစာပါ ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဌာနမှူး ဖုန်း-၀၆၄-၂၄၅၄၆၊ ဌာနခွဲမှူး(ထောက်) ဖုန်း-၀၆၄-၂၃၅၈၁၊ ၀၉-၄၀၂၇၃၉၈၀၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့**



**မိခင်အမည်မှန်**

မိုးကောင်းမြို့၊ အထက(၂)၊ အဌမတန်း(C)မှ မဝါဝါမိုးနှင့် ဆဌမတန်း(D)မှ မောင်စိုင်းဟိန်းလတ်တို့၏ မိခင်အမည်မှန်မှာ မကျင်ရီ(ခ)စိန်ရီ ၁/မကတ(ပြ) ၀၀၀၃၄၈ ဖြစ်ပါသည်။



**အမည်ပြောင်း**

မြစ်ကြီးနားမြို့၊ ထခွဲ(၄)၊ အဌမတန်း (ဂ)မှ ဦးဇော်ရာ၏သမီး မအင်ညဲဆိုင်းဘူ၏ အမည်မှန်မှာ မဆိုင်းဘူ ဖြစ်ပါသည်။



**ဖခင်အမည်မှန်**

မြစ်ကြီးနား ပညာရေးလေ့ကျင့်ရေးကျောင်း၊ သတ္တမတန်း(B)မှ မောင်ဒိန်ရင်ဒေးဇစ်ဂွမ်ဆန်အောင်၏ ဖခင်အမည်မှန်မှာ ဦးနော်အောင်ဖြစ်ပါသည်။



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ ရွာမဓာတ်အားပေးစက်ရုံနှင့် သာကေတ ဓာတ်အားပေးစက်ရုံများအတွက် လိုအပ်သော Control Card နှင့် စက်အရန်ပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၁၂-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၃-၁-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ ဓာတ်အားပေးစက်ရုံများအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(၁) ရေနွေးငွေ့တာဘိုင်အတွက် လိုအပ်သော လျှပ်စစ်ပစ္စည်းများဝယ်ယူခြင်း
(၂) STG နှင့် ရေသန့်အတွက် လိုအပ်သော Mechanical Parts များ ဝယ်ယူခြင်း

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၁၂-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၃-၁-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ သာကေတဓာတ်အားပေးစက်ရုံရှိ ချွတ်ယွင်းသွားသော 33/11kV, 5MVA Transformer နှစ်လုံးအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို၍ ပြန်လည်ပြုပြင်လိုပါသည်။

**တင်ဒါပုံစံ ရောင်းချမည့်ရက်** - ၂၃-၁၂-၂၀၁၃ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၃-၁-၂၀၁၄ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ရွှေဘိုမြို့ သမိုင်းဝင်ရှေးဟောင်း ရွှေတန်ဆာစေတီတော်မြတ်ကြီးအား အကြီးစားပြုပြင်မှုဆောင်ရွက်

မူလဒါယကာ ပုဂံပြည့်ရှင်နရပတိစည်သူမင်းကြီးက သက္ကရာဇ် (ကောဇာသက္ကရာဇ်) ၅၃၆ ခုနှစ်တွင် ရွှေတန်ဆာစေတီတော်ကို တည်ထားကိုးကွယ်တော်မူခဲ့ခြင်းဖြစ်သည်။ နရပတိစည်သူမင်း၏ဘိုးတော် (အဘိုး) ဖြစ်သော အလောင်းစည်သူမင်းကြီးအား သိကြားမင်းက အတိတ်ပေးသဖြင့် ရရှိထားသော သက္ကဒါန်လှေ၏ အဦးပိုင်းဖြစ်သည့် မလေးရှားနိုင်ငံ မာလာယုကျွန်းမှ စန္ဒကူးသားဖြင့် ထုလုပ်ထားသည့် လှေတော်မှ မူလစန္ဒကူးပင်၏ အရွက်နှင့်တူစွာ ထုဆစ်ထားသည့် စန္ဒကူးအရွက်ပုံစံလှေဦးကို ဘိုးတော်အလောင်းစည်သူမင်းကြီးအား ရည်စူးကုသိုလ်ပြု၍ ထုလုပ်ပူဇော်ခဲ့ခြင်းဖြစ်သည်။

သက္ကဒါန်လှေဦးပိုင်းကို ပုံစံအမျိုးမျိုးဖြင့် ဆင်းတုရုပ်ပွားတော်ကိုးဆူ ထုလုပ်ပြီး ကြွင်းကျန်သော စူးစာ၊ ဆောက်စာ အစအနများကို သစ်ဆေးသရိုးဖြင့်မံပြီးဘုရားတစ်ဆူ ထုလုပ်စေခဲ့ရာ စုစုပေါင်း ဆယ်ဆူရှိခဲ့သည်။ ဘုရားဆယ်ဆူတို့ကို လူထုလောက ပညတ်အရာအားဖြင့် " လှေဦးစကားရွက်ဘုရားဆယ်ဆူ" ဟု အမည်သမုတ်ခဲ့ကြသည်။ အဆိုပါဘုရားဆယ်ဆူတို့၏ ဖွဲ့စည်းထုဆစ်ထားပုံတို့ကား တစ်ဆူနှင့်တစ်ဆူ တူညီခြင်းမရှိချေ။ ရွှေတန်ဆာရုပ်ပွားတော်ကိုထုလုပ်စဉ်ကပင် အဆင်တန်ဆာများ ဆင်ထားသည့် သဏ္ဍာန်ထုလုပ်ထားခြင်းကြောင့် ရွှေတန်ဆာရုပ်ပွားတော်ဟု ဘွဲ့တော်ကမ္ပည်းတပ်ခဲ့ခြင်းဖြစ်သည်။

နရပတိစည်သူမင်းကြီးသည် ထိုသို့ထုလုပ်ပြီးစီးသော ရုပ်ပွားတော် ၁၀ ဆူတို့ကို ဖောင်တော်ပေါ်သို့ ပင့်ဆောင်ပြီး ဖောင်တော်ပေါ်၌ ဒေသစာရီကြွချီလိုက်ပါလာသော ဗုဒ္ဓရုပ်ပွားတော်မြတ်များသည် သီတင်းသုံးလိုရာအရပ်သို့ ရောက်လျှင် ထင်ရှားသော အတိတ်နိမိတ်များပြပါရန် ဆုတောင်းအဓိဋ္ဌာန်ပြုကာ ပုဂံနေပြည်တော်မှ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် အထက်အညာသို့ ဆန်တက်တော်မူသည်။ မူးမြစ်အရှေ့ဖက်ကမ်း ဝက်လက်မြို့နယ် လှုထွေရွာသို့ ရောက်သောအခါ ဗုဒ္ဓရုပ်ပွားတော် ၁၀ ဆူမှ တစ်ဆူသည် ရောင်ခြည်တော်လွှတ်ခြင်းဖြင့် သီတင်းသုံးတော်မူလိုကြောင်း နိမိတ်ပြသဖြင့် လှုထွေရွာတွင် လိုဏ်မုခ်ပါသော စေတီတော်တစ်ဆူတည်၍ လိုဏ်မုခ်အတွင်း၌ အဆိုပါဗုဒ္ဓရုပ်ပွားတော်မြတ်ကို ထည့်သွင်းပြီး ရွှေစကားဘုရားဟု ကမ္ပည်းတပ်ပူဇော်ခဲ့သည်။ ထိုမှတစ်ဆင့် ဆက်လက် ဆန်တက်လာရာ သဖန်းဆိပ်သို့ရောက်လျှင် မူးမြစ်အတွင်းသို့ အရှေ့တောင်ဘက်မှ စီးဝင်လာသော ချောင်းအတွင်းသို့ ဆက်လက်ပြီး ကြွချီတော်မူသည်။ မုဆိုးဖို (ရွှေဘို)( စကားချပ်- ပုဂံခေတ်က ရွှေဘို၏အမည်မှာ မုဆိုးဖိုဖြစ်ပြီး အလောင်းမင်းတရားကြီးလက်ထက်တော်သို့ ရောက်လာမှ ငါးမည်ရပြည်ရွှေဘိုဖြစ်လာသည်။) အရပ်သို့ရောက်လျှင် အရှေ့မြောက်အရပ်တွင် ဖောင်တော်ကိုရပ်နားတော်မူသည်။ ဗုဒ္ဓရုပ်ပွားတော်ကိုးဆူတို့အား ရတနာတို့ဖြင့် ပြီးသောပေါင်းဝန်းတော်တွင် ထားတော်မူသည်။

ညဥ့်အချိန်တွင် ကုန်းတော်ပေါ်မှ အလွန်တောက်ပဝင်းလက်သော အလင်းရောင်တန်းကြီးသည် ကောင်းကင်သို့ထိုးထွက်နေသည်ကိုလည်းကောင်း၊ ရွှေတန်ဆာရုပ်ပွားတော်မှ ရောင်ခြည်တော် ခြောက်သွယ်တို့သည်လည်း



အရပ်ရပ်သို့ ကွန့်မြူးထိုးထွက်နေသည်ကိုလည်းကောင်း ဖူးတွေ့ရသဖြင့် နရပတိစည်သူမင်းကြီးသည် ဟူးရားဖြူ ဟူးရာညိုတို့အား မေးမြန်းရာ အဆိုပါကုန်းမြေတွင် သီရိဓမ္မာသောကမင်းကြီးသည် မြတ်စွာဘုရားရှင်၏ ဓာတ်တော်၊ မွေတော်များကို ဌာပနာသွင်းကာ တည်ဆောက်ခဲ့သော စေတီရှိသဖြင့် ယင်းကဲ့သို့ အလင်းရောင်တန်းများထွက်ကြောင်း လျှောက်ထားသဖြင့် နံနက်မိုးသောက်အလင်းရောင်တွင် ရှာဖွေကြရာ ဉာဏ်တော် သုံးတောင်ခန့်ရှိ ကျောက်စေတီတစ်ဆူကို ဖူးတွေ့ကြရသည်။ မင်းကြီးလည်း အဆိုပါ သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော ကျောက်စေတီကိုငုံပြီး လိုဏ်မုခ်ပါသော စေတီတော်ကြီးကို တည်ကာလိုဏ်မုခ်အတွင်း၌ ထိုင်မသိမ်းအကျီ၊ တတောင်၊ လက်စည်း၊ လက်ကြပ်များဖြင့် မင်းညီ မင်းသားများ ဝတ်ဆင်ထားသကဲ့သို့ ထုလုပ်ထားသော ရွှေတန်ဆာရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိန်းဝပ်ပူဇော်ခဲ့သည်။ ရွှေတန်ဆာရုပ်ပွားတော်မြတ်ကြီးကို အကြောင်းပြုပြီး စေတီတော်ကိုလည်း ရွှေတန်ဆာ စေတီတော်ဟု နှောင်းလူများ သမုတ်ကြသည်။ စေတီတည်ရာ ကုန်းတော်မဟာကိုလည်း နရပတိစည်သူမင်းကြီးကိုယ်တိုင် "ရွှေယာဉ်သာကုန်းမြေ"ဟု သမုတ်ခဲ့ပြီး ဆက်လက်ထွက်ခွာခဲ့သည်။ ကျန်ရှိသော ဗုဒ္ဓရုပ်ပွားတော်ရှစ်ဆူကို အောက်ပါမြို့များတွင် လိုဏ်မုခ်ပါသော စေတီတော် တည်ထားပူဇော်ခဲ့သည်။ ရွှေလင်းပင်ဘုရား (စည်ပုတ္တရာမြို့)၊ ရတနာမဥ္ဇူဘုရား(စစ်ကိုင်းမြို့)၊ ရွှေစကားဘုရား(စမွန်းရွာ၊ စစ်ကိုင်းမြို့နယ်)၊ ရွှေတောင်မည်းဘုရား (စဥ့်ကူးမြို့နယ်)၊ ရွှေစံကားဘုရား(ကြံညှပ်မြို့)၊ စကားလှဘုရား(ကလေးမြို့)၊ ရွှေစကားဘုရား (မင်းကင်းမြို့)နှင့်မံဘုရား (အမြင့်မြို့)တို့ဖြစ်သည်။

ရွှေတန်ဆာဗုဒ္ဓရုပ်ပွားတော်မြတ်အား စစ်နိုင်မင်းအဆက်ဆက်က ပင့်ဆောင်ပူဇော်ခဲ့ကြသဖြင့် စစ်ကိုင်း၊ အင်းဝ၊ ပဲခူး၊ တောင်ငူမြို့တို့သို့ စုန်ဆန်ဒေသစာရီကြွချီတော်မူရသည်။ မြန်မာသက္ကရာဇ် ၁၁၁၁ ခုနှစ် အင်းဝဘုရင် မဟာဓမ္မရာဇာဓိပတိလက်ထက် နန်းဦးတွင်ပင့်ဆောင်ပူဇော်ထားသော ရွှေတန်ဆာရုပ်ပွားတော်သည် ဦးအောင်ဇေယျပြုပြင်ထားသော ရွှေတန်ဆာစေတီလိုဏ်မုခ်အတွင်းသို့သာသူ့အလိုလို ပြန်လည်ရောက်ရှိနေသည်။ အင်းဝသို့ အကြိမ်ကြိမ်ပြန်ပင့်ပါသော်လည်း ရွှေဘိုသို့သာ ပြန်လည်ရောက် ရှိနေမြဲဖြစ်၍ ထားနေကျနေရာတွင်မထားဘဲ မဟာမုနိသုဓမ္မာဇရပ်တွင် အရှေ့သို့ မျက်နှာမူ၍ သံကွန်ရက်တို့ဖြင့် ကာရံထားရာ မြောက်အရပ်ရွှေဘိုသို့သာ အကြိမ်ကြိမ်မျက်နှာမူနေသည်သာဖြစ်၏။ အလောင်းမင်းတရားကြီးဦးအောင်ဇေယျ၏ လက်ထက်တော်သို့ရောက်သည့်အချိန်မှအစပြုပြီး ရွှေတန်ဆာရုပ်ပွားတော်မြတ်သည် ရွှေဘို၌သာ ထာဝရကိန်းအောင်း စံပယ်ခဲ့ခြင်းဖြစ်သည်။

သမိုင်းကြောင်းများအရ ရွှေဘိုတွင် အောင်မြေကိုးဌာနရှိရာ ရွှေတန်ဆာဘုရားသည် ဗုဒ္ဓအောင်မြေတစ်ရပ်ဖြစ်သည်။ အေးအောင်နှစ်ဟောင်းဆွမ်းကြီးလောင်းဆိုသည့်အတိုင်း မြန်မာသက္ကရာဇ် ၁၁၇၆ ခုနှစ်ကစပြီး မြို့လုံးကျွတ်သံဃာတော်များကို ဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပရန်အတွက် ဝါဝင်ဝါဦးဘုရားနေရာ မဲသုံးကြိမ်နှိုက်ရာ ရွှေတန်ဆာဘုရားသည် သုံးကြိမ်စလုံး မဲကျခဲ့သဖြင့် ဝါတွင်းဆွမ်းကြီးလောင်းဘုရားအစဉ်ကို ရွှေတန်ဆာမြတ်စွာဘုရားမှ စတင်ကျင်းပခဲ့ရခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း ရွှေဘိုတစ်မြို့လုံး ဗုံးဒဏ်ခံခဲ့ရသော်လည်း ရွှေတန်ဆာစေတီတော်နှင့် ဘုရားပရဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများကို လုံးဝထိခိုက်ခဲ့ခြင်းမရှိချေ။

ခေတ်အဆက်ဆက် မင်းနှင့် ပြည်သူတို့ပူးပေါင်းပြီး ရွှေတန်ဆာစေတီတော်အား ပြုပြင်ခဲ့ရာ ဦးအောင်ဇေယျလက်ထက်၊ ဘိုးတော် ဦးဝိုင်းလက်ထက်နှင့် နောက်ဆုံး ၁၂၁၅ ခုနှစ် မင်းတုန်းမင်းလက်ထက်တော်တို့တွင် ပြုပြင်ခဲ့သည်။ ယခုအခါ မင်းတုန်းမင်းလက်ထက်တော်၏ နောက်နှစ်ပေါင်း ၁၆၀ ကြာထိ အကြီးစားပြုပြင်နိုင်မှုမရှိသဖြင့် အာရုံခံတန်ဆောင်းကြီး၏ မူလကျွန်းသားတိုင်လုံးကြီး ၄၄ လုံးနှင့် ဘုံခုနစ်ဆင့်ပြာသာဒ်တော်ငါးဆောင်တို့မှာ ပျက်စီးယိုယွင်းနေပြီဖြစ်ပါသည်။ ထို့ကြောင့် ရွှေတန်ဆာမြတ်စွာဘုရားဂေါပကအဖွဲ့မှ သဒ္ဓါတရား ထက်သန်လှသော ဗုဒ္ဓဘာသာဝင်သူတော်စင်များထံမှ ဖိတ်ခေါ်လှူဒါန်းငွေများဖြင့် မတည်ကာ ရှေးမူမပျက် ဘုရားကြီးအားအကြီးစားပြုပြင်မှုများ ပြုလုပ်နေကြပြီဖြစ်သည့်အတွက် မည်သူမဆို လှူဒါန်းနိုင်ကြောင်းနှင့် ကုန်ကျမည့်ဝတ္ထုငွေခန့်မှန်း ငွေကျပ်သိန်း ၁၀၀၀ ခန့်ရှိမည်ဖြစ်ကြောင်း ယခုအချိန်ထိ လှူဒါန်းငွေ ကျပ်သိန်း ၁၇၀ ထိရရှိပြီးဖြစ်ကြောင်း သိရသည်။

ရှေးဟောင်းတေးထပ်တဘောင်ဖြင့် နိဂုံးချုပ်ပူဇော်အပ်ပါသည်။

"ဇာမပြိုဘိုမပျက်၊ ဆိုချက်ကရှိရာ၊ ဖိုလ်မင်္ဂသို့အထိပါ၊ သိစရာတစ်မျိုး၊ ပြင်လိုက်ကြဘေးဘျမ်းကွာကာ၊ အေးချမ်းရာရဖို့အကျိုး၊ ပုဂံခေတ် မြေးစည်သူ အေးစေမည်ရွယ်ကိုး၊ ပေးကြည်ဖြူဆယ်ဖြာတိုးလို့၊ သယ်ကာပိုးအားမွန်၊ ရွှေတန်ဆာစေတနာ မည်ဖြိုးရင်ဖြင့်၊ ငွေအသပြာမိုးရွာသွန်း၊သဒ္ဓါထက်ဖို့ အကြောင်းညွှန်သည်၊ အဟောင်းလွန် မပျက်စီးခင်က၊ တဆက်တည်း ပြုပြင်ပါ၊ မြို့ပြပြည်ရွာ၊ ကောင်းမြတ်ဖို့အခြေပါသည်၊ ရွှေတန်ဆာ ပြင်ကြစို့လေး"။

**ဦးကျော်ဇော(လှသိပ္ပံ၊ ရွှေဘို)**

## တောင်ငူမြို့မှ ကာရာအိုကေသီချင်းဆိုခန်းနှစ်ခန်းကို ဝင်ရောက်ဖမ်းဆီး

**တောင်ငူ ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ (၂)ရပ်ကွက် ရွှေဟင်္သာလမ်းရှိ နာမည်ကြီး KTV သီချင်းဆိုခန်းနှစ်ခန်းကို ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲအကူ တပ်ခွဲအကူဌာနမှ တောင်ငူနယ်မြေခံရဲစခန်းနှင့်ပူးပေါင်း၍ဖမ်းဆီးမှု ဒီဇင်ဘာ ၁၃ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၃ ရက် ညနေ ၄ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲအကူတပ်ခွဲ မှူးခင်း အကူဌာနမှ ရဲအုပ်လှထွန်းနှင့် ဒုရဲအုပ်ကျော်တေဇတို့ ဦးဆောင်သော အဖွဲ့နှစ်ဖွဲ့သည် တောင်ငူမြို့ အမှတ်(၂) နယ်မြေ ရဲစခန်းမှ ဒုရဲအုပ်သန်းထိုက်ထွေးတို့ပူးပေါင်း၍ သက်သေများ ပါဝင်သော အဖွဲ့ နှစ်ဖွဲ့တို့သည် တောင်ငူမြို့ အမှတ်(၂) ရပ်ကွက် ရွှေဟင်္သာလမ်းရှိ နာမည်ကြီး BEACH နှင့် JOLLY BIRD KTV ကာရာအိုကေသီချင်းဆိုခန်းကို တစ်ချိန်တည်း ဝင်ရောက်ဖမ်းဆီးခဲ့သည်။

ထိုသို့ဖမ်းဆီးရာတွင် အခန်းရှစ်ခန်းရှိသည့် BEACH သီချင်းဆိုခန်းမှ ပိုင်ရှင် ဦးပိုင်ဇေယံသန့် (၂၆နှစ်) ရွှေဟင်္သာ(၂) ရပ်ကွက် တောင်ငူမြို့နေသူနှင့် အမျိုးသမီးခြောက်ဦးတို့ကိုတွေ့ရှိရပြီးJOLLY BIRD KTV သီချင်းဆိုခန်းမှ မန်နေဂျာ ဦးငြိမ်းချမ်းဂျိုး (၂၅နှစ်) ရွှေဟင်္သာလမ်း(၂) ရပ်ကွက် တောင်ငူမြို့နေသူနှင့်အမျိုးသမီးနှစ်ဦးတို့ကို တွေ့ရှိရပြီး A ၃၂ လက်မ တီဗွီ ၁၁ လုံး၊ ၄၂ လက်မ တီဗွီ နှစ်လုံး၊ ၂၆ လက်မ တီဗွီ တစ်လုံး၊ စုစုပေါင်း တီဗွီ ၁၄ လုံး၊ ဆက်စပ်ပစ္စည်း ၄၆ မျိုးကို သိမ်းဆီးရမိခဲ့သည်။ အဆိုပါ သီချင်းဆိုနှစ်ခန်းကို တောင်ငူမြို့ အမှတ် (၂) ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၁၃၆)**

**ဗလငါးတန် မွံ့ဖြိုးဖို့ တာအုပ်တာပေ လေ့လာစို့**


ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ခရီးသည်ပို့ဆောင်ရေးဌာနခွဲ(၉)ရှိ မြေ ၃ ဒသမ ၀၀ ဧကအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့်ဆက်စပ်သောလုပ်ငန်းများ ဖက်စပ်ဆောင်ရွက်နိုင်ရန် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၃၀-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ

**တင်ဒါစိစစ်မည့်နေရာ** - ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၉)၊ နေပြည်တော်

**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၃၀-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ခရီးသည်ပို့ဆောင်ရေးဌာနခွဲ(၉)တွင် ၂၇-၁၂-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(မြန်မာ့ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဖုန်း-၀၁-၆၀၀၀၀၆၊ ၀၉-၅၃၁၀၃၄၉**



ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲရှိ မြေ ၁ဒသမ ၀၀ဧကအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့်ဆက်စပ်သောလုပ်ငန်းများ ဖက်စပ်ဆောင်ရွက်နိုင်ရန် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၃၀-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ

**တင်ဒါစိစစ်မည့်နေရာ** - ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်

**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၃၀-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ် တစ်သောင်းတိတိ)နှုန်းဖြင့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကုန်စည်ပို့ဆောင်ရေး ဌာနခွဲတွင် ၂၇-၁၂-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(မြန်မာ့ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဖုန်း-၀၂-၅၉၀၂၆၊ ၀၂-၅၉၀၂၇၊ ၀၂-၅၉၀၂၈၊ ၀၉-၆၅၂၀၉၅၅**



ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ခရီးသည်ပို့ဆောင်ရေးဌာနခွဲရှိ မြေ ၂ဒသမ၀၀ ဧကအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့်ဆက်စပ်သောလုပ်ငန်းများ ဖက်စပ်ဆောင်ရွက် နိုင်ရန် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၃၀-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီ မှ မွန်းတည့် ၁၂ နာရီအထိ

**တင်ဒါစိစစ်မည့်နေရာ** - ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၉)၊ နေပြည်တော်

**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၃၀-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ် တစ်သောင်းတိတိ)နှုန်းဖြင့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ခရီးသည်ပို့ဆောင် ရေးဌာနခွဲတွင် ၂၇-၁၂-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(မြန်မာ့ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဖုန်း-၀၁-၅၉၀၂၄၊ ၀၁-၅၉၀၂၅၊ ၀၉-၄၉၃၃၉၄၉၅၊ ၀၉-၄၇၁၁၅၁၁၉**



**ဘဏ်ပိတ်ရက်ကြော်ငြာ**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၅ရက် (ဗုဒ္ဓဟူးနေ့) **ခရစ္စမတ်နေ့**နှင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ရက် (ဗုဒ္ဓဟူးနေ့) **ကရင်နှစ်သစ်ကူးနေ့** တို့သည် အများပြည်သူအလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများမှ ဝယ်ယူရန်ရှိသော ကွန်ပျူတာ ၃၅လုံး၊ ပရင်တာ (၁)လုံး၊ Fax (၁)လုံး၊ စားပွဲ (၉)လုံး၊ ကုလားထိုင် (၉)လုံး၊ ဖိုင်တင်စင်(၅)လုံး၊ ဗီရို (၅)လုံး၊ E-Government နှင့် E-Library အတွက် ဆက်စပ်ပစ္စည်းများ၊ မုံရွာမြို့ မုံရွာဘူတာအနောက်ဘက်ရှိ မြန်မာ့မီးရထားပိုင် (၁၀၂'×၂၀') မြေကွက်ငှားရမ်းခြင်းလုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးရုံး ပေ(၆၀×၄၀) (၂)ခန်းတွဲအမှုထမ်းအိမ် (ပေ၄၀× ၂၈ပေ)(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း၊ မြောင်မြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ ပေ(၃၀×၆၀) သံကူကွန်ကရစ် (၁)ထပ်အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ညောင်ပင်ကြီးမြစ်ရေတင် လှည်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောက်လုပ်ရန်ရှိပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူမည့်ရက်** - ၁၉-၁၂-၂၀၁၃ရက်မှ ၃၀-၁၂-၂၀၁၃ရက်အထိ

(ခ) **တင်ဒါတင်သွင်းရမည့်ရက်/နေရာ** - ၃၁-၁၂-၂၀၁၃ရက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး

(ဂ) **တင်ဒါတင်သွင်းရမည့်အချိန်** - ညနေ ၁၄:၀၀နာရီ

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၂၅၃၄၊ ၂၄၃၁၀တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာ ဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာန၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

**စွမ်းအင်ဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ်ဆောင်ရွက်မှုအခြေအနေ**

၁။ **ကျောက်ဖြူမြို့နယ် ဂြင်ကြီးကျေးရွာအုပ်စု ကပိုင်ချောင်းကျေးရွာတွင် ပင်လယ်ဖြတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းဖောက်လုပ်မှုကြောင့် ပျက်စီးသွားသည့် Mangrove ပင်များ ပြန်လည်စိုက်ပျိုးရန် Punj Lloyd Ltd မှ သန်းကြွယ်ကုမ္ပဏီကို တာဝန်ပေးလုပ်ကိုင်စေကြောင်း၊ Mangrove ပင်များ စိုက်ပျိုးပြီးဖြစ်သော်လည်း Punj Lloyd Ltd မှ ငွေပေးချေခြင်းမရှိသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးနိုင်ပါရန်** ကျောက်ဖြူမြို့နယ် ဂြင်ကြီးကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးက အကူအညီတောင်းခံလာမှုအပေါ် စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာ ဆပ်ကော်မတီမှ Punj Lloyd Ltd ကုမ္ပဏီသို့ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခဲ့ရာ Punj Lloyd Ltd ကုမ္ပဏီမှ စိစစ်ပြီး သန်းကြွယ်ကုမ္ပဏီသို့ပေးရန် ငွေကျပ်နှစ်သန်း လေးသိန်းတိတိအား ၆-၁၁-၂၀၁၃ ရက်နေ့တွင် သန်းကြွယ်ကုမ္ပဏီသို့ လွှဲပေးပြီးဖြစ်ပါသည်။

၂။ **ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ပြည်သူများမှ ဝေါမြို့နယ် ဝိုင်ချောင်းရိုးကိုဖြတ်၍ သွယ်တန်းထားသောဓာတ်ငွေ့ပိုက်လိုင်းကို ချောင်းရိုး၏ မျက်နှာပြင်အထိ နှိမ့်ချ၍ ပြုပြင်သွယ်တန်းပေးပါရန်** အကြောင်းကြားမှုနှင့် ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူများက အဆိုပါဒေသသို့ကွင်းဆင်း စစ်ဆေးခဲ့ပါသည်။ အဆိုပါ ပိုက်လိုင်းသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းမှ ကုန်းတွင်းသဘာဝဓာတ်ငွေ့များကို စစ်တောင်းစက္ကူစက်ရုံသို့ ပေးပို့ရန်ရည်ရွယ်၍ ၁၉၉၃ ခုနှစ်တွင် ဆက်သွယ်ထားခြင်းဖြစ်ပြီး စတင် ဆက်သွယ်ခင်းကျင်းစဉ်က ရိုး၏ကြမ်းပြင်တွင် ခင်းကျင်းခဲ့သော်လည်း ချောင်းရိုးပြုပြင်မှုကြောင့် ပိုက်လိုင်းမှာ ရိုး၏ကြမ်းပြင်ထက် ၄ ပေခန့်မြင့်တက်သွားရခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ အဆိုပါ တိုးကြောင်ကလေး-စစ်တောင်း ၁၀ သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ ဝိုင်ချောင်းရိုးကို ဖြတ်သွားသော သုံးနေရာကို ယခုနှစ် ပွင့်လင်းရာသီ၌ စက်ယန္တရားများ ဝင်ထွက်သွားလာနိုင်သည့်အချိန်တွင် ပိုက်လိုင်းများအား ပြန်လည်ဖြုတ်သိမ်းပေးသွားမည်ဖြစ်သည်။

၃။ **ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြည်သူများမှ ရိုးခွကျေးရွာ ရေနံမြေအား ရေနံတွင်းသစ်ရှာဖွေရေး၊ တူးဖော်ရေးအစီအစဉ်ရှိ မရှိ** သိရှိလိုကြောင်းမေးမြန်းလာမှုနှင့် ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် လုပ်ကွက်များအား ဘူမိဗေဒအနေအထား၊ ဘူမိရုပ်ဝန်းတည်ရှိနေမှုတို့ အပေါ်မူတည်၍ လုပ်ကွက်နယ်နိမိတ်ဧရိယာများ သတ်မှတ်ထားရှိပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံခြားကုမ္ပဏီများနှင့်လည်း အကျိုးတူပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

ဘူမိအနေအထားနှင့် ဘူမိရုပ်ဝန်းတည်ရှိမှုအရ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရိုးခွကျေးရွာအုပ်စုသည် Block MOGE-6 (အင်းတိုင်းဒေသ)လုပ်ကွက်တွင် ပါဝင်ပါသည်။

အဆိုပါဒေသတွင် မြေပေါ်ဘူမိဗေဒကွင်းဆင်းတိုင်းတာမှု မှတ်တမ်းများ အရလည်းကောင်း၊ စမ်းသပ်တူးဖော်မှုများအရလည်းကောင်း ရေနံနှင့် သဘာဝဓာတ်ငွေ့တည်ရှိမှု အလားအလာနည်းပါးသောကြောင့် ရေနံတွင်းသစ်များတူးဖော်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ ချင်းပြည်နယ် မင်းတပ်ခရိုင် မတူပီမြို့တွင် စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်ထားလာသည့် ကိစ္စနှင့်ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကွင်းဆင်းစစ်ဆေးမှုများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

**စွမ်းအင်သယံဇာတနှင့်ဓာတ်သတ္တုဆိုင်ရာ ဆပ်ကော်မတီ**



## နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီကြွချီပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ကျောက်ဆည် ဒီဇင်ဘာ ၂၂**

လေးမျက်နှာစေတီတော်မြတ်ကြီးတွင် သီတင်းသုံးတော်မူသော နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်မြတ်များ မြို့မ ၁၀ ရပ်ကွက်သို့လှည့်လည်ပူဇော်ပွဲကို ဒီဇင်ဘာ ၁၇ ရက် ညနေ ၆ နာရီမှ စတင်ပြီး မူလကိန်းဝပ်စံပယ်တော်မူသည့် လေးမျက်နှာစေတီတော်ကြီးမှ ရှေးအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ လှည့်လည်ပူဇော်ခံပွဲ ကျင်းပသည်။

နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်များ မြို့မ ၁၀ ရပ်ကွက်သို့လှည့်လည်ပူဇော်ရန်အတွက် ဒေသစာရီကြွချီတော်မူမည့်ရက်မတိုင်မီ ၁၀ ရက်ခန့်မှ ကြိုတင်ကာ သံဃာတော်အပါး ၃၀ ဖြင့် အနေကဇာတင်လှူပြီး ဘုရားဒါယကာ၊ ဒါယိကာမများကိုပူဇော်နိုင်ရန်အတွက် ပင့်ဆောင်ခွင့်ပြုခဲ့ပြီး ညနေ ၆ နာရီတွင် လေးမျက်နှာဘုရားမှ မြို့မ ၁၀ ရပ်ကွက်ကို ၂၈ ဆူကုန်သော မြတ်စွာဘုရားများအား ဝါစဉ်အလိုက် မြို့နယ်သံဃနာယကဆရာတော် အရှင်သူမြတ်တို့ကိုယ်တိုင် ဦးဆောင်တော်မူပြီး ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဓမ္မစကြာဝတ်အသင်းအဖွဲ့များ၊ ဖျော်ဖြေရေးအဖွဲ့များဖြင့် ဘုရားဒါယကာဒါယိကာမများက ရောင်စုံမီးအလှများဆင်ကာစည်ကားသိုက်မြိုက်စွာပင့်ဆောင်ပြီး လှည့်လည်အပူဇော်ခံရာတွင်**(အပေါ်ပုံ)** မြို့သူမြို့သားနယ်သူနယ်သားများကလမ်းတစ်လျှောက် ဆီမီးအမွှေးတိုင်တို့ဖြင့် ပူဇော်ကြသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## ကျိုက်ထိုမြို့နယ်၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်

**ကျိုက်ထို ဒီဇင်ဘာ ၂၂**

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၁၃) သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်ကအမှာစကားပြောကြားပြီး မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးစံမြက စာကြည့်တိုက်များရေရှည်တည်တံ့ခိုင်မြဲရန်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိဒေါ်ခင်စောလင်းက စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကိုလည်းကောင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူ သင်တန်းသား သင်တန်းသူများကို သထုံခရိုင်မှ (စာထောက်-၃) ဒေါ်အေးသန်းက စာကြည့်တိုက်မိတ်ဆက်နှင့် စာကြည့်တိုက်ဖွဲ့စည်းပျိုးထောင်ရေးနှင့် စီမံခန့်ခွဲရေးဘာသာရပ်ကိုလည်းကောင်း၊ ဘီးလင်းမြို့နယ်ဦးစီးမှူး ဒေါ်အေးမျိုးမျိုးစံက မျိုးတူစုလုပ်ငန်းနှင့်စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေးဘာသာရပ်ကိုလည်းကောင်း၊ ကျိုက်ထိုမြို့နယ်ဦးစီးမှူးဒေါ်သန်းသန်းမော်က စာစု၊ စာပြု၊ စာငှားခြင်းလုပ်ငန်း၊ စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းဘာသာရပ်များကို သင်ကြားပို့ချ၍ မြို့နယ်ရုံးစာကြည့်တိုက်တွင် လက်တွေ့ဆောင်ရွက်ခဲ့ကြပြီး အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မှုခင်းကျဆင်းရေး၊ လောင်းကစားမှုပပျောက်ရေးနှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေးဟောပြော

**ညောင်လေးပင် ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ရဲတပ်ဖွဲ့ မဒေါက် ရဲကင်း ရဲစခန်းနယ်မြေ မှုခင်းကျဆင်းရေး၊ လောင်းကစားမှု ပပျောက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက မဒေါက်မြို့ မြို့မ(၂)ရပ်ကွက်၌ ကျင်းပသည်။

ဟောပြောပွဲတွင် ရှေးဦးစွာ ညောင်လေးပင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အောင်က အမှာစကား ပြောကြားကာ မှုခင်းကျဆင်းရေးနှင့် လောင်းကစားမှုပပျောက်ရေးအတွက် ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ ညောင်လေးပင်မြို့နယ် ယာဉ်စည်းကမ်းအဖွဲ့မှ တာဝန်ခံ ဒုရဲအုပ် စန်းယုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းဟောပြောပြီး တက်ရောက်လာကြသော ဒေသခံပြည်သူများအား ကံစမ်းမဲနှိုက်၍ ကံစမ်းမဲပေါက်သူ ၅၀ ကို ဆိုင်ကယ်ဦးထုပ်များ လက်ဆောင်ပေးပြီး ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

**နေလင်း(ညောင်လေးပင်)**

## သန်လျင်မြို့နယ်စာရေးဆရာအသင်း နှစ်ပတ်လည်စည်းဝေး

**သန်လျင် ဒီဇင်ဘာ ၂၂**

သန်လျင်မြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးအစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြိုင်ပွဲတွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ကာတွန်းတို့ကို ပြိုင်ပွဲဝင်ကြပါရန်နှင့် ပြိုင်ပွဲဝင်စာမူများကို ဒီဇင်ဘာ ၃၁ ရက်နောက်ဆုံးထား၍ သန်လျင်မြို့နယ် စာရေးဆရာအသင်းသို့ ပေးပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

## လူကုန်ကူးမှု တိုက်ဖျက်ရေး တို့တွေပါဝင် ကူညီပေး


ဆေးတက္ကသိုလ်(၂)ရန်ကုန်

### (၄၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

ဆေးတက္ကသိုလ်(၂) ရန်ကုန်၏ (၄၅)ကြိမ်မြောက်၊ ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၂-၂-၂၀၁၄ ရက် (စနေနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၂၁-၂-၂၀၁၄ ရက် (သောကြာနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း ဆေးလက်တွေ့ပါရဂူဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဒီပလိုမာအောင်မြင်ပြီးသူများနှင့် ၂၀၁၂ ခုနှစ် ဇွန်လနှင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလများအတွင်း နောက်ဆုံးအမ်ဘီဘီအက်စ်အပိုင်း(ခ)သင်တန်း စာမေးပွဲအောင်မြင်ပြီး အလုပ်သင်ဆရာဝန် တစ်နှစ်တာဝန်ထမ်းဆောင်ပြီးသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြရမည်။

ထိုကာလမတိုင်မီက အောင်မြင်သူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။

| | | |
|---|---|---|
| **ဘွဲ့နှင်းသဘင်ကြေး** | - | ၁၅၀၀ိ/- (ကျပ်တစ်ထောင်ငါးရာတိတိ) |
| **အဝေးရောက်ဘွဲ့ကြေး** | - | ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) |
| **လျှောက်လွှာပိတ်ရက်** | - | ၃၁-၁-၂၀၁၄ ရက် (သောကြာနေ့) |

သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ပြည့်စုံစွာဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော (အဖြူအမည်း-တစ်လက်မခွဲ×နှစ်လက်မ) [အမျိုးသားများသည် လည်ကတုံးရှပ်နှင့် တိုက်ပုံ(သို့) အနောက်တိုင်းဝတ်စုံပြည့်၊ အမျိုးသမီးများသည် ရင်ဖုံးလက်ရှည်အင်္ကျီဖြင့် ဓာတ်ပုံဖြစ်ရမည်] ဓာတ်ပုံနှစ်ပုံနှင့်အတူ လျှောက်ထားကြရမည်။

အသေးစိတ်အချက်အလက်များကို သိလိုလျှင် ဤတက္ကသိုလ်စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနစိတ် ဖုန်း-၉၆၉၀၁၂၈ လိုင်းခွဲ-၂၀၈ နှင့် မော်ကွန်းထိန်း ဖုန်း-၉၆၉၉၈၅၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**နော်မော်ရင်း**
**မော်ကွန်းထိန်း၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်**



**ပျောက်ဆုံးကြောင်း**

ကျွန်မ မခင်သန္တာ၏ ပတ်စ်ပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၅၄၇၂၃



ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားပိုင်၊ ရန်ကုန်ဘူတာကြီး (ယခင်စခန်းသာဟိုတယ်) နှစ်ထပ်အဆောက်အအုံမှ အောက်ဖော်ပြပါအခန်းများအား ရုံးခန်းအဖြစ် သုံးနှစ်ငှားရမ်းလုပ်ကိုင်ခွင့်ကို ရန်ကုန်ဘူတာကြီး VIP ဧည့်ခန်း၌ ၂၇-၁၂-၂၀၁၃ရက် ၁၃း၀၀နာရီတွင် အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူဆောင်ရွက်မည်ဖြစ်ပါသည်-

(က) မြေညီထပ် (၄၅ပေ×၂၀ပေ) တစ်ခန်း၊ (၃၁ပေ×၁၆ပေ)တစ်ခန်း၊ (၃၅ပေ×၁၀ပေ) တစ်ခန်း၊ စုစုပေါင်းသုံးခန်း

(ခ) ပထမထပ် (၁၈ပေ×၁၄ပေ) နှစ်ခန်း၊ (၂၀ပေ×၂၀ပေ)တစ်ခန်း၊ (၂၀ပေ×၁၈ပေ) တစ်ခန်း၊ (၁၈ပေ×၁၈ပေ)သုံးခန်း၊ စုစုပေါင်း ခုနစ်ခန်း၊

၂။ မန်နေဂျာ(စီးပွားရေး/ တိုင်း)၊ တိုင်းအမှတ်(၇)ရုံး၊ ရန်ကုန်ဘူတာကြီး(ပထမထပ်)၌ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/နှုန်းဖြင့် ၂၃-၁၂-၂၀၁၃ရက်မှ ၂၆-၁၂-၂၀၁၃ရက်အထိ နေ့စဉ် (ရုံးပိတ်ရက်များမပါ) ၀၉း၀၀ နာရီမှ ၁၆း၀၀ နာရီအချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၇) ရုံး၊ ရန်ကုန်ဘူတာကြီး(ပထမထပ်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၃၉၃၄၂၈၊ ၀၁-၇၀၄၇၉၁၊ ၀၉-၄၉၂၁၃၁၃၀ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**တင်ဒါကော်မတီ**



### သွာနုတ္တသမီးများဖြစ်သဖြင့် အမွေပြတ်ကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်နေ ဒေါ်တင်တင်ထွေး၏ သမီးများဖြစ်ကြသော မမိုးမိုးဦး ၉/လဝန(နိုင်)၂၁၂၆၅၁နှင့် မမိုးမိုးထက် ၉/လဝန(နိုင်)၂၁၂၆၄၄တို့သည် မိခင်ဩဝါဒကိုမနာခံ၊ မိခင်အားတော်လှန်ပြီး ရန်သူသဖွယ် ပြုကျင့်ခဲ့သော သွာနုတ္တသမီးများဖြစ်ကြသဖြင့် ၂၀-၁၂-၂၀၁၃ ရက်မှ အစပြု၍ အမွေပြတ်ကြေညာကြောင်းနှင့် ဆွေမျိုးသားချင်းများမှလည်း စွန့်လွှတ်ပါကြောင်း။

**မိခင် ဒေါ်တင်တင်ထွေး LWE ၁၅၇၁၇၈**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီးအစိုးရ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရေးအဖွဲ့

ရက်စွဲ၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | Submersible Pump & Motor | (1) Lot |
| (ခ) | ပေါင်းစည်းပြေစာပုံစံနှင့် Ribbon | (1) Lot |
| (ဂ) | ခွေးအဆိပ်ဆေး(Strychnine Hydrochloride) | (50) Kg |

ဈေးနှုန်းလွှာပိတ်ရက်မှာ ၃-၁-၂၀၁၄ ရက် ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀ (ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ (ပထမထပ်)၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**



### အမြန်ရောင်းမည်

BACK HOE KOBELCO (Japan),
Model-SK, 330-8(1.8 m$^3$)
အသုံးပြုပြီး နာရီ- 6400
ဈေးနှုန်းကျပ်သိန်း ၇၅၀
**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၅၀၅၅၃**

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# လျှပ်စစ်ဒယ်အိုးကို ပလပ်မဖြုတ်ဘဲထားရာမှ အပူရှိန်လွန်ကဲကာ မီးလောင်မှုဖြစ်ပွား

**ပျဉ်းမနား ဒီဇင်ဘာ ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့တွင် လျှပ်စစ်ဒယ်အိုးကို ပလပ်မဖြုတ်မိသည့်အတွက် အပူရှိန်လွန်ကဲပြီး မီးလောင်ကျွမ်းမှု ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ၁ နာရီ ၃၅ မိနစ်က ပျဉ်းမနားရဲစခန်းမှ ဒုရဲအုပ်မိုးဆွေသည် ရဲစခန်းတွင် တာဝန်မှူးတာဝန်ဆောင်ရွက်နေစဉ် မီးလောင်မှုဖြစ်ပွားကြောင်းသတင်းရ၍ အခင်းဖြစ်နေရာသို့သွားရောက်စစ်ဆေးရာ မီးလောင်သည့်နေအိမ်မှာ ကျော်လွင်ဦး(ခ)ဘားပလက် (၂၆ နှစ်)သစ်ထုတ်ရေး(တောင်)ရပ်ကွက် ပျဉ်းမနားမြို့နေသူ၏ နေအိမ်တွင် လျှပ်စစ်ဒယ်အိုးကို ပလပ်မဖြုတ်ဘဲထားရာမှ အပူရှိန်လွန်ကဲကာ မီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် သုံးပင်ပတ်လည် ပျဉ်ခင်း၊ ထရံကာ၊ သက်ငယ်မိုးနေအိမ် အမိုးအကာအားလုံးလောင်ကျွမ်းပြီးအခြားနေအိမ်များသို့ ကူးစက်လောင်ကျွမ်းခြင်းမရှိကြောင်းနှင့်အခင်းဖြစ်နေရာသို့ ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့်နှင့်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မျိုးသန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမော်၊ မြို့နယ်မီးသတ်စခန်းမှူး မျိုးမင်းသိန်းနှင့်တာဝန်ရှိသူများက မီးသတ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လျှပ်စစ်မီးပေါ့လျော့စွာသုံးစွဲသူ ကျော်လွင်ဦး (ခ) ဘားပလက်ကို ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုရှုပ**



# မုံရွာမြို့တွင် အက်ဖီဒရင်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ဒီဇင်ဘာ ၁၉ ရက် နံနက် ၂ နာရီက အမှတ်(၇) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (မုံရွာ)မှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး သတင်းအရ သက်သေများနှင့်အတူ မုံရွာမြို့အဝင် ဘန့်ဘွေး ယာဉ်ဖြတ်သန်းခကောက်ခံရေးဂိတ်၌ ကဘော်ရွှေပြည် ယာဉ်လိုင်းမှ တမူးမြို့ စော်ဘွားကုန်း ရပ်ကွက်နေ ဘုန်းကျော်(၄၀နှစ်) မောင်းနှင်လာသည့် ၂၈/... ဟိုက်အေ့(စ်) ယာဉ်ကို ရပ်တန့်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ ယာဉ်မောင်းထိုင်ခုံအနောက် ခေါင်မိုးရှိ အဲယားကွန်းဘောက်အတွင်းမှ အက်ဖီဒရင်း ၉ကီလို တန်ဖိုးငွေကျပ်သိန်း ၄၅၀ အား သိမ်းဆည်းရမိခဲ့သဖြင့် **(အပေါ်ပုံ)** ဘုန်းကျော်ကို မုံရွာနယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ပညာရေးမူဝါဒများဆိုင်ရာ တက္ကသိုလ်အဆင့် အလုပ်ရုံဆွေးနွေး

**ပဲခူး ဒီဇင်ဘာ ၂၂**

ပညာရေးမူဝါဒများ ဆိုင်ရာ တက္ကသိုလ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ပဲခူးတက္ကသိုလ် ပင်မဆောင် အစည်းအဝေးခန်းမ MB-250 ၌ ကျင်းပသည်။

အခမ်းအနားတွင်ပဲခူးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဆရာကြီး ဒေါက်တာကြည်စိုးက ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ကော်မတီဖွဲ့စည်းထားမှု အစီအစဉ်များနှင့်ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် နေပြည်တော်၌ ကျင်းပခဲ့သော ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေးချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော သင်ကြား/စီမံ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများသည် အဖွဲ့ခြောက်ဖွဲ့ခွဲ၍ ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး အချက် ၁၂ ချက်နှင့်ပတ်သက်၍အဖွဲ့အလိုက် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

**(၁၃၁)**

# ကလေးမြို့၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ဒီဇင်ဘာ ၁၈ ရက်ည ၁၁ နာရီခွဲက ကလေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အမှတ် (၅) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ကလေး)မှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ ကလေးမြို့ တပ်ဦးသီတာရပ်ကွက် နယ်မြေ (၁) စန္ဒာလမ်းတွင် သက်သေများနှင့်အတူ စောင့်ဆိုင်းနေစဉ် ကလေးမြို့ နယ်မြေ (၈) တောင်ဇလပ်ရပ်ကွက်နေ မနိုတင်ပါး (၂၂)နှစ် မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဒေါ်တင်(ခ)ဒေါ့တင်(၄၀နှစ်)နှင့် ကလေးမြို့ ဆည်တောကျေးရွာနေ ခင်ထွန်း (၃၇နှစ်)တို့လိုက်ပါလာသည့် ၇ဂ/... အဖြူရောင် ဟာရီယာ ယာဉ်ကို ရပ်တန့်ရှာဖွေခဲ့သည်။ ထိုသို့ ရှာဖွေရာ ယာဉ်နောက်ခန်းမှ ပီနံအိတ်များဖြင့်ထည့်လျက် ဆူဒိုအက်ဖီဒရင်း အာနိသင်ပါဆေးပြား ၁ ဒသမ ၉၂ သန်း တန်ဖိုးငွေကျပ် ၁၉၂ သန်းနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးချက်အရ ကလေးမြို့ တပ်ဦးသီတာရပ်ကွက်နေ ထန်ဆွမ်းပေါင် (၃၄ နှစ်)၏နေအိမ်မှ သယ်ဆောင်ခဲ့ကြောင်း သိရှိရသဖြင့် ထန်ဆွမ်းပေါင်၏ နေအိမ်အား ဆက်လက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ မူးယစ်ဆေးများ ရှာဖွေတွေ့ရှိခြင်းမရှိသော်လည်း ၎င်းနှင့်အတူ တီးတိန်မြို့နယ် တွာလ်ဇမ်ရွာနေသူများဖြစ်သည့် ရှန်ဗန်းခမ်း (၂၀နှစ်)၊ ဇမ်ခေါ်ထွန်း (၂၈နှစ်)နှင့် ပေါင်ဂင်ဒါးလ်(၂၄ နှစ်)၊ တပ်ဦးသီတာရပ်ကွက်နေ လန်ဆွမ်းလျန် (၃၄ နှစ်)တို့လေးဦးကို ဖမ်းဆီးရမိခဲ့သောကြောင့် ကလေးမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ)**

**ကိုရဲ**



# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏အစီအစဉ်ဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ဒီဇင်ဘာ ၁၂ ရက်မှစ၍ ကျင်းပခဲ့ရာ ပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက အထက ထန်းတပင် ပင်လုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ သစ်တောနှင့်သတ္တုဝန်ကြီးဌာန ဝန်ကြီးဦးကျော်ငွေးက အမှာစကားပြောကြားခဲ့သည်။ ဆက်လက်ပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးရဲညွန့်က ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့်ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်ခဲ့ကြသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက ထန်းတပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(၁၃၆)**

# ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# သယ်န်းကျွန်းမြို့နယ်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက သယ်န်းကျွန်းမြို့နယ်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီက သယ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းအတိုင်း မြောက်မှတောင်သို့ ယာဉ်မောင်း(စုံစမ်းဆဲ)မောင်းနှင်လာသော ၃ခ/... နီဆန်းဒီဇယ်အဖြူရောင်အငှားယာဉ်သည် ပြည်ထောင်စုတံတား အတက်အရောက် ဝဲဘက်သို့တိမ်းမှောက်သွားခဲ့သဖြင့် ယာဉ်မောင်းမှာ ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း (စုံစမ်းဆဲ)ကို သုဝဏ္ဏနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးဝင်း(SP)**


## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၏၂၀၁၂-၂၀၁၃ပညာသင်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဘွဲ့ကြိုသင်တန်းများ၊ နိုင်ငံခြားဘာသာစကား ဒီပလိုမာအချိန်ပိုင်းသင်တန်းများ၊ Diploma in English, a one year full-time Course, Post Graduate Diploma in English (CHRD) နှင့် Diploma in English (CHRD) ဘွဲ့/ဒီပလိုမာစာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ပြီး တက်ရောက်ဘွဲ့ယူရန် လျှောက်ထားပြီးသောပုဂ္ဂိုလ်များအတွက် (၁၁)ကြိမ်မြောက် ဘွဲ့နှင်းဘသင်အခမ်းအနားကို မန္တလေးတက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်ကျင်းပရာတွင် ဓာတ်ပုံလုပ်ငန်းနှင့်ဗီဒီယိုလုပ်ငန်းများ ရိုက်ကူးလုပ်ကိုင်ခွင့်အတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်ဈေးနှုန်းလွှာတင်သွင်းရန် လျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ၂၄-၁၂-၂၀၁၃ရက်မှစ၍ တစ်စုံလျှင် ကျပ် ၃၀၀၀နှုန်းဖြင့် ဌာနခွဲမှူး (ဘဏ္ဍာ)၊ ငွေစာရင်းဌာန မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ထံတွင် လုပ်ငန်းလိုင်စင်မူရင်း၊ မိတ္တူတင်ပြ၍ ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်ဈေးနှုန်းလွှာကို ၂၇-၁၂-၂၀၁၃ရက် ညနေ ၃း၀၀နာရီ နောက်ဆုံးထား၍ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်၊ အစည်းအဝေးခန်းမ၌ အိတ်ဖွင့်တင်ဒါတင်သွင်းရမည်။

၄။ ၂၇-၁၂-၂၀၁၃ရက် ညနေ ၃း၀၀နာရီတွင် အိတ်ဖွင့်တင်ဒါဖွင့်ပါမည်။ (အသေးစိတ်သိရှိလိုပါက မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ဓာတ်ပုံနှင့်ဗီဒီယိုလုပ်ငန်းကြီးကြပ်ရေးကော်မတီထံသို့ အောက်ပါဖုန်းနံပါတ်များအား ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။)

**ဖုန်း-၀၂-၃၂၃၃၀၊ ၀၉-၂၁၃၂၅၁၆၊ ၀၉-၄၃၀၃၄၅၄၃**

**ဓာတ်ပုံနှင့်ဗီဒီယိုလုပ်ငန်းကြီးကြပ်ရေးကော်မတီ**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀(က+ခ)၊ မြေကွက်အမှတ်၃၄၀၊ အကျယ်အဝန်း (အလျား ၂၅ပေ× အနံပေ ၅၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၈ လမ်း၊ အမှတ် (၅၇)ဟုခေါ်တွင်သည့် မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ဒေါ်စန်းစန်းဝင်း ၉/မကန(နိုင်)၀၁၀၀၀၀၏ SP အမှတ်(၁၃၅၁၄/၂၀၁၃)အရ ပိုင်ဆိုင်သူဦးမင်းဆွေအောင် ၇/ဇကန(နိုင်)၀၃၇၄၂၃ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ**
**အမှတ် (၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**Fax & Ph-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ စိန်ပန်းလမ်းသွယ် ၃ လမ်း၊ မြေကွက်အမှတ် ၃၄၄၊ ဧရိယာ ၀ဒသမ ၀၈၃ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကြည်သောင်း ၁၂/အလန(နိုင်)၀၁၈၇၇၀ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝင်းခိုင် LL.B, D.B.L**
**အထက်တန်းရှေ့နေ (စဉ်-၃၃၉၀၁)**
**အမှတ် ၁၀၇၈၊ အောင်မေတ္တာလမ်း၊ (၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၂၁၄၄၉**

## ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံခွဲ(ရန်ပယ်)အားငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံခွဲ(ရန်ပယ်)သည် မကွေးတိုင်းဒေသကြီး၊ ပရပ်ကြယ်ကျေးရွာအနီးတွင်တည်ရှိပြီး အကျယ်အဝန်းမှာ စက်ရုံ ၆၁ဒသမ ၉၀ဧကနှင့် စိုက်ကွင်း(၈၄၈)ဧကရှိ၍ လျှပ်စစ်နှင့်ရေအထူးကောင်းမွန်ပါသည်။

၂။ ယင်းစက်ရုံခွဲအား လက်ရှိလုပ်ငန်းအပြင် အခြားစက်မှုလုပ်ငန်းများပါ ဆောင်ရွက်နိုင်ရေးအတွက် နှစ်ရှည်ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၂၃-၁၂-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၉း၀၀ နာရီ

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၁-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၄း၀၀ နာရီ

(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၃၇)၊ ဒုတိယဝန်ကြီး(၁)ရုံးခန်း၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။

၃။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိလိုပါက စုံစမ်းနိုင်ပါသည်။

**ပစ္စည်းစီမံရေးဌာန**
**ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆**

## အမည်ပြောင်း

အင်တော်မြို့နယ်ခွဲ၊ အမက(၁)၊ ပထမတန်း(က)မှ မနန်းအိမ့်မှူးငယ်အား ယနေ့မှစ၍ မနန်းအိသန္တာထက်ဟု ပြောင်းလဲခေါ်ပါရန်။

**နန်းအိသန္တာထက်**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ စီးပွားရေးတက္ကသိုလ်၊ စတုတ္ထနှစ်မှ နန်းဗွာခမ်း၏ဖခင်အမည်မှန်မှာ ဦးထွန်းလူ(ခ)ဦးဘော ၁၃/တကန(နိုင်)၀၉၁၈၆၆ဖြစ်ပါကြောင်း။


23-12 (18).pmd 1 12/22/2013, 8:34 AM

နယ်သတင်းနှင့်ကြော်ငြာ



# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဘဝမြှင့်တင်ရေး အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**ပုသိမ် ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနား ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ၁၇ ရက်နံနက်၁၀နာရီခွဲက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသိန်းအောင်၊သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားကျင်းပရေးဦးစီးကော်မတီနာယက ဝန်ကြီးချုပ် ဦးသိန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးလှခိုင်က အခမ်းအနား ကျင်းပရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလင်းထွဋ်ဦးက ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လိုအပ်သည်များကို လမ်းညွှန်မှာကြား ဆွေးနွေးသည်။

ဆက်လက်၍ အခမ်းအနားနှင့်ပတ်သက်၍ လုပ်ငန်းကော်မတီအလိုက် တင်ပြဆွေးနွေးခြင်းနှင့် အထွေထွေဆွေးနွေးကြပြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က နိဂုံးချုပ်အမှာစကားပြောကြားကာ နေ့လယ်ပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကလေးမြို့ ယာဉ်ကြောရှုပ်ထွေးသည့်နေရာများတွင် အချက်ပြမီးများတပ်ဆင်

**ကလေး ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးကလေးမြို့ ယာဉ်ကြောရှုပ်ထွေးသည့် နေရာများတွင် အချက်ပြမီးများ တပ်ဆင်ခြင်းကိုဒီဇင်ဘာ၁၅ရက်ကခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၏ စီစဉ်လမ်းညွှန်မှုဖြင့် မြို့နယ်အထောက်အကူပြုအဖွဲ့တို့ ပူးပေါင်းပြီး တစ်ခုလျှင် သုံးသိန်းတန် အချက်ပြမီး ၁၀ ခုကို တပ်ဆင်သည်။ **(အောက်ပုံ)**

ကလေးမြို့၏ အဓိကလမ်းမကြီးများပေါ်ရှိ ယာဉ်ကြောရှုပ်ထွေးသည့် နေရာများဖြစ်သည့် ပင်လုံလမ်းမတော်ထိပ်တွင်နှစ်ခု၊ ဗိုလ်ချုပ်လမ်းနှင့် စံပြလမ်းဆုံတွင် နှစ်ခု၊ ဒုတစလမ်းဆုံတွင်တစ်ခု၊ မင်းရဲကျော်စွာလမ်းဆုံတွင်တစ်ခု၊ ဘုတာလမ်းခွဲတွင်တစ်ခုဗိုလ်ချုပ်လမ်းနှင့်နေကြာလမ်းထောင့်တွင်တစ်ခု၊ ဂေါက်ကွင်းလမ်းထောင့်တွင်တစ်ခု၊ စမ်းမြို့မူလတန်းကျောင်းရှေ့တွင်တစ်ခုတို့ကို တပ်ဆင်ပြီးဖြစ်ကြောင်းမြို့နယ်အထောက်အကူပြုကော်မတီဦးအေးချိုက ပြောသည်။

အဆိုပါ အချက်ပြမီးပွိုင့်ငယ်များကို အလျှုရှင်များ ပေါ်ပေါက်ပါက လမ်းမကြီးတစ်လျှောက် ယာဉ်သွားယာဉ်လာ များပြားသည့်နေရာများတွင် ဆက်လက် တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သျှင်နေမင်း)**

# ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၏ ဒုတိယမဏ္ဍိုင်ဖြစ်သော သမဝါယမအသင်း၏ မြို့နယ်/ရပ်/ကျေးအသင်းများနှင့်တွေ့ဆုံ

**လေးမျက်နှာ ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမတွင် ဒီဇင်ဘာ ၁၉ရက် နံနက်၁၀နာရီက သမဝါယမဝန်ကြီးဌာနပြည်ထောင်စုဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် မြို့နယ်/ရပ်/ကျေး သမဝါယမအသင်းများ တွေ့ဆုံပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ သမဝါယမအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ သမဝါယမအသင်းသား အသင်းသူများ ၁၅၃ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိက မြို့နယ်အတွင်းသမဝါယမအသင်း၏ ဆောင်ရွက်ချက်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုသမဝါယမအသင်းများ ဖွဲ့စည်းထားရှိမှုဆက်လက်ဖွဲ့စည်းမည့် အစီအစဉ်များ၊ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား အသေးစိတ် ရှင်းလင်းတင်ပြသည်။

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးသန်းထွန်းကသမဝါယမအသင်း၏ဦးတည်ချက်နှစ်ရပ်၊ လုပ်ငန်းစဉ်ငါးရပ်၊ သမဝါယမအသင်း၏ ရရှိမည့်အကျိုးသုံးချက်၊ ဝိုင်းကြီးချုပ်အဖွဲ့များ၏ တာဝန်သုံးရပ်၊ သမဝါယမအသင်း မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာပုံ၊ ဆိုရှယ်လစ်စနစ်နှင့်သမဝါယမအကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ သမဝါယမအကြောင်း၊မြန်မာနိုင်ငံတွင်အောင်မြင်နေသောသမဝါယမအကြောင်း၊သမဝါယမအသင်းကြောင့် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံမှ နှစ်ပေါင်း၃၀အတွင်း ကမ္ဘာ့အချမ်းသာဆုံး၁၀နိုင်ငံစာရင်းဝင်သည့် ကိုရီးယားနိုင်ငံအကြောင်း၊ သမဝါယမဝန်ကြီးဌာနမှ နိုင်ငံတော်မှ အကောင်အထည်ဖော်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရှစ်ချက်ထဲမှ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစသည်တို့ကို လက်တွေ့အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ကျေးရွာတိုင်းတွင် သမဝါယမအသင်းများ ဖွဲ့စည်းရန်လိုကြောင်း၊ သမဝါယမအသင်းသားများသည် သမဝါယမအသင်းအကြောင်း အသေးစိတ်သိရှိဖို့လိုကြောင်း၊ အကျယ်တဝင့်ရှင်းလင်းပြီး တက်ရောက်လာသော အသင်းသားအသင်းသူများအား မရှင်းလင်းသည့် အချက်များ ဆွေးနွေးရန်ပြောကြားရာ တက်ရောက်လာသူများက မိမိတို့မရှင်းလင်းသည့်အချက်များ၊ သိလိုသည်များကို မေးမြန်းရာဒုတိယဝန်ကြီးဦးသန်းထွန်းကပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။ **သီဟ(လေးမျက်နှာ)**

# (၆၅)နှစ်မြောက်လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဟောပြော

**ရှင်ဗွေယန် ဒီဇင်ဘာ ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ရှင်ဗွေယန်မြို့နယ်ခွဲအခြေခံပညာအထက်တန်းကျောင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ကြီးမှူး၍ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဟောပြောပွဲကို ဒီဇင်ဘာ ၁၉ရက် နံနက်၉နာရီက အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်တို့မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း၁၂၀၀ခန့် တက်ရောက်ကြပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မေရည်က လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာနှင့်မြို့နယ်ခွဲပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှဦးစီးမှူး ဒေါ်ခိုင်သက်မွန်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးကို ဟောပြောကြသည်။

**(မြို့နယ် ပြန်/ဆက်)**



## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရွာသာကြီးရပ်ကွက် အပိုင်(၄)၊ လှော်ကားလမ်းနေ ဦးချစ်ကို- ဒေါ်ခင်သီတာဦး၊
ကိုအောင်မိုး (EO-Five Star Shipping) -မအိအိခိုင်တို့၏ ညီမောင်၊
ဦးစိုးသိန်း-ဒေါ်ကျင်သိန်းတို့၏သားထွေး
**ကိုဇော်မင်းထွေး B.A (Law)**
**နှင့်**
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ဒီဇင်ဘာစက်မှုမြို့တော်အိမ်ရာဝင်း တိုက်(၁၁)၊ အခန်း(၂၀၁)နေ
ကိုသိန်းဦး-မထူးဖော၊ ကိုဝင်းထူး-မတိုးတိုးလတ်တို့၏ ညီမငယ်
(ဦးညွှန့်စိန်)-ဒေါ်ခင်အေးရီ(ခ)အမိုးတို့၏ သမီးထွေး
**မမြမြမူ B.Sc (Zoology)**
တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ၆-၁၂-၂၀၁၃ရက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။
**ကိုဇော်မင်းထွေး-မမြမြမူ**

## (၁)နှစ်ပြည့်မင်္ဂလာဆုတောင်း

**ဗိုလ်ကြီးဟန်မျိုးကျော်** နှင့် **မလွင်ထက်အောင်** (Manager Ye Ta Khon Pharma) တို့၏ ၂၃-၁၂-၂၀၁၃ရက်တွင် ကျရောက်သော တစ်နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း ရာကျော်တိုင်အောင် သာယာပျော်ရွှင်သော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်-

**နှစ်ဖက်သောမိဘများ** - ဒေါ်လှရင် (တောင်ငူမြို့)၊ ဒေါ်ခင်အုန်း (တပ်ကုန်းမြို့)
- (ဦးနေဝင်း)-ဒေါ်လှလှ (တောင်ငူမြို့)
- (ဦးအောင်သန်းမောင်)-ဒေါ်တင်စန်းမြင့် (ရန်ကုန်မြို့)

**မမကြီး** - ဒေါ်ခိုင်နီနီစိုး၊ ဒေါ်ငြိမ်းဝင့်အောင်

**ညီမလေး** - မသိမ့်သဥ္ဇာလင်း

## ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၂၂၄၂၄ ဂျာလင်း၊ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးလှမောင် ၅/ဆလက(နိုင်)၀၀၈၉၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးမြို့နယ်၊ ညောင်ပင်ရွာကျေးရွာနေ (ဦးတင်ညွှန့်)-ဒေါ်အေးမြင့်တို့၏သမီး မစန်းစန်းမော် ၈/မကန(နိုင်)၁၅၃၃၃၉ သည် မိခင်ကြီး၏ ဆိုဆုံးမမှုကို မနာခံဘဲ မိခင်ကြီးနှင့် ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၂၀-၁၂-၂၀၁၃ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။
**မိခင်-ဒေါ်အေးမြင့်**
**၈/မကန(နိုင်)၀၇၃၄၆၇**

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၁၀)ရပ်ကွက်၊ တက္ကသိုလ်ရိပ်မွန်ဥယျာဉ်မြို့တော်၊ ဇီဇဝါလမ်းနှင့် ဧကရာဇ်လမ်းထောင့်၊ အမှတ် ၁၉နေ ဦးသန်းထွန်း-ဒေါ်တင်နုနုမြိုင်တို့၏သမီး မမေသန်းထွန်း ၁၂/ဗတထ(နိုင်)၀၀၁၄၁၂ သည် မိဘများအကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအားလုံးကို တာဝန်ယူမည်မဟုတ်ပါကြောင်း။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးသန်းထွန်း ၁၂/ဗတထ(နိုင်)၀၃၁၈၁၂**
**ဒေါ်တင်နုနုမြိုင် ၁၂/ဗတထ(နိုင်)၀၁၂၄၆၈**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ဗန်းမော်မြို့၊ ပညာရိပ်သာ(၂)နေ ဦးကျော်လှိုင်- ဒေါ်ခင်ရှိန် AC-၀၄၈၅၁၁တို့၏ မွေးစားသမီး စောပြည့်လှိုင် ၁/ဗမန(နိုင်)၀၉၆၃၃၅သည် အိမ်မှဆင်းသွားပါ၍ မိဘ၏ဆုံးမစကားနားမထောင်သဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။
**ဦးကျော်လှိုင်-ဒေါ်ခင်ရှိန်**

# ကြော်ငြာ

(၁)လပြည့်လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ယဉ်နု

(၃၄လမ်း၊ ရန်ကုန်မြို့)

အသက်(၇၇)နှစ်

၂၃-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားသည့် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်ယဉ်နုအားရည်စူး၍ ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှု အစုစုကို မြင့်မြတ်သောဘုံဘဝမှ ရရှိခံစားပြီး သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်ခင်ပွန်း ဦးအောင်မြင့်ဦး(ခ)ဦးမြင့်ဦး

ချစ်သား/သမီး၊ မြေးများ

## ဝမ်းနည်းကြေကွဲခြင်း

မြင်းခြံအသင်း(မန္တလေး)တွဲဖက်အတွင်းရေးမှူး ဦးနေဝင်း-ဒေါ်ဥမ္မာတင်မောင်၊ (သား)ဝီလျှံတင်တို့၏ကျေးဇူးရှင်မွေးသမိခင် ဒေါ်သန်းသည် ၂၁-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြင်းခြံအသင်း(မန္တလေး)

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးမြင့်

အသက်(၇၅)နှစ်

ဦးရည်မွန်(ဦးဆောင်ညွှန်ကြားရေးမှူး၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)-ဒေါ်ချယ်ရီတင်တို့၏မိခင် ဒေါ်အေးမြင့်သည် ၂၁-၁၂-၂၀၁၃ရက်(စနေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဝန်ထမ်းမိသားစု

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

## ဦးဝင်းအောင်

အသက်(၅၀)

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်လမ်း၊ အမှတ် ၈၊ ခြောက်လွှာ (A)နေ (ဦးသီဟန်-ဒေါ်သန်းညွန့်)တို့၏သား၊ (ဦးစံထွန်းအောင်)-ဒေါ်ခင်ခင်ကြီး၊ ဒေါ်မြမြဆွေ၊ ဒေါ်စန်းမြင့်ကြည်၊ ဒေါ်ခင်ခင်ဝင်း (မိသားစုအထည်ဆိုင်)၊ ဦးမောင်မောင်-ဒေါ်ဝင်းဝင်းအေး(ပင်မြင့်စံ-စတိုး)၊ ဦးချိုဇော်ဦး-ဒေါ်ခင်မိုးဆွေ၊ ဦးနိုင်ဝင်းလှိုင်-ဒေါ်စိုးသီတာတို့၏မောင်/အစ်ကို၊ ဒေါ်ရွှေစင်(ဌာနစုမှူး၊ ဘဏ္ဍာဌာန၊ ရန်ကုန်တက္ကသိုလ်)၏ခင်ပွန်း၊ မောင်ညဏ်လင်းချမ်း(As GTI,B.Tech 1st Year၊ သိပ္ပံနှင့်နည်းပညာတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း)၏ဖခင်၊ တူ၊ တူမ ၁၈ယောက်တို့၏ဘကြီးသည် ၂၂-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**အနိစ္စ**

## ကိုသန့်ဇင်မြင့်

အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံ ၂လမ်း၊ အမှတ် ၈၅၅နေ (ဦးတင်မြင့်)-ဒေါ်သန်းမြတို့၏သား၊ ဦးအေးသောင်း-ဒေါ်ခင်ဝင်းတို့၏တူ၊ရွှေပြည်သာမြို့နယ်၊ဘုံရှည်ကုန်းရပ်ကွက်၊ စပယ်လမ်း၊ အမှတ် ၆/၅၃နေ (ဦးမောင်စိန်)-ဒေါ်လှလှတို့၏သားသမက်၊အင်းစိန်မြို့နယ်၊အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံ ၂လမ်းနေ ဦးဝင်းကို-ဒေါ်မြင့်မြင့်စန်း၊ ဦးခင်မောင်စိုး-ဒေါ်သန်းသန်းညွန့်မြင့်(စစ်ဆေးရေးမှူး၊ Y.C.D.C)၊ ဦးစိုးနိုင်-ဒေါ်ဥမ္မာမြင့်၊ ဒုရဲမှူးမျိုးအောင်မြင့် (အမှတ်-၂၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး) - ဒေါ်အေးအေးမျိုး၊ ရဲတပ်ကြပ်စိုးနောင်မြင့်(အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး) - ဒေါ်နွယ်နီထွန်း၊ ကိုတိုးအောင် (လားရှိုး အကျဉ်းထောင်) - ဒေါ်ခင်စန်းဝေမြင့်တို့၏ညီ/မောင်၊ မောင်တင့်လွင်မြင့်၊ မောင်သက်ဇော်မြင့်တို့၏အစ်ကို၊ ရွှေပြည်သာမြို့နယ်၊ ဘုံရှည်ကုန်းရပ်ကွက်နေ ဦးသန်းချို-ဒေါ်သီသီအေး၊ ဦးသက်လွင်ထွန်း-ဒေါ်ကြည်ကြည်အေး၊ (ဦးအောင်ကိုကိုထွေး)-မလှလှဌေး(PHGC)၊ မောင်နိုင်လင်းတို့၏ညီ/မောင်၊ မဇင်မေကျော်၊ မဇင်ဇင်သန့်၊ မောင်မင်းသန့်မောင်၊ မအေးမြတ်သူတို့၏ဖခင်၊ မခင်မေသန်းဝင်း၏ခင်ပွန်းသည် ၂၁-၁၂-၂၀၁၃ရက် (စနေနေ့)ညနေ ၃း၃၀နာရီတွင် အင်းစိန်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၃-၁၂-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၂-၂၀၁၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၂နာရီအထိ ရွှေပြည်သာမြို့နယ်၊ဘုံရှည်ကုန်းရပ်ကွက်၊ စပယ်လမ်း၊ အမှတ် ၆/၅၃နေ မခင်မေသန်းဝင်း၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဘဘ(ခ)မင်းသိန်း

(ထားဝယ်မြို့)

အသက်(၇၂)နှစ်

ထားဝယ်မြို့၊ဇရစ်ရပ်၊ ကလောင်ဆွေလမ်း၊ အမှတ် ၃၅၄နေ(ဆရာကြီး ဦးပြုံးရင် - ဒေါ်အုန်းသင်)တို့၏ သားထွေး၊ (ဆရာမဒေါ်စိန်ဇီ၊ ငြိမ်း)၊ (ဦးအုန်း-ဒေါ်စောညွန့်)၊ ဆရာမ ဒေါ်ညွန့်စိန်(ငြိမ်း)၊ (ဦးတင်အောင်-ဒေါ်ခင်ကြွယ်)၊ (ဦးဘကြည်-ဒေါ်လှရီ)၊(ဗိုလ်မှူးချုပ်တင်အေး၊ စာရင်းစစ်ချုပ်၊ငြိမ်း)-ဒေါ်စိန်ညီ၊ဦးတင်ထွန်း - ဒေါ်ကျင်စောတို့၏ ညီ/မောင်သည် ၂၂-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၁၁၁၊ ပုလဲရတနာလမ်း၊ ၁၈ (အေ)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သိန်းကြည်

အသက်(၆၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကုလားချောင်းကြီးကျေးရွာနေ (ဦးကုလားကြီး-ဒေါ်ချစ်)တို့၏သမီး၊ ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ် ၁၄/၆/၄၁၇၊ သမိန်ထောလမ်းနေ ဒုအရာခံဗိုလ်ကျော်မြင့်(ငြိမ်း)၏ဇနီး၊ ဦးလှမြင့်ဦး-ဒေါ်အေးသီတာ၊ ဒေါ်စမ်းသီတာ(ကညန)၊ဒေါ်မိုးသီတာမြင့်(ကညန)၊ ဗိုလ်ကြီးကျော်စွာဦး-ဒေါ်ခင်ခင်စိုး၊ ဦးမင်းမင်းစိုး(ASW Co.,Ltd.)-ဒေါ်သင်းသင်းအေး(ASW Co., Ltd.)တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၂-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၅း၂၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၄-၁၂-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၂-၂၀၁၃ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ အရဏ်ခံတန်ဆောင်း ဒါယိကာမကြီး

## ဒေါ်သန်း

အသက်(၈၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့၊ ဗိုလ်ချုပ်လမ်း၊ ရွှေဟင်္သာဖိနပ်လုပ်ငန်းပိုင်ရှင် ဦးမြမောင်၏ဇနီး၊ ဦးခင်မောင်ဝင်း(အထက်တန်းရှေ့နေ၊ မြင်းခြံတရားရုံး)၊ ဦးခင်မောင်မြင့်-ဒေါ်ခင်မာကြည် (ဖိနပ်မျိုးစုံရောင်းဝယ်ရေး)၊ ဒေါ်ခင်စောရီ(ကထိက၊ငြိမ်း၊ ရူပဗေဒ၊ မန္တလေးတက္ကသိုလ်)၊ ဒေါက်တာဦးအောင်ကျော်ဦး (Professor Ortho;)-ဒေါက်တာအေးအေးစိန် (မေ့ဆေးအထူးကု)၊ ဦးဇော်မင်း-ဒေါ်ခင်တီထွန်း(ရွှေဟင်္သာဖိနပ်ဆိုင်)၊ ဦးမင်းဆွေ-ဒေါ်တာ(စိန်ငွေးမော်)၊ဦးကျော်ကျော်-ဒေါ်ဝင်းမာထွေး၊ ဦးနေဝင်း-ဒေါ်ဥမ္မာတင်မောင်၊ ဦးသောင်းဒန်၊ ဒေါ်ခင်စာကြည်၊ ဗိုလ်မှူးရဲနိုင်အောင်(ငြိမ်း) (တာယာစက်ရုံ)တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၁-၁၂-၂၀၁၃ရက် (စနေနေ့)ညနေ ၅း၅၀နာရီတွင် မြတ်သုခဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၃-၁၂-၂၀၁၃ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ချောင်းဒေါင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးမြင့် (ပဲခူးမြို့)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၃/A (မြေညီ)၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ (ဦးကျော်ဖေ-ဒေါ်မြတင်)တို့၏သမီး၊ (ဦးရန်အောင်မောင်မောင်)၏ဇနီး၊ ဒေါက်တာညွန့်ဆွေ(ဒု-ပါမောက္ခချုပ်၊ မန္တလေးအဝေးသင် တက္ကသိုလ်)-ဒေါ်စပယ်ဦး၊ ဦးရည်မွန် (ဦးဆောင်ညွှန်ကြားရေးမှူး၊ စက္ကူ/အိမ်သုံးစက်မှုဝန်ကြီးဌာန)-ဒေါ်ချယ်ရီတင်၊ ဦးအောင်ကိုသွင် - ဒေါက်တာစန္ဒာဝင်း(တောင်ငူ ဒေသန္တရဆေးရုံ)၊ ဦးစည်သူ-ဒေါ်ခိုင်ငြိမ်းရှင်၊ ဒေါ်သန္တာဖြိုး၊ ဦးထွန်းထွန်း-ဒေါက်တာသက်နီမိုး (မြိတ်တက္ကသိုလ်)၊ ဒေါ်ငြိမ်းသီအောင် (ပညာရေးကောလိပ်၊ပြည်)၊ ဦးရဲမြတ်အောင်(ညွှန်ကြားရေးမှူး၊ ယဉ်ကျေးမှု)-ဒေါက်တာဝိုင်းဝိုင်းအောင်(ဒုညွှန်မှူး၊ သမိုင်းသုတေသန)၊ ဦးဝင်းအောင်-ဒေါက်တာမျိုးပပသက်နှင်းထွေးအောင်(ဆေး-၁)တို့၏မိခင်၊ မြေး ၁၃ယောက်တို့၏အဘွားသည် ၂၁-၁၂-၂၀၁၃ရက်(စနေနေ့) ညနေ ၃နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၃-၁၂-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ယဉ်နု

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောမြောက်ရပ်ကွက်၊ သရက်တော ၁လမ်း၊ အမှတ် ၃၆နေ ဦးအေးမောင်၏ဇနီး၊ (ဦးသောင်းဦး)-ဒေါ်ခင်လှမော်၊ ဦးမြင့်အေး-ဒေါ်သန်းဝင်း၊ဒေါ်ငွေအောင်ကြည်၊ ဒေါ်လှလှဝင်း၊ ဦးကြည်ဝင်း-ဒေါ်လှလှသန်း၊ ဦးစိုးမိုး-ဒေါ်ခင်အေးနုတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၂-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၈နာရီတွင် ဆာကူရာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၄-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်ချို

ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)

(မြန်မာ့စီးပွားရေးဘဏ်)

အသက်(၇၇)နှစ်

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နေ (ဦးဝေ-ဒေါ်စု)တို့၏သား၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊ အမှတ် ၁၇၀၊ ပထမထပ်(ဝဲ)နေ ဦးဝင်းလွင်အောင် (ခ) ဦးဝင်းလွင်အောင်ချို (တရားလွှတ်တော်ရှေ့နေ) (ဘဏ်ဥပဒေအကျိုးဆောင်)-ဒေါက်တာ ဒေါ်ခင်နန်းမြင့် (ပါမောက္ခ ၊ အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးမြင့်စိုး (မြန်မာ့စီးပွားရေးဘဏ်-၃)-ဒေါ်သီတာအောင်(ရော့ဝတီဘဏ်၊တာချီလိတ်)၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်နေ ဦးကျော်မိုးအောင် (ဘဏ်ရာဖြတ်) - ဒေါ်အေးအေးအောင်၊ သန်လျင်မြို့၊ နတ်စင်ကုန်းကျေးရွာနေ ဦးမင်းသွင်အောင်-ဒေါ်ငွေငွေ၊ တောင်ကြီးမြို့နေ ဦးသန်းနိုင်-ဒေါ်ရီမာအောင်ချိုတို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ စီ-၁၀လမ်း၊ တိုက် ၃၀၊ အခန်း ၂၀၂နေ (ဒေါ်စိန်စု)၏ခင်ပွန်းသည် ၂၀-၁၂-၂၀၁၃ရက် (သောကြာနေ့) ညနေ ၄နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟများအား သိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီမှ ၁၂နာရီအထိ ယုဇနဥယျာဉ်မြို့တော်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စောမြ (စစ်တွေ)

အသက်(၇၆)နှစ်

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ကမ်းနားလမ်း၊ ငွေဒီတိုက်တန်း B6(6) နေ (ဦးဦးထွန်း-ဒေါ်မနှင်း)တို့၏သမီး၊ ရန်ကုန်မြို့၊ ဘောက်ထော်နေ (ဦးစိန်ထွန်းအောင် - ဒေါ်စိုးစိုး)တို့၏ သမီးချွေးမ၊(အငြိမ်းစားဆရာဝန်ကြီး ဦးကျော်လှ)၏ဇနီး၊ ဦးအောင်ကျော်ဖေ-ဒေါ်မမြအေး၊ (ဦးအောင်ကျော်ဝင်း)-ဒေါ်ခင်သန်း၊(ဦးအောင်ကျော်မင်း)၊ ဗိုလ်မှူးကြီးကျော်ညွန့်ဦး- ဒေါ်နှင်းအေးစောတို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၂-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၃၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၄-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (၁/R/၂၀၁၊ အရာရှိ အိမ်ထောင်သည်လိုင်း၊ ကပစ ၁/၄၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ် နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၂-၂၀၁၃ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စောမြ (စစ်တွေ)

အသက်(၇၆)နှစ်

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက် ကမ်းနားလမ်း၊ ငွေဒီတိုက်တန်း B6(6) နေ (ဦးဦးထွန်း-ဒေါ်မနှင်း)တို့၏သမီး၊ ရန်ကုန်မြို့၊ ဘောက်ထော်နေ(ဦးစိန်ထွန်းအောင်-ဒေါ်စိုးစိုး)တို့၏ သမီးချွေးမ၊ (အငြိမ်းစားဆရာဝန်ကြီး ဦးကျော်လှ)၏ဇနီး၊ (ဦးနီထွန်းဦး)-ဒေါ်မရှင်၊ (ဦးသန်းကျော်)-ဒေါ်စိန်ကျော့နု၊ ဦးသာအေး-ဒေါ်နုမေ၊ ဦးကျော်မြသိန်း-ဒေါ်ဖြူမေ၊ ဦးကျော်သန်းစိန် - ဒေါ်ခင်လှဦး၊ (ဦးကျော်ဦး-ဒေါ်မေရီစိန်)၊ (ဦးကျော်သိန်း-ဒေါ်မြင့်သက်တင်)၊ (ဦးဖထော်-ဒေါ်မေမေသန်း)တို့၏ ညီမ/အစ်မကြီးသည် ၂၂-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက်၁၀း၃၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၄-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(၁/R/၂၀၁၊ အရာရှိ အိမ်ထောင်သည်လိုင်း၊ ကပစ ၁/၄၊ ကမ္ဘာအေးဘုရားလမ်း၊မရမ်းကုန်းမြို့နယ် နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းရှိန် (တာမွေလေး)

အသက်(၈၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊ အမှတ် N/1(102)နေ (ဦးဘစိန်- ဒေါ်အေးကျင်)တို့၏သား၊ (ဦးအောင်သိန်း-ဒေါ်သန်း)တို့၏မောင်၊ (ဦးသန်းလွင်)-ဒေါ်ရင်ရင်မြတို့၏အစ်ကို၊ ဒေါ်ကြည်၏ခင်ပွန်း၊ ဒေါ်မြသောင်း၊ဒေါ်ယဉ်ယဉ်ငွေ၊ ဦးခင်မောင်ကြည်-ဒေါ်မူမူရှိန်၊ ဦးမောင်မောင်ညွှပ်-ဒေါ်ခင်သိန်းမြင့်၊ ဦးလှမြင့်-ဒေါ်မြတ်မော်ဦး၊ ဦးဝင်းမောင်-ဒေါ်မြင့်မြင့်သန်း၊ (ဦးစိုးနိုင်)တို့၏ဖခင်၊ မြေး ၁၅ယောက်၊မြစ် ၁၃ယောက်တို့၏အဘိုးသည် ၂၂-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်နွဲ့ယဉ်

(လတ်ကောင်း-နွားဖြူဖိနပ်ဆိုင်)

၆/ပခန်းငယ်

အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း ၂လမ်း၊ အမှတ် ၁၃၊ ၁၅နေ (ဦးချစ်မောင်-ဒေါ်အိမ်မြဲ)တို့၏သမီး၊ (ဦးလွန်းဘော်-ဒေါ်ဝါနု)တို့၏သမီးချွေးမ၊ (ဦးရဲညွန့်-ဒေါ်အေးကြင်)၊ ဦးသောင်းအေး-ဒေါ်စန်းရီတို့၏အစ်မကြီး၊ဦးလတ်မောင်၏ဇနီး၊ ဦးလတ်ဦး-ဒေါ်ခင်ဝင်းကြည်၊ (ဦးလတ်ခေါင်)၊ ဦးမြင့်အောင်-ဒေါ်လတ်နွဲ့၊ ဒေါ်လတ်ယဉ်တို့၏မိခင်သည် ၂၁-၁၂-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးအထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၃ရက် (တနင်္လာနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်အေးမြင့် (သုံးဆယ်)

အသက်(၇၉)နှစ်

သုံးဆယ်မြို့နေ (ဦးအောင်တင်-ဒေါ်တင်)တို့၏ တတိယမြောက်သမီး၊ (ဦးမြမောင်-ဒေါ်သိန်းရင်)တို့၏ သမီးချွေးမ၊ (ဒေါ်မြရီ)နှင့် ဒေါ်မြကြည်တို့၏ ညီမ၊ (ဦးစိန်ရွှေ)၊ ဦးတင်ရွှေ-ဒေါ်လှတင်တို့၏အစ်မ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သရက်တောလမ်း၊ အမှတ် ၂၆၊ မြေညီထပ်(ခြေရင်းခန်း)နေ ဦးခင်မြင့်၏ဇနီး၊ ဦးတက်နေထွန်း-ဒေါ်နီလာမြင့်၊ ဦးသန်းနိုင်ထွန်း - ဒေါ်နန္ဒာအောင်တို့၏မိခင်၊ မသဉ္ဇာဖြိုး၊ မောင်ကျော်ဖြိုးထွန်း၊ မစုစန္ဒီထွန်း၊ မောင်အောင်သန့်တို့၏အဘွားသည် ၂၂-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄-၁၂-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးငြိမ်းအောင်ဖြိုး

(တီတီစီကျောင်းသားဟောင်း)

အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ရွှေတောင်ကြားလမ်း၊ဗဟန်းမြို့နယ်နေ (ဒေါက်တာမောင်ဖြိုး)-ဒေါက်တာဒေါ်မာရီဖြိုးတို့၏သား၊ ကျုံပျော်မြို့နယ်၊ အစုကြီးကျေးရွာနေ ဦးလှမြင့်-ဒေါ်မေမေဂျူးတို့၏ သားသမက်၊ ဒေါက်တာဒေါ်သီတာဖြိုး၏မောင်၊ဦးရန်အောင်ဖြိုး၏အစ်ကိုကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းတောင်ရပ်ကွက်၊ အမှတ် ၄/၃ဘီ၊ ဦးဖိုးလမ်းနေ ဒေါ်ခိုင်မေဦး၏ခင်ပွန်း၊ မသိမ့်သိမ့်စံ (ဒုတိယနှစ်၊ B.Tech)၊ မောင်မင်းခက်မင်း(ခ) မင်းသုတ(တီတီစီ)၊ မချိုလဲ့ရီ (Grade 8-A၊ အထက-၂၊စမ်းချောင်း)တို့၏ဖခင်သည် ၂၀-၁၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၃း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမောင်မောင်တင် (ကော့မှူး)

အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကျွန်းတော၊ ကန်သာယာ ၅လမ်းနေ (ဒေါ်ကျင်တင်)၏ခင်ပွန်း၊ ဦးမောင်အေး-ဒေါ်ခင်မျိုးဦး၊ ဦးသန်းဇော်ဦး(မေတ္တာမွန် အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေး)၊ ဦးသိန်းထွန်း-ဒေါ်ခင်ပြုံးဇင်၊ ဦးသန်းမြင့်(ဆည်မြောင်းဦးစီးမှူး၊ တွံတေး)-ဒေါ်ခင်မိုးမိုး၊ ဦးရဲမင်း-ဒေါ်သပြေစိုးတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၂-၁၂-၂၀၁၃ရက် နံနက် ၈း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ တွံတေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၂-၂၀၁၃ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

နတ်တလင်းအသင်း

## ဦးခင်သိန်း

(သက်ကြီးကန်တော့ခံပုဂ္ဂိုလ်)

အသက်(၈၈)နှစ်

အမှတ် ၁၃၇၊ အလုံလမ်း၊ ၄ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ ရာသက်ပန်အသင်းဝင် သက်ကြီးကန်တော့ခံပုဂ္ဂိုလ် ဦးခင်သိန်းသည်၂၁-၁၂-၂၀၁၃ရက် မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။ (အဆိုပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

## ဦးနီအေး

လျှပ်စစ်ပြုပြင်ထိန်းသိမ်း

စက်မှု(၁)ဌာန

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂ ၂၂လမ်း၊ အမှတ် ၆၃၇နေ (ဦးအောင်ကိုး-ဒေါ်မြ)တို့၏သား၊ ဒေါ်လှကြည်၏ခင်ပွန်း၊ ဦးကြည်စိန်(EAH)-ဒေါ်ခင်ဝင်းကြည်(လူမှုဝန်ထမ်းဦးစီးဌာန)၊ ဦးကျော်ဝင်း-ဒေါ်ခိုင်ရည်စိုး(ဦးသိန်းဇော်)-ဒေါ်တင်တင်မော်(တပ်မတော်အထည်ချုပ်)၊ ဦးကျော်စံဝင်း-ဒေါ်အေးအေးမော်၊ ဦးသန်းဇော်-ဒေါ်ဆွေဆွေသန်း၊ ဦးကျော်ကျော်မိုး-ဒေါ်သင်းသင်းစုတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည်၂၂-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၉း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဆရာမဒေါ်ခင်ရွှေစင်(LHV)

ကျန်းမာရေးဆရာမ

(မိခင်/ကလေး၊ ဖျာပုံမြို့)

အသက်(၅၁)နှစ်

ဖျာပုံမြို့၊ (၁၀)ရပ်ကွက်၊ ၆လမ်း၊ အမှတ် ၁၁နေ ဆရာ ဦးမောင်မောင်ခင် (အထက-၂၊ ဖျာပုံ၊ ငြိမ်း)-(ဆရာမဒေါ်ဖလော်ရက်ပန်း)တို့၏သမီး၊ ဦးစောမင်းထွဋ် [MARIE STOPES INTERNATIONAL (MSI), MYANMAR, TGG CENTRE]-ဒေါ်နော်သလေဖေ(ဗဟိုအမျိုးသားသွေးလှူဘဏ်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏အစ်မ၊ နော်သက်ထားဦး(သူနာပြုဆရာမ၊ ဖျာပုံပြည်သူ့ဆေးရုံကြီး) - စောသူရတို့၏မိခင်သည်၂၂-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်ခန်းမ(၁)တွင် ဝတ်ပြုဆုတောင်းပြီး နံနက်၁၀နာရီတွင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [တိုက် ၂၃၄/၅၊ နွယ်သာကီလမ်း၊(၂၅)ရပ်ကွက်၊ သုဝဏ္ဏနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

## ဦးတင်စု (ကမာကဆစ်)

ရ.ပ.က(၇) (ငြိမ်း)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ တိုက်၁၊ အခန်း၄၊ ပြည်တော်သစ်ရိပ်သာ၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်မြရင်၏ခင်ပွန်း၊ ဦးအောင်မြတ်ထွဋ်၊ (ဦးအောင်မျိုး)-ဒေါ်ခင်နှင်းစု၊ ဦးကိုကိုလွင်-ဒေါ်ခင်မျိုးစုတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည်၂၂-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၄-၁၂-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟများအား သိစေအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်အေးအေး (သန်လျင်)

အသက်(၇၉)နှစ်

D-6 (A)၊ မြန်မာ့ရေနံရပ်ကွက်၊ သန်လျင်မြို့နေ (ဦးဆန်နီ-ဒေါ်သိန်းရင်)တို့၏သမီး၊ (ဦးအေးမောင်-ဒေါ်စန်းရီ)တို့၏သမီးချွေးမ၊ ဦးကျော်စ-(ဒေါ်ကြိုင်ကြိုင်)တို့၏ညီမ၊ ဦးသိန်းနိုင်(အလုပ်ရုံခွဲမှူး၊ ရေနံ၊ ငြိမ်း)၏ဇနီး၊ ဦးငွေးမြင့်အောင်-ဒေါ်ခင်အေးနိုင်၊ ဦးထွန်းထွန်း-ဒေါ်စန်းစန်းနိုင်၊ ဒေါ်ဥမ္မာနိုင်၊ ဦးမြင့်ကျော်ဝင်း-ဒေါ်မဉ္ဇူနိုင်၊ ဦးလှမင်းဇော်-ဒေါ်နီလာနိုင်၊ ဦးထင်လင်းအောင်-ဒေါ်စန္ဒာနိုင်တို့၏မိခင်၊ ဦးအောင်ဝင်း-ဒေါ်သန်းသန်းကြူ၊ဦးဝင်းငွေး-ဒေါ်နန်းသက်မာတင်၊ ဒေါ်ဝင်းဝင်းကြူတို့၏အဒေါ်၊ မြေး ရှစ်ယောက်တို့၏ အဘွားသည် ၂၂-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၁၂-၂၀၁၃ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင်နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အေးတင်ငွေး

အသက်(၅၈)နှစ်

စစ်တွေမြို့နေ (ဦးအောင်ကြီး-ဒေါ်မေဒါ)တို့၏သမီး၊ ဘူးသီးတောင်မြို့နေ (ဦးအောင်ဇံဖြူ - ဒေါ်ဒါညိဖြူ)တို့၏ ချွေးမ၊ အမှတ် ၄၅၅၊ အခန်း ၁၀၂၊ ခေမာသီရိလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေ(ဦးစံထွန်းအေး)၏ဇနီး၊ ဦးကျော်မင်းဦး၊ ဦးနေလင်း-ဒေါ်အေးနန္ဒာထွန်း၊ ဦးဝဏ္ဏကျော်-ဒေါ်တင်မေထွန်း၊ (ဦးသက်လွင်အေး)-ဒေါ်တင်ဇာထွန်းတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၁-၁၂-၂၀၁၃ရက် (စနေနေ့) ည ၇း၄၈နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၂-၂၀၁၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

mmalin.npt @ gmail.com, နှင့်
www. facebook.com/MYANMAALINNNEWS

# ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်ပြုမှတ်တမ်းတင်လွှာ

စာမျက်နှာ-၈



**ရှေ့ဖုံးမှ**

ပိတ်ပွဲမကျင်းပမီ တေးသံရှင်များက ဖျော်ဖြေတင်ဆက်ကြရာ တေးသံရှင် ထူးအယ်လင်းနှင့် ဆုန်သင်းပါရ်တို့က "ရောင်စုံဥယျာဉ်"၊ တေးသံရှင် ယုဇနက "ရင်းနှီးချစ်ကြည် နှုတ်ဆက်သည်"၊ တေးသံရှင်မေသက်ထားဆွေနှင့်အဖွဲ့က "အာရှ မြန်မာ"၊ တေးသံရှင် ဟဲလေး၊ ဒီယံနှင့်ဝေလျံတို့က "ဒါတို့ရဲ့ ဆီးဂိမ်း"၊ တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၊ ဘန်နီဖြိုးနှင့် သီရိဆွေတို့က " We can do it"၊ တေးသံရှင် မေဆွိနှင့်မေခလာတို့က "သွေးကပြောသောသစ္စာ"နှင့် ထင်ပေါ် ကျော်ကြားတေးသံရှင်များက "ငြိမ်းချမ်းပါစေ" တေးသီချင်းများကို သီဆို ဖျော်ဖြေကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✳

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား ဖျော်ဖြေတင်ဆက်မှုကို ပရိသတ်များ တစ်ခဲနက်အားပေးကြည့်ရှုနေကြစဉ်။

(သတင်းစဉ်)



ဒီဇင်ဘာ ၂၁ ရက်က ဆီးဂိမ်းအားကစားပြိုင်ပွဲတွင် တတိယဆုဆွတ်ခူးခဲ့သော မြန်မာ့ဂုဏ်ဆောင် အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းအား မန္တလေးမြို့မှ ပြည်သူများ မြို့လုံးကျွတ်မျှ သောင်းသောင်းဖြဖြ ကြိုဆိုအားပေးကြစဉ်။ ဓာတ်ပုံ-တင်မောင် (မန္တလေး)

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုရရှိမှုဇယား

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၁၀၇ | ၉၄ | ၈၁ | ၂၈၂ |
| ၂ | မြန်မာ | ၈၆ | ၆၂ | ၈၅ | ၂၃၃ |
| ၃ | ဗီယက်နမ် | ၇၃ | ၈၆ | ၈၆ | ၂၄၅ |
| ၄ | အင်ဒိုနီးရှား | ၆၅ | ၈၄ | ၁၁၁ | ၂၆၀ |
| ၅ | မလေးရှား | ၄၃ | ၃၈ | ၇၇ | ၁၅၈ |
| ၆ | စင်ကာပူ | ၃၄ | ၂၉ | ၄၅ | ၁၀၈ |
| ၇ | ဖိလစ်ပိုင် | ၂၉ | ၃၄ | ၃၈ | ၁၀၁ |
| ၈ | လာအို | ၁၃ | ၁၇ | ၄၉ | ၇၉ |
| ၉ | ကမ္ဘောဒီးယား | ၈ | ၁၁ | ၂၈ | ၄၇ |
| ၁၀ | တီမောလက်စ်တေ | ၂ | ၃ | ၅ | ၁၀ |
| ၁၁ | ဘရူနိုင်း | ၁ | ၁ | ၆ | ၈ |

**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

**ရောင်းမည်**

Chatrium Hotel အနီးရှိ ဖိုးစိန်ကွန်ဒို
3300 Sqft (P.H) အဆင့်မြင့်ပြင်ဆင်ပြီး
ဖုန်း-၀၉-၅၅၀၆၅၄၈၊ ၀၉-၅၀၇၄၁၄၅

## ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်

550 USD + ၅၀၀၀၀/-

650 USD + ၅၀၀၀၀/-

## OD TOUR
Oriental Dragon Travels & Tours Co.,Ltd

Since 1997

| | | | |
|---|---|---|---|
| ဗုဒ္ဓဂယာ | Jan.1,11,Feb | | Jan.1,24,Feb.... |
| | Jan.1,Feb | | Jan.1,24,Feb.... |
| | Jan.4,Feb | | Jan.1,24,Feb.... |
| | Jan.19,Feb | | Jan.1,24,Feb.... |
| | Jan.25,Feb | | Jan.1,24,Feb.... |
| | Jan....Feb.23 | | Jan.1,24,Feb.... |

01-538855, 526349, 534608, 523187, 09-5108087, 5187045, 73022688

E.mail: odtravels@gmail.com facebook: OD Tour

## The Examination Guide

ဒီဇင်ဘာတွဲ ၊ ဇန်နဝါရီတွဲ ၊ သီပွဲတွဲ

## ကွန်ပျူတာ ပုရောဟိတ်



A.G.T.Nitech English 09310783394

09317879128 0931300995

## အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးအော်ဒါ

ဂုဏ်ထူး ဦးအောင်ခိုင် (အက်လီ)

သမိုင်းဆိုင်ရာ ဦးထွန်းနွယ်

# မဟာနန်းတော်

အ.ထ.က

ရန်ကုန်မြို့နယ် ကျောင်းအောင်ရှိသည် ... 01-577 605, 09 470 74640

## UPT
## ဦးဖေသိန်း

B. Sc. Engg. Electrical

Ph. 01-577404, 0960-19345

Ph. / Fax 01-561866

11 KV, 33 KV



## ငှားရန်ရှိသည်

ဆက်သွယ်ရေးလုပ်ငန်းအသုံးပြုရန် ရန်ကုန်မြို့အတွင်း အဆောက်အအုံမြင့်မြင့် တိုက်ကတုံး ငှားရန်ရှိသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၂၄၈၀၈၊ ၀၉-၅၄၁၅၅၃၄**



## ကန့်ကွက်နိုင်ပါသည်

## ကန့်ကွက်နိုင်ပါသည်

(Open Tender)

| စဉ် | [illegible] | [illegible] |
|---|---|---|
| ၁ | [illegible] | - Tyre, Tube & Liner [illegible] |
| ၂ | [illegible] | - [illegible] (147)Drum [illegible] |
| ၃ | [illegible] | [illegible] |
| ၄ | [illegible] | [illegible] Apron [illegible] |
| ၅ | [illegible] | [illegible] |
| ၆ | [illegible] | [illegible] |
| ၇ | [illegible] | [illegible] |
| ၈ | [illegible] | [illegible] Warning [illegible] |

[illegible]

(Open Tender)

| စဉ် | [illegible] | [illegible] |
|---|---|---|
| ၁ | [illegible] | [illegible] |
| ၂ | [illegible] | [illegible] GI [illegible] |
| ၃ | [illegible] | [illegible] |
| ၄ | [illegible] | [illegible] |
| ၅ | [illegible] | [illegible] Platform [illegible] Platform Shed [illegible] Level Crossing [illegible] |
| ၆ | [illegible] | [illegible] |
| ၇ | [illegible] | [illegible] |
| ၈ | [illegible] | [illegible] |
| ၉ | [illegible] | [illegible] 11/0.4 KV, 250 KVA Transformer [illegible] |
| ၁၀ | [illegible] | [illegible] 11 KVA [illegible] 11/0.4KV,500 KVA Transformer [illegible] |
| ၁၁ | [illegible] | [illegible] Electronic KWh [illegible] |
| ၁၂ | [illegible] | - Turnout Concrete Sleeper Design, Drawing, Mould Design & Drawing [illegible] |

[illegible]

[illegible] Western Park Royal [illegible]


FAME GreenTea
EGCG 150 mg
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME Blueberry
Proanthocyanidin 100 mg
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified


## ဦးသန်းဦးနိုင်နှင့်အများသိစေရန် ကန့်ကွက်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ပဲခူးမြို့၊ ဟံသာဝတီရပ်ကွက်၊ ဗိုလ်မင်းသိမ်း ၁ လမ်း၊ အမှတ် (၁၁၄/၂)နေ ဦးစိန်ထွန်း၏သမီး ဒေါ်မူထိုက်ထိုက်စံ ၇/ပခန(နိုင်)၂၆၀၂၃၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးသန်းဦးနိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်မူထိုက်ထိုက်စံနှင့် ဦးသန်းဦးနိုင်တို့သည် ၂၀၁၁ခုနှစ်ကတည်းက တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြပါသည်။ ဦးသန်းဦးနိုင်၏ လုပ်ငန်းလိုအပ်ချက်အရ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်) ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၁၆၊ ငါးလွှာ(ခေါင်းရင်းခန်း)အား အပျောက်စနစ်ဖြင့်ဝယ်ယူခဲ့ပြီးနောက် ကျွန်ုပ်အမှုသည်နှင့်အတူ နေထိုင်ခဲ့ပါသည်။ ထို့ကြောင့် ဖော်ပြပါပစ္စည်းသည် လင်မယားနှစ်ဦးပိုင် လက်ထပ်ပွားပစ္စည်းဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်နှင့် ဦးသန်းဦးနိုင်တို့သည် လင်မယားချင်း အဆင်မပြေမှုပေါ်ပေါက်ခဲ့သောကြောင့် အထက်ဖော်ပြပါအခန်းမှာ ဦးသန်းဦးနိုင်၏ လက်ဝယ်၌ ကျန်ရစ်ခဲ့သော်လည်း ယခုအခါ လင်မယားကွာရှင်းပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှုကို တရားရုံးတော်၌စွဲဆိုရန် ကျွန်ုပ်အမှုသည်က စီစဉ်ဆောင်ရွက်လျက်ရှိနေပါသည်။ ထိုသို့ဆောင်ရွက်နေစဉ်အတွင်း အထက်ဖော်ပြပါတိုက်ခန်းအား ကျွန်ုပ်အမှုသည်၏ သဘောတူညီခွင့်ပြုချက်မရဘဲ လွှဲပြောင်းရောင်းချခြင်းအပါအဝင် အခြားမည်သည့်နည်းနှင့်မျှ လွှဲပြောင်းခြင်းမပြုရန် ဦးသန်းဦးနိုင်နှင့် အများသိစေရန် ကန့်ကွက်ကြေညာအပ်ပါသည်။

ဒေါ်မူထိုက်ထိုက်စံ၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| လွှဲအပ်ညွှန်ကြားသူ | ဦးသွင်အောင် LL.B | ဒေါ်နွယ်နီဝင်း LL.B |
| ဒေါ်မူထိုက်ထိုက်စံ | တရားလွှတ်တော်ရှေ့နေ(စဉ်-၃၈၅၈) | တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၁၉) |

အမှတ်၁၄၁၊ တပင်ရွှေထီးလမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့

[illegible] Yangon Concrete Company Limited [illegible] "VG Concrete" [illegible] "Y Concrete" [illegible] Yangon Concrete Company Limited [illegible]




[illegible]

မြန်မာ့အလင်း

27th SEA GAMES MYANMAR 2013 NAY PYI TAW

<၂၇>ကြိမ်မြောက်
အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ
အထူးကဏ္ဍ

27th Sea Games Special

2013, December 23, Monday



# (၂၇) ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပပြီးစီး



ဓာတ်ပုံ - သူရ(တောင်ငူ)



ဓာတ်ပုံ - ကိုကိုစိုးညွန့်



ဓာတ်ပုံ - ကိုကိုစိုးညွန့်



ဓာတ်ပုံ - သူရ(တောင်ငူ)



ဓာတ်ပုံ - သူရ(တောင်ငူ)

# ပိုက်ကျော်ခြင်းနှစ်ယောက်တွဲ မြန်မာတို့ရွှေတံဆိပ်ရယူ




အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်း ဗိုလ်လုပွဲတွင် လာအိုအသင်းကို အနိုင်ရပြီး အောင်ပွဲခံနေသော မြန်မာအသင်း။ ဓာတ်ပုံ - MPC

**နေပြည်တော် ဒီဇင်ဘာ ၂၂**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)ကို ဒီဇင်ဘာ ၂၂ ရက်က နောက်ဆုံးနေ့အဖြစ်ကျင်းပခဲ့ရာ ပိုက်ကျော်ခြင်း ဗိုလ်လုပွဲစဉ်များအဖြစ် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပခဲ့သည်။

အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲအဖြစ် အိမ်ရှင်မြန်မာနှင့် ဗီယက်နမ်အမျိုးသမီးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ အိမ်ရှင်မြန်မာအသင်းက အနိုင်ရပြီး ပထမဆုရွှေတံဆိပ်ဆုဆွတ်ခူးရရှိသွားခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် အကြိုဗိုလ်လုပွဲတွင် လာအိုအမျိုးသမီးအသင်းကို နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပိုက်ကျော်ခြင်း အသင်းလိုက် သုံးယောက်တွဲတွင် ရွှေတံဆိပ်ဆုရပြီး နှစ်ယောက်တွဲ အသင်းလိုက်တွင် ငွေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသား ပိုက်ကျော်ခြင်းနှစ်ယောက်တွဲပြိုင်ပွဲဗိုလ်လုပွဲကို ညနေပိုင်းတွင် ဆက်လက်ကျင်းပခဲ့သည်။ ဗိုလ်လုပွဲတွင် အိမ်ရှင်အမျိုးသား ပိုက်ကျော်ခြင်းအဖွဲ့နှင့် လာအိုအမျိုးသား ပိုက်ကျော်ခြင်းအဖွဲ့တို့ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာပိုက်ကျော်ခြင်းအဖွဲ့က အနိုင်ရပြီး ရွှေတံဆိပ်ဆွတ်ခူးသွားခဲ့သည်။ မြန်မာအမျိုးသားပိုက်ကျော်ခြင်းအဖွဲ့သည် ပြိုင်ပွဲမစတင်မီက ရွှေတံဆိပ်ရအောင် ကစားမည်ဟု မျှော်မှန်းထားခဲ့သည်။

ယခုဆီးဂိမ်းတွင် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့အနေဖြင့် ပိုက်ကျော်ခြင်းသုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲ၊ နှစ်ယောက်တွဲအသင်းလိုက်နှင့် နှစ်ယောက်တွဲပြိုင်ပွဲများပါဝင်ကစားခဲ့သည်။

**သတင်း - မောင်ရွှေရိုး**




အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်း ဗိုလ်လုပွဲတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ - MPC

# မြန်မာ့ဆီးဂိမ်းတွင် စံချိန်သစ်များတင်

(၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲကား ဒီဇင်ဘာ ၂၂ ရက်တွင် ပိတ်ပွဲအခမ်းအနားကျင်းပပြီးအောင်မြင်စွာ ပြီးဆုံးခဲ့ပြီဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အားကစားသမားများနှင့် နည်းပြအုပ်ချုပ်သူများအပါအဝင် စုစုပေါင်း ၉၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ပြိုင်ပွဲဝင် အားကစားသမားမောင်မယ်များ၏ အားကြိုးမာန်တက်ကြိုးစားယှဉ်ပြိုင်ခဲ့မှုကြောင့် အားကစားနည်းအများအပြားတွင် စံချိန်သစ်များတင်နိုင်ခဲ့ကြသည်မှာ ဂုဏ်ယူစရာပင် ဖြစ်သည်။

ယခုဆီးဂိမ်းပြိုင်ပွဲ၌ အားကစားနည်းအလိုက် ဆီးဂိမ်းစံချိန်သစ်စုစုပေါင်း ၃၀ တင်နိုင်ခဲ့ပြီး Meet Record (၁၄)ကြိမ်တင်နိုင်ခဲ့သည်။ ဆီးဂိမ်းစံချိန်သစ် ၃၀ တွင် ပြေးခုန်ပစ်မှ စံချိန်သစ် ၁၃ ခုတင်နိုင်ခဲ့ပြီး အလေးမ အားကစားပြိုင်ပွဲများမှ စံချိန်သစ် ၁၇ ခုတင်နိုင်ခဲ့သည်။

Meet Record အဖြစ် ရေကူး အားကစားနည်း ၁၄ မျိုးတွင် စံချိန်များတင်နိုင်ခဲ့သည်။ ထိုင်းနိုင်ငံမှ အားကစားမောင်မယ်များက အားကစားနည်းအလိုက် စံချိန်သစ် ၁၈ ခုတင်နိုင်ခဲ့ပြီး ဗီယက်နမ်မှ အားကစားသမားများက စံချိန်သစ် လေးခု တင်နိုင်ခဲ့သည်။

အင်ဒိုနီးရှားကစားသမားများက စံချိန်သစ်ငါးခုတင်နိုင်ခဲ့သည်။ စင်ကာပူနိုင်ငံက Meet Record (၁၁)ကြိမ်ရှိခဲ့ပြီး ဗီယက်နမ်ကစားသမားများက Meet Record (၂)ကြိမ်ရှိခဲ့သည်။ ထို့အတူ အင်ဒိုနီးရှားကစားသမားများက Meet Record တစ်ကြိမ်ရှိခဲ့သည်။

ဗီယက်နမ်မှ အလေးမကစားသမား Tuan Thach Kim က ၅၆ ကီလိုတန်းတွင် ၁၂၉ ကီလိုမပြီး စံချိန်သစ်တင်နိုင်ခဲ့သည်။ ၎င်းသည် (၂၆) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ၁၂၈ ကီလိုမနိုင်ခဲ့သည့် စံချိန်ကို ထပ်မံချိုးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ထိုင်းနိုင်ငံမှ အလေးမကစားသမား Pitaya Tibnoke သည်လည်း ၈၅ ကီလိုတန်း ၃၄၁ ကီလိုမနိုင်ခဲ့ရာ ယခင်က ၎င်းကိုယ်တိုင် တင်ထားခဲ့သည့် ၃၃၈ ကီလိုထက် ပိုမိုမ နိုင်ခဲ့ခြင်းဖြစ်သည်။ တစ်ဖန် ထိုင်းနိုင်ငံမှ အလေးမမယ် Pimsiri Sirikaen က ၆၃ကီလိုတန်းတွင် ၁၃၂ ကီလိုမနိုင်ခဲ့ရာ သူမကိုယ်တိုင်တင်ထားခဲ့သော ၁၃၁ ကီလိုထက် ပိုမိုမနိုင်ခဲ့ပြီး စံချိန်သစ်တင်နိုင်ခဲ့သည်။

ထို့အပြင် စင်ကာပူအပြေးမယ် Shanti Pereira သည် အမျိုးသမီး မီတာ ၁၀၀ ကို ၂၄ ဒသမ ၁၂ စက္ကန့်ဖြင့် ပြေးနိုင်ခဲ့ရာ အသက် ၁၇ နှစ် အရွယ်အပြေးမယ် Shanti Pereira ၏ စံချိန်သည် စံချိန်ကောင်းတစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး စင်ကာပူနိုင်ငံ၏ အကောင်းဆုံးစံချိန်ပင် ဖြစ်သည်။




**သတင်း-ဝေယံဦး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**